# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၃ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၇)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

# ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် စနစ်တကျဆောင်ရွက်

# သယံဇာတများ ထိခိုက်မှုမရှိအောင် ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာ




ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၆**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးမှာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှုဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ်(၁၁၃/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၁၉ ဦး ပါဝင်ကာ လုပ်ငန်းတာဝန် ၁၀ ရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီခြောက်ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ကော်မတီများနှင့် ခရိုင်အဆင့်ကော်မတီများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

**ဆင်သေ-ပင်လောင်း ရထားလမ်းဖောက်လုပ်ရာ၌ နစ်နာသောတောင်သူများ လျော်ကြေးငွေ ရရှိရေး ဆောင်ရွက်ပေးမည်**

*ပြည်သူ့လွှတ်တော်* စာ » ၆

**ရေထွက်ပစ္စည်းများ ဆော်ဒီအာရေဗျသို့ ဆက်လက်တင်ပို့ရေးအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များအား လုပ်ငန်းရှင်များလိုက်နာနိုင်ရေး ကူညီပေးမည်**

*အမျိုးသားလွှတ်တော်* စာ » ၇

# သစ်တောများ တည်ထောင်ခြင်းလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ သစ်တောများ တည်ထောင်ခြင်း စီမံကိန်းအား ၂၀၁၇-၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကို ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ လုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဓမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ ဧက ၅၇၂၂၀၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်းလုပ်ငန်းမှ ဧက ၄၁၀၀၀၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ဟန့်တားပိတ်ဆို့ နိုင်စွမ်းမရှိသည့် 

# ဟန်ချက်ညီထိန်းညှိပိုင်ခွင့်မရှိသည့် လုပ်ပိုင်ခွင့်တို့၏ အန္တရာယ်

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ရန်ခွင့်ပြု၊ မပြု ကိစ္စကို ဆုံးဖြတ်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) က ရှေ့လာမည့်လတွင် တံခါးပိတ်ဆွေးနွေးပွဲပြုလုပ်မည်ဟု သိရှိရပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ၏ ရှေ့နေချုပ် ဖာတူးဘင်ဆူဒါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၌ တရားသူကြီးသုံးဦး ရှေ့မှောက်ထံ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ထွက်ဆိုမည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံသည် ရောမပဋိညာဉ် (Rome Statute) ၌ ပါဝင်လက်မှတ်ရေးထိုး မထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သောကြောင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးသည် မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးခွင့် မရှိပါ။

ဘူရွန်ဒီနိုင်ငံအခြေအနေနှင့် ရခိုင်ပြည်နယ်၏ အခြေအနေတို့ကို နှိုင်းယှဉ်သုံးသပ်ပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) က မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးခွင့်မရှိဟူသော အချက်မှာ ပိုမိုပေါ်လွင်ထင်ရှားမည်ဖြစ်ပါသည်။ ဘူရွန်ဒီနိုင်ငံသည် ၁၉၆၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်ကာလအတွင်း လူမျိုးတုံးသတ်ဖြတ်မှု နှစ်ကြိမ်ကြုံတွေ့ခဲ့ရပြီး အပြစ်မဲ့ပြည်သူနှစ်သိန်းခွဲခန့်သေဆုံးခဲ့ရပါသည်။ ဤဘူရွန်ဒီနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် နုတ်ထွက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) က ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဘူရွန်ဒီနိုင်ငံ၏အဖွဲ့ဝင် ဖြစ်စဉ်ကာလအတွင်း ဖြစ်ပွားခဲ့သောကိစ္စရပ်များအပေါ် စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဤသည်မှာ ဘူရွန်ဒီနိုင်ငံ၏ အဖွဲ့ဝင်မဟုတ်သော ကာလအတွက် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံး (ICC) ၌ စုံစမ်းစစ်ဆေးခွင့်မရှိဟူသော အချက်ကို ထပ်မံအတည်ပြုလိုက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးရေးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ရှေ့နေချုပ် ဖာတူးဘင်ဆူဒါက ဦးဆောင်ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ ဤနေရာ၌ ရှေ့နေချုပ် ဖာတူးဘင်ဆူဒါ၏ အခန်းကဏ္ဍကို မေးခွန်းထုတ်စရာရှိပါသည်။ နိုင်ငံတကာဆက်ဆံရေး မျက်နှာစာတွင် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၌စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ကြိုးပမ်းမှုများရှိလာပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ရှေ့နေချုပ်နှင့် တရားသူကြီးတို့၏ လုပ်ပိုင်ခွင့်ကို ဟန်ချက်ညီ ဘောင်မကျော်စေရန် ထိန်းညှိပေးနိုင်သည့် လုပ်ငန်းယန္တရားများမရှိဟု ဝေဖန်ကြပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်တိုင်က အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးတွင် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စုံစမ်းစစ်ဆေးရန် ကြိုးပမ်းမှုများရှိပါက ဤခုံရုံး၏ ရှေ့နေချုပ်နှင့် တရားသူကြီးတို့၏ လုပ်ပိုင်ခွင့်အပေါ် ထိန်းညှိနိုင်သော လုပ်ငန်းယန္တရားများမရှိဟု ခံယူထားပါသည်။ အမေရိကန်နိုင်ငံ၌ ၎င်း၏ ဝန်ထမ်းများ ကာကွယ်ရေးဥပဒေ **(The American Service-Members' Protection Act-ASPA)** ရှိပါသည်။ ဤဥပဒေအရ အမေရိကန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ဖမ်းဆီးထားသော (သို့မဟုတ်) ထိန်းသိမ်းထားသော မိမိနိုင်ငံသားများနှင့် မဟာမိတ်နိုင်ငံသားတို့၏ လွတ်မြောက်ရေးအတွက် စစ်ရေးအပါအဝင် နည်းလမ်းပေါင်းစုံကျင့်သုံး ဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။ သို့ဖြစ်ပါ၍ တရားမျှတမှုရှိသော နိုင်ငံတကာဆက်ဆံရေးစနစ်တစ်ရပ် သက်ဝင်တည်တံ့ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး **(ICC)**၏ လုပ်ငန်းယန္တရား၌ တစ်စုံတစ်ရာ အာမခံချက်မရှိသည်မှာ ပေါ်လွင်ထင်ရှားကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်

**နေပြည်တော် မေ ၁၆**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ သာယာဝတီမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ ပဲခူးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၁ ဒသမ ၂၉ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၁၇ လက်မ၊ ကသာမြို့တွင် ၀ ဒသမ ၇၈ လက်မ၊ ပဲခူးမြို့တွင် ၀ ဒသမ ၆၆ လက်မ၊ ညောင်လေးပင်မြို့နှင့်ကော့ကရိတ်မြို့တို့တွင် ၀ ဒသမ ၅၁ လက်မစီနှင့် ဖျာပုံမြို့တွင် ၀ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးသောင်းကြိုင်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရိုမေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက Mr. Basil Vasilica Constantinescu အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရိုမေးနီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mr. Basil Vasilica Constantinescu ကို ၁၉၆၉ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံ၊ တာကိုဗစ်စတီးမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၊ ဘူခါရက်စ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံရှိ ရိုမေးနီးယားသံရုံး၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံးနှင့် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံးတို့၌ ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ရိုမေးနီးယားနိုင်ငံ၊ ဘူခါရက်စ်တက္ကသိုလ်နှင့် သံတမန်ကျောင်းတို့တွင် ညှိ့ပါမောက္ခအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ Mr. Basil Vasilica Constantinescu သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှစ၍ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ရိုမေးနီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် ထိုင်း၊ အင်ဒိုနီးရှား၊ ပြင်သစ်နှင့် တရုတ်ဘာသာစကားများ တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦး ဖြစ်ပြီး သမီးနှစ်ဦးရှိသည်။

**သတင်းစဉ်**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အတွဲ(၁၅) အမှတ်(၇) မှစ၍ အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ထုတ်ဝေလျက်ရှိရာ မေ ၁၅ ရက် ထုတ်အတွဲ (၁၅)၊ အမှတ်(၁၀)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် နိုင်ငံတကာ၊ မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့်ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ချောင်းဆုံမြို့နယ် တော်ပကောက်ကွင်း၌ ကဏန်းမွေးမြူရေးလုပ်ငန်းစတင်

**မော်လမြိုင် မေ ၁၆**

ချောင်းဆုံမြို့နယ် ခရိုက်နီဟုကျေးရွာအုပ်စု တော်ပကောက်ကွင်းမှ မြေဧက ၂၀၀ ကျော်တွင် ကဏန်းမွေးမြူရေးလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဘီလူးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီထံမှ သိရသည်။

"ဘီလူးကျွန်းဒေသမှ ကဏန်းမွေးမြူရေးလုပ်ငန်းကို အရင်းအနှီးနဲ့ နည်းပညာကို မလေးရှားနိုင်ငံ စီလီဘုကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး မြေနေရာကို မွန်ပြည်နယ်အစိုးရက ပေးပါတယ်၊ ပြည်ပနဲ့ဖက်စပ်လုပ်ငန်းဖြစ်တဲ့အတွက် ဒေသခံတွေ စိတ်ဝင်စားရင် နောက်နှစ်တွေမှာ တိုးချဲ့လုပ်ကိုင်သွားဖို့ စီစဉ်ထားပါတယ်" ဟု ဦးတင်ထွဋ်က ပြောသည်။

"ကျွန်တော်တို့ ဒေသခံတွေကတော့ ဒီကဏန်းမွေးမြူရေးလုပ်ငန်းကို စောင့်ကြည့်နေတယ်၊ လုပ်ငန်းအောင်မြင်တာတွေ့ရင် ကျွန်တော်တို့ လယ်လုပ်ငန်းက အမြတ်အစွန်းနည်းလို့ လုပ်ငန်းပြောင်းပြီး လုပ်ကိုင်မှာပါ" ဟု ခရိုက်နီဟုကျေးရွာမှ ဦးသန်းထိုက်က ပြောသည်။

**မုဒုံမောင်မောင်**

## ကျွဲနွားများကို နည်းပညာအရ မှတ်ပုံတင်ကာ အာမခံထားနိုင်မည်

**ရန်ကုန် မေ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အာမခံလုပ်ငန်းနှင့် စင်ကာပူနိုင်ငံအခြေစိုက် Fin-Tech ကုမ္ပဏီတစ်ခုဖြစ်သော Info Corp Technologies ES နှင့် RGK+Z&A Group တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ရွေးချယ်ထားသောဒေသများ၌ နည်းပညာအသုံးပြုကာ ရှေ့ပြေးစမ်းသပ်စီမံကိန်းအဖြစ် နည်းပညာအရ ကျွဲ၊ နွားများကို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦး၊ Info Corp Technologies တည်ထောင်သူနှင့် CEO Mr.Roy Lai၊ RGK+ Z&A Group ဥက္ကဋ္ဌ ဦးဇေယျာမွန်တို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာ့အာမခံရုံးချုပ်၌ အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးကြသည်။

"ဒီစီမံကိန်းဟာ ကျေးလက်လူထုတွေ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းအသုံးပြုလာနိုင်အောင် လုပ်ဆောင်ပေးမှာဖြစ်လို့ ကျေးလက်လူနေမှုဘဝတိုးတက်လာတော့မှာဖြစ်ပါတယ်" ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပြောသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိကျေးလက်ဒေသများတွင် ကျွဲ၊ နွားများကို အဆိုပါ နည်းပညာဖြင့် ရှေ့ပြေးစမ်းသပ်အဖြစ်မှတ်ပုံတင်ရန် စီစဉ်လျက်ရှိသည်။ ၎င်းနည်းပညာအရမှတ်ပုံတင်ထားသော ကျွဲ၊ နွားများကို မြန်မာ့အာမခံတွင် အာမခံထားရှိနိုင်မည်။ အာမခံထားရှိနိုင်မှုကြောင့် လယ်သမားများအနေဖြင့် ကျွဲ၊ နွားများကို အပေါင်ထားကာ ငွေချေးနိုင်မည့် အခွင့်အလမ်းလည်းရှိလာမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့အကြား MoU အသစ် ပြန်လည်လက်မှတ်ရေးထိုးရေး ဆွေးနွေး

**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် BBC Media Action မှ Mr.Ed Pauker နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့အကြား MoU အသစ် ပြန်လည်လက်မှတ်ရေးထိုးရေး၊ Joint Peace Fund Programme အား မှတ်တမ်းရုပ်သံ နှစ်ခုနှင့် ဆွေးနွေးခန်း တစ်ခုစီပါဝင်သည့် အစီအစဉ်တွဲများအဖြစ် ရိုက်ကူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ARD German မှ ရုပ်သံသတင်းထောက်က တွေ့ဆုံမေးမြန်း

**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဂျာမနီနိုင်ငံ အခြေစိုက် ARD German Radio & TV မှ အရှေ့တောင်အာရှ၊ သြစတြေးလျနှင့် နယူးဇီလန် ဒေသများဆိုင်ရာ ဗျူရိုအကြီးအကဲ Ms. Sandra Ratzow က ယနေ့ နံနက် ၁၀ နာရီတွင် ဒုတိယဝန်ကြီး၏ ရုံးခန်းသို့ လာရောက်ပြီး



နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် တိုးတက်မှုအခြေအနေနှင့် မကြာသေးမီက လာရောက်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့သည်။ **(ဝဲပုံ)**

ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားရာတွင် မိမိတို့အနေဖြင့် ပြန်လည်လက်ခံရေးအတွက် စနစ်တကျဖြင့် အစွမ်းကုန်ကြိုးစားပြင်ဆင် ထားရှိခဲ့ပါကြောင်း၊ သို့သော် နေရပ်စွန့်ခွာသွားသူများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ စေလွှတ်နိုင်ခြင်း မရှိသေးသည့်အတွက် လာရောက်နိုင်ခြင်း မရှိသေးပါကြောင်း၊ ပြန်လည်လက်ခံရေး အစီအစဉ်အပေါ် မည်သူကမျှ နိုင်ငံရေး အကျိုးအမြတ် မထုတ်သင့်ပါကြောင်း၊ မကြာမီ မိုးရာသီရောက်ရှိလာတော့မည် ဖြစ်သဖြင့် ပြန်လည်လက်ခံရေးအစီအစဉ် အမြန်ဆုံး ချောမောအောင်မြင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် နိုင်ငံတကာမီဒီယာများ အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

အလားတူပင် မြန်မာ့ဒီမိုကရေစီ အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့ရေးအတွက်လည်း နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မီဒီယာများ၏ ကူညီဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ အချို့သော နိုင်ငံတကာ မီဒီယာများသည် မိမိတို့နိုင်ငံနှင့် ပတ်သက်၍ ဘက်လိုက်ရေးသားမှုများ၊ ချဲ့ကားရေးသားမှုများ၊ လိုရာဆွဲ ရေးသားမှုများရှိပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတစ်ခုခုအပေါ် အရေးကြီးသည့် မူဝါဒများချမှတ်ရာတွင် မီဒီယာများ၏ ရေးသားဖော်ပြချက်များကို အခြေခံလေ့ရှိသဖြင့် မိမိတို့အပေါ် ဆိုးကျိုးများ ဖြစ်ပေါ်စေပါကြောင်း၊ မီဒီယာများကို မောင်တောဒေသ၏ မြေပြင်ပကတိအခြေအနေကို ကိုယ်တိုင်သွားရောက်လေ့လာ ရေးသားနိုင်ရန် ခရီးစဉ်များ တတ်အားသမျှ စီစဉ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ARD German Radio & TV ကို ၁၉၅၀ ပြည့်နှစ်တွင် ထူထောင်ခဲ့ပြီး ဝန်ထမ်းအင်အား ၂၂၀၀၀ ကျော်ဖြင့် လည်ပတ်နေသည့် ကမ္ဘာ့ဒုတိယအကြီးဆုံး အများပိုင် အသံလွှင့်ဌာနကြီးဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်းမှ ဧက ၁၃၇၁၀ စိုက်ပျိုးပြီးဖြစ်သည်။

နိုင်ငံပိုင် သစ်တောစိုက်ခင်းအနေဖြင့် ၂၆၄၉၅ ဧကတွင် (က)စီးပွားဖြစ်စိုက်ခင်းမှ ဧက ၁၄၉၇၀၊ (ခ)ရေဝေရေလဲစိုက်ခင်းမှ ဧက ၂၉၀၀၊ (ဂ) ဒီရေတော စိုက်ခင်းမှ ဧက ၃၀၈၀၊ (ဃ)ကျေးရွာထင်းစိုက်ခင်းမှ ၄၀၉၅ ဧက၊ (င) ချစ်ကြည်ရေး စိုက်ခင်းမှ ဧက ၁၀၀ ၊ (စ) အခြားစိမ်းလန်းစိုပြည်ရေးစိုက်ခင်းမှ ဧက ၃၅၀၊ (ဆ) တောင်တန်းစိုက်ခင်းမှ ဧက ၁၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းအနေဖြင့် ၁၆၂၁၉ ဧက စိုက်ပျိုးပြီးဖြစ်ရာ ကျွန်း ၄၇၁၁ ဧက၊ သစ်မာ ၉၅၁၇ ဧက၊ ဆီအုန်း ၁၉၉၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းမှ ၇၂၇၇၇ ဧက၊ သီးနှံ သစ်တောရောနှော စိုက်ပျိုးခြင်းမှ ၁၈၃၁ ဧက၊ စီးပွားရေး စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းမှ ၉၉၃၄ ဧက၊ လူထုဖြန့်ပျိုးပင် ဖြန့်ဝေစိုက်ပျိုးခြင်းမှ သစ်ပင်ပေါင်း ၉၈၁၈၆၂၈ ပင်၊ ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းမှ ၄၇၀၅ ဧက၊ ပင်ကျပ်နုတ်ခြင်းမှ ဧက ၂၈၀၄၀ ၊ သစ်မျိုးသန့်ဥယျာဉ်နှင့် သစ်စေ့ထုတ်ဧရိယာ တည်ထောင်ခြင်းလုပ်ငန်းမှ ၈၄၁ ဧက၊ သစ်စေ့နှင့် ပျိုးပင်ဌာနတည်ထောင်ခြင်းမှ ရှစ်ခု၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်းမှ ၈၇၆ ၊ ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှ ရေကန်ငယ် တူးဖော်ခြင်း ၂၁ ကန်၊ နှန်းတားဆည် တည်ဆောက်ခြင်း ၁၂၇ ခု၊ မြေအောက်ရေ(အဝီစိ) တူးဖော်ခြင်းငါးတွင်း၊ မိုးရေစုကန် တည်ဆောက်ခြင်း သုံးကန်၊ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းမှ သစ်ပင် ၅၈၃၉၂ ပင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့ဗဟိုပြု စိုက်ပျိုးခြင်းမှ သစ်ပင်ပေါင်း ၂၃၀၀၀ နှင့် သင်တန်းပို့ချခြင်းများကို လူပေါင်း ၄၁၄၀ ကို သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိမ်း(ဥပဒေ)**

# သူနာပြုနှင့် သားဖွားဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုနှင့်သားဖွား သင်တန်းကျောင်း (နေပြည်တော်)၏ အပတ်စဉ် ၃ သူနာပြုနှင့် သားဖွား ဒီပလိုမာသုံးနှစ်၊ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက်က သူနာပြုသင်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ တင်ထွန်းနှင့် ညွှန်ကြားရေးမှူး သူနာပြု ဒေါ်ဌေးဌေးလှိုင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ပေးအပ်**

ထို့နောက် သူနာပြုနှင့် သားဖွား ဒီပလိုမာပထမနှစ် သင်တန်းသူ ၆၀ အား ဦးဆောင်း အပ်နှင်းခြင်းနှင့် သင်တန်းသားလေးဦးအား ဂျူတီကုတ် အပ်နှင်းခြင်းတို့ကို ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းလင်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

✻ ရှေ့ဖုံးမှ

ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃) ကြိမ်တွင် အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၂၃ ချက် ချမှတ်ခဲ့ကာ ဆောင်ရွက်ပြီးစီးမှု ရှစ်ချက်ရှိပြီး ဆောင်ရွက်ဆဲ ၁၅ ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများထဲမှ အချိန်တိုတိုနှင့် ပြီးမြောက်ရမည့်လုပ်ငန်းများကို နောက်လာမည့် အစည်းအဝေး မတိုင်မီ ပြီးမြောက်အောင်နှင့် ရေရှည်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကို အချိန်ကာလသတ်မှတ်ပြီး ပြီးစီးအောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသသည် ၂၈၃၂ ကီလိုမီတာခန့်ရှည်လျားကာ ကမ်းဦးရေတိမ်ပိုင်း ရေပြင်အကျယ်အဝန်းမှာ ၂၃၀၀၀၀ sqkm ခန့် ကျယ်ဝန်းပြီး ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်း၊ လတာပြင်၊ မြစ်ဝနှင့် သဲသောင်ကမ်းခြေ ဂေဟစနစ်များ တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဂေဟစနစ်များသည် ကမ်းရိုးတန်းဒေသစနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်နိုင်ရန်အတွက် ကိုယ်စီကိုယ်င လုပ်ငန်းများ ဆောင်ရွက်နေကြပါကြောင်း၊ သီးခြားစနစ်တစ်ခုထိခိုက်ပျက်စီးသည်နှင့် စနစ်ကြီးတစ်ခုလုံးအပေါ်တွင် အကျိုးသက်ရောက်နိုင်ပါကြောင်း၊ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန်အတွက် လုပ်ငန်းမဆောင်ရွက်ခင်ကတည်းက ကမ်းရိုးတန်းဂေဟစနစ်များအပေါ် ထိခိုက်နိုင်မှုဆန်းစစ်ခြင်းနှင့် ဆန်းစစ်ရရှိမှုအပေါ် အခြေခံပြီး စနစ်တကျ ဘက်စုံစီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ၎င်းအပြင် ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ထိခိုက်မှုမရှိအောင် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ၊ ဒေသခံများနှင့် ပူးပေါင်းကာ ဂေဟစနစ်များ မပျက်စီးရေး၊ ပင်လယ်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားစေလိုပါကြောင်း။

**စနစ်တစ်ရပ် တည်ထောင်**

ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို အကျိုးရှိထိရောက်စွာနှင့် ရေရှည်အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် "ပေါင်းစည်းဆောင်ရွက်ခြင်းကြောင့် ရရှိလာသည့် စွမ်းအား" နှင့် အတူ မိမိတို့နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို လက်ရှိနိုင်ငံသားတို့အတွက်သာမက နောင်သားစဉ်မြေးဆက်အတွက်ပါ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်မည့် စနစ်တစ်ရပ်ကို မိမိတို့ တည်ထောင်ထားခဲ့နိုင်အောင် လုပ်ဆောင်ခြင်းလည်း ဖြစ်ပါကြောင်း။

**များစွာအထောက်အကူပြု**

မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်နှစ်ခုတွင်ရှိသော ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ခန့် နေထိုင်လျက်ရှိပြီး တစ်နည်းမဟုတ်တစ်နည်း ပင်လယ်ကမ်းရိုးတန်းဒေသ ဂေဟစနစ်များက ရရှိသည့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပေါ်တွင် မှီခိုရှင်သန် ရပ်တည်နေကြရပါကြောင်း၊ ကမ်းရိုးတန်းသယံဇာတများကို ရေရှည်တည်တံ့စေသော စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ စနစ်တကျမရှိပါက သယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် အရေးပါသည့် ဂေဟစနစ်များ အတိုင်းအတာတစ်ခုအထိ ပျက်စီးယိုယွင်းလာနိုင်ပြီး ထိုဂေဟစနစ်များက ရရှိနေသော ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ လျော့နည်းကျဆင်းသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်များသည် လူတို့၏ နေ့စဉ်စားဝတ်နေရေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးတို့အတွက် သဘာဝအလျောက် တည်ရှိနေသော အခြေခံအဆောက်အအုံများ ဖြစ်ကြပါကြောင်း၊ ထိုအခြေခံ အဆောက်အအုံများကို လူတို့က တန်ဖိုးထားထိန်းသိမ်းကာကွယ်လျှင် ၎င်းတို့ထံမှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပိုမိုရရှိနိုင်ပြီး ကမ်းရိုးတန်းဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့ကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

၁၉၈၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (World Charter for Nature) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြေညာစာတမ်းတွင် **"မိခင်သဘာဝကို လေးစားပါ၊ ကမ္ဘာပေါ်မှာ အပင်နှင့် တိရစ္ဆာန်တို့ မျိုးရိုးဗီဇစုံလင်စွာ တည်ရှိမှုကို ထိခိုက်ပျက်စီးမှုမရှိစေရန် ဆောင်ရွက်ပါ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပါ၊ သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးပါ၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရန် ဆောင်ရွက်ပါ"** စသည့် တိုက်တွန်းချက်များကို တွေ့ရသည့်အတွက် လွန်ခဲ့သော ၃၅ နှစ်ခန့်ကစပြီး သဘာဝဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန် နိုးကြားသည့် အသိရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**အတူတူလက်တွဲ**

ပင်လယ်ကမ်းရိုးတန်း ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် **"ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်သည့်အုပ်စု"** နှင့် **"ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအုပ်စု"**တို့အကြား အငြင်းပွားစရာများလည်း ရှိနေပါကြောင်း၊ အမှန်တကယ်တွင် **"ဖွံ့ဖြိုးရေး"**နှင့် **"ထိန်းသိမ်းရေး"** တို့သည် လူသားများအတွက် နှစ်မျိုးလုံး လိုအပ်နေသောကြောင့် တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ဘက်သွားကြမည့်အစား အချင်းချင်း ညှိနှိုင်းပြီး အတူတူလက်တွဲ ဆောင်ရွက်ကြမည်ဆိုပါက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင်သုံးရပ်စလုံးကို အလေးထားသည့် **"ဖွံ့ဖြိုးရေးပန်းတိုင်"**ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကော်မတီများအနေဖြင့် ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ ဖွံ့ဖြိုးလာစေရန်အတွက် အခြေခံ အဆောက်အအုံများ တည်ဆောက်သည့်အခါတွင် **"ဆွေးနွေးညှိနှိုင်းရေးနည်း"**ဖြင့် ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝအရင်းအမြစ်သည် အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် လူသားအရင်းအမြစ်၊ ကုန်ထုတ်လုပ်မှု အရင်းအမြစ်၊ လူမှုရေး အရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်တို့သည် သဘာဝအရင်းအမြစ်အပေါ်တွင် မှီတည်ပြီး ဖွံ့ဖြိုးတိုးတက်ကြပါကြောင်း၊ ကမ်းရိုးတန်းသယံဇာတများသည် မိမိတို့နိုင်ငံအတွက်အရေးပါသည့် သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည့်အတွက် ထိုသယံဇာတများ ပျက်စီးယိုယွင်းမှုမရှိစေရေးကို အခြေခံစဉ်းစားပြီး အချင်းချင်းညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

ထိုသို့ဆောင်ရွက်ခြင်းသည် ပင်လယ်ကမ်းရိုးတန်းဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံက ကတိကဝတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များဖြစ်သော ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၊ ပဲရစ်သဘောတူညီချက်နှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတများနှင့်ဆိုင်သည့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရာရောက်မည် ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးနိုင်ရေး ပြောကြားသည်။

ထို့နောက် Marine Spatial Planning ဆိုင်ရာ အသိပညာပေး ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**အခက်အခဲများ ရှင်းလင်း**

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက တတိယအကြိမ်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒေါက်တာအောင်သူ၊ တွဲဖက်အတွင်းရေးမှူး(၂) ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ဒေါက်တာခင်ဇော်၊ ဦးဝင်းခန့်နှင့် ဦးတင်မောင်ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ် နိုင်မင်းကျော်တို့က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ တရားမဝင် ငါးဖမ်းခြင်းနှင့် စည်းကမ်းမဲ့ ငါးဖမ်းရေယာဉ်များအား စစ်ဆေးအရေးယူမှုအခြေအနေ၊ ဒီရေတောများ ပြုစုထိန်းသိမ်းစောင့်ရှောက်နေမှုအခြေအနေ၊ ဒီရေတောစိုက်ခင်းများ တည်ထောင်နေမှု အခြေအနေ၊ တည်ထောင်ခွင့်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

# လယ်ယာမြေများ ရေငန်စိမ့်ဝင်မှုကြောင့် စိုက်ပျိုးမြေများ ပျက်စီးလာနေမှု ဆုံးရှုံးနိုင်ခြေတို့ကို အသိပညာများပေးရန်လို

**နေပြည်တော် မေ ၁၆**

နည်းပညာများမြင့်မားလာသည်နှင့်အမျှ လေ့လာဖွယ်များလည်း များစွာရှိနေသေးကြောင်း၊ ပြည်ပသို့ သွားရောက်ဆည်းပူးခဲ့သောပညာရပ်များနှင့် မိမိတို့၏ ရင်ဆိုင်တွေ့ကြုံနေရသော အတွေ့အကြုံများအပေါ် အခြေခံပြီး လက်ရှိလိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ပညာရှင်များအပိုင်းမှ ဆန်းသစ်တီထွင် ဖန်တီးကြရန် လိုအပ်ကြောင်း မေ ၁၂ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၁)၊ ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် လာမည့်ဘဏ္ဍာနှစ်များအလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စက်မှု) ဦးဝင်းထွဋ်က ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၃ ရက် နံနက်ပိုင်းတွင် သုံးခွမြို့နယ် တကောရေထိန်းတံခါးသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တကောချောင်းအတွင်း ရေငန်ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆားငန်ရည်ဝင်ရောက်မှု**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် တွေ့ရှိချက်ရလဒ်များကို သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများအား စဉ်ဆက်မပြတ်ဆက်သွယ်အကြောင်းကြားသတင်းပို့ခြင်း၊ မိမိတို့ပညာရှင်များအပိုင်းမှ အမြင်ဖြင့် ရှုထောင့်အမျိုးမျိုးမှ ဖြစ်နိုင်ခြေအားလုံးကို သုံးသပ်ပြီး ရေတိုရေရှည် အကျိုးအပြစ်တို့ကို အကြံပြုတင်ပြပေးကြစေလိုကြောင်း၊ လက်တွေ့ချောင်းမြောင်းများ ကောခြင်း၊ လယ်ယာမြေများရေငန်စိမ့်ဝင်မှုကြောင့် စိုက်ပျိုးမြေများ ပျက်စီးလာနေမှု ဆုံးရှုံးနိုင်ခြေတို့ကို အသိပညာများပေးရန် လိုအပ်ကြောင်း၊ ချောင်းဘေး၊ မြောင်းဘေး ဆားငန်ရည်ဝင်ရောက်မှုမည်မျှရှိသည်ကို တိုင်းတာရန် လိုအပ်ကြောင်း၊ အနာဂတ်အတွက် ကောင်းမွေများသာ ချန်ထားသင့်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောင်းပိတ်တမံနေရာဟောင်းရှိ အကူရေလျှော့ပေါက် တည်ဆောက်မည့်နေရာအား ကြည့်ရှုကြသည်။ ယခုအခါ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရေတံခါးနှင့်



ဆက်စပ်ချောင်းမြောင်းများကို တူးဖော်ပေးခြင်း၊ ရေတံခါးရွက်များ ပြန်လည်ပြုပြင်ပေးခြင်းဖြင့် ရေထုတ်နုတ်နိုင်မှု ပိုမိုကောင်းမွန်လာကာ ရေကြီးနစ်မြုပ်မှုနှင့် ဆားငန်ရေဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်းတို့မှ လျော့နည်းသက်သာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယား ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပမည်

**ရန်ကုန် မေ ၁၆**

ကယားပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက် မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် လွိုင်ကော်မြို့၌ ကယားရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်အတွင်း အဓိကရင်းနှီးမြှုပ်နှံရန် လိုအပ်နေသော ကဏ္ဍများမှာ စိုက်ပျိုးမွေးမြူရေး၊ ခာတ်သတ္တုတူးဖော်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများဖြစ်ကြောင်း၊ ၎င်းကဏ္ဍကြီး သုံးရပ်ကို ဦးစားပေး ဖိတ်ခေါ်သွားရန်ရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ တိုးပွားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် JICA နှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှု ပြပွဲများကို စီစဉ်ကျင်းပခဲ့ရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် မန္တလေး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကြီး၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်တွင် ကရင်ပြည်နယ်တို့၌ ကျင်းပခဲ့သည်။

သို့သော်လည်း ယခုကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များသည် တိုင်းဒေသကြီး အစိုးရများရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီတို့က စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးများအတွင်း ရင်းနှီးမြှုပ်နှံမှုများ လျင်မြန်စွာ တိုးတက်လာရေး အစိုးရပိုင်းနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအကြား တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

✲ *ကျောဖုံးမှ*

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**နစ်နာဆုံးရှုံးမှုရှိသည်ကိုတွေ့ရှိရ**

ဆက်လက်၍ ဒုတိယသမ္မတက မိမိတို့ နိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်မြေနေရာချထားပေးခဲ့ခြင်း၊ တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းတို့အတွက် အကြောင်းအမျိုးမျိုးကြောင့် မြေသိမ်းဆည်းမှုများ ဆောင်ရွက်ခဲ့ရာ၌ လယ်ယာမြေများ ပါဝင်သွားသည့်အတွက် ပြည်သူများ နစ်နာဆုံးရှုံးမှုရှိသည်ကို တွေ့ရှိရပါကြောင်း။

**စိစစ်ဖြေရှင်းဆောင်ရွက်ပေး**

ယခုကဲ့သို့ ဆုံးရှုံးနစ်နာမှုများကို ကုစားနိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်လာသည့် သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များအား ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးနှင့် စပ်လျဉ်းပြီး မူဝါဒများ၊ စိစစ်ရန် အချက်များ၊ လုပ်ငန်းစဉ်များကို ချမှတ်ကာ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သိမ်းဆည်းမြေဆိုင်ရာ တိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ပါဝင်သော သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄)ဖွဲ့ကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းစေပြီး စိစစ်ဆောင်ရွက်နေကြပြီဖြစ်၍ ပြည်သူများ လိုလားတောင့်တနေကြသည့် မြေသိမ်းဆည်းခံရမှု ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာ၌ တိုးတက်မှု အထိုက်အလျောက် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

**သားစဉ်မြေးမြစ်လုပ်ကိုင်သွား**

စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်စေရန် လက်ကားဈေးကွက်များ Contract Farming များ ဒေသအလိုက် ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမား ဦးကြီးများအနေဖြင့် မိမိတို့ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများကို ဈေးကောင်းပေးသည့် တိုင်အောင် မရောင်းချဘဲ သားစဉ်မြေးမြစ် လယ်ယာကို ချစ်ခင်ရင်းနှီး လုပ်ကိုင်သွားကြရင်းဖြင့် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ မြင့်မားလာရန် အခါအခွင့်သင့်သော အချိန်ကောင်းကို ရောက်ရှိလာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု သမိုင်းကိုကြည့်ပါက ကမ္ဘာ့နံပါတ်(၁) ဆန်တင်ပို့သော နိုင်ငံအဖြစ် ရပ်တည်ခဲ့ရာမှ ခေတ်အဆက်ဆက် တဖြည်းဖြည်းလျော့ကျလာခဲ့ပြီး ယခု ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် တင်ပို့နိုင်ခဲ့၍ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှုအဖြစ် ပြန်လည်ရရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၈၀ ဒသမ ၅၃ သန်း ရှိသည့်အနက် ဆန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၁၄၀ ရှိသည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု၏ ၃၇ ရာခိုင်နှုန်း ကျော်ရှိသည်ကို တွေ့ရပါကြောင်း။

**ပြောင်းလဲသတ်မှတ်လုပ်ပိုင်ခွင့်ရ**

ဒေသခံတောင်သူများကို အသိပေးပြောကြားလိုသည်မှာ ယခုကဲ့သို့ စိုက်ပျိုးမှုမရှိသေးသည့် မြေလွတ်၊ မြေရိုင်းများကိုလည်း မြေလွတ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ထံသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထား ဆောင်ရွက်နိုင်ကြပါကြောင်း၊ ယခုကဲ့သို့ လျှောက်ထားပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်လာသည့်အချိန်တွင် လယ်ယာမြေဥပဒေအရ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်လုပ်ပိုင်ခွင့်ရကြမည်ဖြစ်ပါကြောင်း။

**စေတနာထားဆောင်ရွက်ပေး**

မြေယာပြဿနာများသည် ရှုပ်ထွေးနက်နဲ၊ ကျယ်ပြန့်သည့်အတွက် မြေများနှင့်ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းအသီးသီးတွင် ရှိကြသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း စိတ်ရှည်သည်းခံဖြေရှင်း၍ စေတနာထားဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

ယခုကဲ့သို့ ပြန်လည်စွန့်လွှတ်အပ်နှံမြေများကို သက်ဆိုင်ရာတောင်သူများထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံတော်ကိုယ်စား၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကိုယ်စား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ တောင်သူများအနေဖြင့် ရရှိမြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေယာကိစ္စ တိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှုနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံတို့က ကန့်ဘလူခရိုင်နှင့် ဒီပဲယင်းမြို့နယ်၊ ကသာမြို့နယ်၊ တန့်ဆည်မြို့နယ်များမှ တောင်သူများထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ - ၃)များအား တောင်သူကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က ပြန်လည်စွန့်လွှတ်သည့် ကန့်ဘလူခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၃၄၇ ဒသမ ၁၁ ဧက၊ မုံရွာခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၁၈၆ ဒသမ ၁၃ ဧက၊ ကသာခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၆၉၂ ဒသမ ၄၄ ဧကနှင့် ရွှေဘိုခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၉၃၅ ဒသမ ၀၄ ဧက တို့ကို သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြေယာပြန်လည်လုပ်ပိုင်ခွင့်ရရှိသည့် တောင်သူများကိုယ်စား တောင်သူ ဦးတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်မှ ဆက်လက်အသုံးပြုရန်မလိုအပ်သဖြင့် ပြန်လည် စွန့်လွှတ်သည့် မြေရေိယာဧက ၃၂၉ ဧကကို တောင်သူ ၃၂ ဦး၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အမှတ်(၉၂၉) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ပြန်လည်စွန့်လွှတ်မြေရေိယာ ၇၀ ဒသမ ၀၆ ဧကကို တောင်သူ ၂၆ ဦးနှင့် ကသာခရိုင် ကသာမြို့တွင် စစ်ဘက်ရေးရာ လုံခြုံရေးတပ်မှ ပြန်လည်စွန့်လွှတ်သည့် မြေရေိယာဧက ၁ ဒသမ ၉၈ ဧကကို တောင်သူ သုံးဦး စုစုပေါင်းမြေ ဧက ၄၀၁ ဒသမ ၀၄ ဧကကို တောင်သူ ၆၁ ဦးသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၃) များကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် အသုံးပြုရန်မရှိသည့် မြေလွတ်၊ မြေရိုင်းများကို ကန့်ဘလူခရိုင်တွင် ၃၄၇ ဒသမ ၁၁ ဧက၊ မုံရွာခရိုင်တွင် ၁၁၈၆ ဒသမ ၁၃ ဧက၊ ကသာခရိုင်တွင် ၁၆၉၂ ဒသမ ၄၄ ဧကနှင့် ရွှေဘိုခရိုင်တွင် ၁၉၃၅ ဒသမ ၀၄ ဧက စုစုပေါင်း ၅၁၆၀ ဒသမ ၇၂ ဧက ကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန့်ဘလူမြို့၌ စိုက်ပျိုးမြေများအား မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသည့် ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန့်ဘလူမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဒေသခံများအား တွေ့ဆုံအားပေးစဉ်။ သတင်းစဉ်



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တောင်သူတစ်ဦးအား ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်စဉ်။

# ဆင်သေ-ပင်လောင်း ရထားလမ်းဖောက်လုပ်ရာ၌ နစ်နာသောတောင်သူများ လျော်ကြေးငွေရရှိရေး ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက **မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆုံးဖြတ်လိုက်သည်။

**အစီရင်ခံစာတစ်စောင် တင်သွင်း**

ဆက်လက်၍ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၆ ခုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်စောင် တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အကြိမ် ၂၀ ခန့် ဆင်းသက်**

ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်း ဖောက်လုပ်ရန်အတွက် သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်ခဲ့သော မြေယာများနှင့် ပတ်သက်၍ ယနေ့အချိန်ထိ လေယာဉ်ကွင်းသစ် တည်ဆောက်ခြင်း မရှိသေးသဖြင့် မည်သည့်ကာလတွင် တည်ဆောက်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မူလလေယာဉ်ကွင်းဟောင်းသည် ပြေးလမ်း ပေ ၃၆၀၀၊ အကျယ် ပေ ၉၀ မြေကြီးကွင်းဖြစ်ပြီး တွင်အော်တာ လေယာဉ်ငယ်များသာ ဆင်းနိုင်ခြင်း၊ လူနေအိမ်ခြေများ တိုးချဲ့လာသဖြင့် ပြေးလမ်းနှင့် လေဆိပ်ကို တိုးချဲ့မရနိုင်ခြင်း၊ ရေရှည်ကာလတွင် အသုံးပြု၍ မရနိုင်သောကြောင့် လေယာဉ်ကွင်းနေရာအသစ်ကို ရှာခဲ့သည်ဟု သိရပါကြောင်း၊ လေယာဉ်ကွင်းအသစ်ကို ပခုက္ကူမြို့၏ မြောက်ဘက် ၄ မိုင်ခန့်နှင့် ပခုက္ကူ-ရေစကြိုကားလမ်း အနောက်ဘက်၊ ပန်းတိုင်းချုံကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်တွင် အသင့်တော်ဆုံးဖြစ်သည့် မြေနေရာတွင် လေယာဉ်ပြေးလမ်း အလျား ပေ ၈၅၀၀၊ အကျယ် ပေ ၁၀၀နှင့်(၃၀၀×၃၀၀)ပေ ရှိသည့် လေယာဉ်ရပ်နားနေရာကိုလည်း ဆောက်လုပ်ခဲ့ပါကြောင်း၊ ပြေးလမ်းအမျိုးအစားမှာ နိုင်လွန်ကတ္တရာဖြစ်ပါကြောင်း၊ ပြေးလမ်းခံနိုင်ရည်အားမှာ ၁ သိန်း ၅ သောင်းကျော် ဖြစ်ပါကြောင်း၊ လေဆိပ် အဆောက်အအုံမှာ ပေ(၁၈၀×၆၀) ရှိသည့် တစ်ထပ်သံကူကွန်ကရစ် ဖြစ်ပါကြောင်း၊ လေဆိပ်လေကြောင်းထိန်း မျှော်စင်နှင့် လေကြောင်းဆက်သွယ်ရေးကိရိယာလည်း ရှိပါကြောင်း၊ လေယာဉ်အဆင်းအတက် ပြုလုပ်ရန်အတွက် ဝန်ထမ်းများလည်း ခန့်ထားပါကြောင်း၊ ထိုလေယာဉ်ကွင်းထဲသို့ တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်၊ ဘဏ်လေယာဉ် စသည့် လေယာဉ်များသည် တစ်နှစ်လျှင် အကြိမ် ၂၀ ခန့် ဆင်းသက်ပါကြောင်း။

**ဦးစားပေးအစီအစဉ် မပါသေး**

လေယာဉ်ကွင်းကို မည်သည့်အချိန်တွင် စတင်မည်နှင့် စပ်လျဉ်း၍ National Transport Master Plan ကို ဂျပန်နိုင်ငံအစိုးရ JICA အကူအညီဖြင့် ပြုလုပ်ခဲ့ပါကြောင်း၊ Nippon Koei Co.,Ltd အကြံပေးကုမ္ပဏီနှင့် လေယာဉ်ကွင်းများ၏ ဦးစားပေးအစီအစဉ်ကို ပြုလုပ်ပါကြောင်း၊ လေယာဉ်ကွင်းအတွက် ဆောက်လုပ်ရမည့် အဆောက်အအုံများအတွက် တွက်ချက်ထားပါကြောင်း၊ မည်သည့်အချိန်တွင် ဆောက်လုပ်မည်နှင့်စပ်လျဉ်း၍ ဘတ်ဂျက်အစီအစဉ်အရ ဖလမ်းလေယာဉ်ကွင်းကိုသာ ဆောက်လုပ်မည်ဖြစ်ပါကြောင်း၊ ကျန်သည့်လေယာဉ်ကွင်းများကို အကူအညီများဖြင့် ဆောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရာတွင်လည်း အလားအလာအရှိဆုံး ဟဲဟိုး၊ မော်လမြိုင်၊ ကော့သောင်းလေဆိပ်များကို PPP ဖြင့် ခေါ်ထားပါကြောင်း၊ ပခုက္ကူလေယာဉ်ကွင်းကို အသုံးပြုရာတွင် ညောင်ဦးမှတစ်ဆင့် သွားရပါကြောင်း၊ ညောင်ဦးတွင်ဆင်းမည့်ခရီးသည်တချို့တွင် ပခုက္ကူခရီးသည်များလာသည်ကိုလည်း သိရှိရပါကြောင်း၊ သို့သော်လည်း ပခုက္ကူလေယာဉ်ကွင်းသည် ဦးစားပေးအစီအစဉ်တွင် မပါသေးပါကြောင်း၊ ညောင်ဦးသည် လေယာဉ်အသေးသာ ဆင်းသက်၍ ရပါကြောင်း၊ ဤလေယာဉ်ကွင်းကို နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေနေများပေါ်တွင် မူတည်၍ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းကို ဆောက်လုပ်ပြီးသော်လည်း လေယာဉ်မလာလျှင် အားလုံးအတွက် နစ်နာမည်ဖြစ်သောကြောင့် မိမိအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်ပြီးမှသာ လေယာဉ်ကွင်းများကို တိုးချဲ့သွားမည်ဖြစ်သည့်အတွက် မည်သည့်အချိန်ဆိုသည်ကို မပြောနိုင်သေးပါကြောင်း ရှင်းလင်းဖြေကြားသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

> **၂၃၁ ဒသမ ၇၅ ဧကထဲတွင် ၁၂၀ ဒသမ ဝ၈ ဧကကို ၂၀၁၅ ခုနှစ်တွင် လျော်ကြေးငွေ ၁၈၃ ဒသမ ၄၉၇၈ သန်းကို ပေးလျော်ခဲ့ပြီးဖြစ်၊ ကျန်နေသည်မှာ ၁၁၄ ဒသမ ၆၇ ဧက ဖြစ်၊ တပ်ကုန်းမြို့နယ်အတွင်းတွင် လျော်ကြေးငွေပေးရန် ကျန်ရှိသည့် တောင်သူ ၁၃၄ ဦး၏ လယ်ဧကမှာ ၅၂ ဒသမ ၉၉ ဖြစ်ပြီး ယာမြေမှာ ၅၈ ဒသမ ၆၈ ဧက ဖြစ်**

တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေ-ပင်လောင်း ရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ဆင်သေ-ပင်လောင်းရထားလမ်း ဖောက်လုပ်ရာ၌ တပ်ကုန်းမြို့ထဲတွင် သိမ်းဆည်းမြေ ၂၃၁ ဒသမ ၇၅ ဧက ပါရှိသွားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွယ်လွယ်ကူကူပေးလိုက်၍ မရပါကြောင်း၊ မည်သူများ၏ မည်သည့်နေရာ ပါသွားသည်ဆိုသည်ကို မြေယာက အဆင့်ဆင့် စိစစ်ရပါကြောင်း၊ လျော်ကြေးငွေ မည်မျှပေးရမည်ဆိုသည်ကိုလည်း သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် ဧက၊ သတ်မှတ်ထားသည့်သူကို သတ်မှတ်ထားသော လျော်ကြေးနှုန်းထားနှင့် ပေးရမည်ဖြစ်ပါကြောင်း။

**ကြိုးစားဆောင်ရွက်ပေးမည်**

၂၃၁ ဒသမ ၇၅ ဧကထဲတွင် ၁၂၀ ဒသမ ဝ၈ ဧကကို ၂၀၁၅ ခုနှစ်တွင် လျော်ကြေးငွေ ၁၈၃ ဒသမ ၄၉၇၈ သန်းကို ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်နေသည်မှာ ၁၁၄ ဒသမ ၆၇ ဧက ဖြစ်ပါကြောင်း၊ တပ်ကုန်းမြို့နယ်အတွင်းတွင် လျော်ကြေးငွေပေးရန် ကျန်ရှိသည့် တောင်သူ ၁၃၄ ဦး၏ လယ်ဧကမှာ ၅၂ ဒသမ ၉၉ ဖြစ်ပြီး ယာမြေမှာ ၅၈ ဒသမ ၆၈ ဧက ဖြစ်ပါကြောင်း၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ စိစစ်ပြီး ဥတ္တရခရိုင်၊ နေပြည်တော်ကောင်စီအဆင့်ဆင့် တင်ပြသည့်အခါ နေပြည်တော်ကောင်စီ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်း တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၂၉ ရက် တင်ပြသည်ကိုလည်း တွေ့ရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာ ၆ လ ဘတ်ဂျက်ထဲတွင် မမီတော့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ထဲတွင် မပါခဲ့လျှင် ဗဟိုကောင်စီမှ မည်သူ့ကို မည်သည့်နှုန်းဖြင့် မည်သို့ပေးလိုက်သည်ကို ဘတ်ဂျက်ထဲတွင် တောင်းရမည် ဖြစ်ပါကြောင်း၊ အချိန်မမီခဲ့လျှင် ဖြည့်စွက်တွင် ဆက်လက်တောင်းခံရမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နစ်နာသောတောင်သူများအတွက် လျော်ကြေးငွေရရှိရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**မြစ်ကြောင်းထိန်းသိမ်းရေး**

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **ချင်းတွင်းမြစ်ကြောင်း အန္တရာယ်ကင်းရှင်း၍ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ခန္တီးမှ ချင်းတွင်းဝအထိ အလျား ၈၁၇ ကီလိုမီတာတွင် ပြုပြင်ရန်မလိုသော အပိုင်းမှာ ၄၈၅ ကီလိုမီတာဖြစ်ပြီး ပြုပြင်ပြီးအပိုင်းမှာ ၄၀ ကီလိုမီတာနှင့် ထပ်မံပြုပြင်ရမည့်အပိုင်းမှာ ၂၉၂ ကီလိုမီတာဖြစ်ပါကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းရေးနည်းလမ်းများဖြစ်သည့် မြစ်ကြမ်းပြင်ထိန်းသိမ်းခြင်းနည်းလမ်း၊ မြစ်ရေအမြင့် ထိန်းသိမ်းခြင်းနည်းလမ်းနှင့် မြစ်ရေထုထည်ထိန်းသိမ်းခြင်းနည်းလမ်းစသည့် နည်းလမ်းသုံးမျိုးအနက် ဒုတိယနည်းလမ်းနှစ်မျိုးမှာ ကုန်ကျစရိတ်မြင့်မားသဖြင့် ကုန်ကျစရိတ်သက်သာသည့် မြစ်ကြမ်းပြင်ထိန်းသိမ်းရေးနည်းလမ်းဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်သုံးနှစ်တွင် ဟုမ္မလင်း-မော်လိုက်၌ ၁၃ နေရာ ပြုပြင်ရမည်ဖြစ်သော်လည်း ငါးနေရာသာ ပြုပြင်မည်ဖြစ်ပါကြောင်း၊ မော်လိုက်-မုံရွာတွင် ၁၁ နေရာ ပြုပြင်ရမည်ဖြစ်သော်လည်း ကိုးနေရာသာ ပြုပြင်မည်ဖြစ်ပါကြောင်း၊ မုံရွာ-ချင်းတွင်းဝတွင် ငါးနေရာပြုပြင်မည်ဟု လျာထားပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်စဉ်ဆောင်ရွက်မည်ဆိုသည့် အစီအမံများရှိပါကြောင်း၊ ဆောင်ရွက်လျက်လည်း ရှိပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်စိုး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက **မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအဘက်ဘက်တွင် လူ့စွမ်းအား၊ ကုန်ထုတ်စွမ်းအားများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာ၌ နည်းပညာများ၏ အထောက်အကူ ရယူဆောင်ရွက်ခြင်းသည် ထိရောက်ပြီး အလွန်အရေးကြီးပါကြောင်း၊ e-Government အပါအဝင် ICT နည်းပညာစနစ်များဖြစ်သည့် Mobile Payment များကို အမှန်တကယ် လက်ခံကျင့်သုံးသွားနိုင်လျှင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှ လျင်မြန်စွာ ရုန်းထွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် အစိုးရ၏ ယန္တရားများကို ပိုမို၍ မြန်ဆန်ချောမွေ့စွာ လည်ပတ်စေပြီး တစ်ချိန်တည်းတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ပိုမို၍ ထိရောက်လွယ်ကူ မြန်ဆန်လာမည် ဖြစ်ပါကြောင်း။

**အကျိုးကျေးဇူးများ**

ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ ပွင့်လင်းမြင်သာမှု၊ ကျွမ်းကျင်မှု၊ အကျိုးသက်ရောက်မှုတို့ကို မြှင့်တင်ပေးနိုင်ရန် ICT နည်းပညာဖြင့် အပြည့်အဝအကောင်အထည်ဖော်ဆောင်ပေးနိုင်ပါကြောင်း၊ Mobile Payment စနစ်ကြောင့် အချိန်နှင့် ငွေကြေးကုန်ကျမှုသက်သာခြင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိလာစေခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို စီမံခန့်ခွဲပေးနိုင်ခြင်း၊ လူကြောင့်ဖြစ်သည့် အမှားများ မသမာမှုများကို လျှော့ချနိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေနိုင်ခြင်း၊ စာရွက်စာတမ်းများစွာ ကိုင်တွယ်ထိန်းသိမ်းရမှု၊ သိမ်းဆည်းရမှု၊ ရှာဖွေရမှုဒုက္ခများကို လျှော့ချနိုင်ခြင်းအပြင် အချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံနိုင်မှု ပိုမိုကောင်းမွန်လာစေခြင်း၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းစေခြင်း၊ နိုင်ငံတော်၏ ယန္တရားစနစ်များ ပိုမိုမြန်ဆန်လာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း။

အိုင်တီနည်းပညာဖြစ်သည့် Mobile Payment ကို ကျယ်ပြန့်စွာ အသုံးပြုခြင်းအားဖြင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အသစ်များကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းသစ်များကို ရရှိစေနိုင်ခြင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍအား အထောက်အကူပြုလာစေနိုင်ခြင်း၊ လူမှုဘဝများ ပိုမိုအဆင်ပြေချောမွေ့စေခြင်း၊ ဆင်းရဲမွဲတေမှု လျော့ကျစေခြင်းစသည့် အကျိုးကျေးဇူးများစွာကို မလွဲမသွေရရှိလာမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**လွှတ်တော်အဆုံးအဖြတ်ရယူ**

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရေထွက်ပစ္စည်းများ ဆော်ဒီအာရေဗျသို့ ဆက်လက်တင်ပို့ရေးအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များအား လုပ်ငန်းရှင်များလိုက်နာနိုင်ရေး ကူညီပေးမည်

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၅ခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ဖြစ်သော မြန်မာ့ရေထွက်ပစ္စည်းများအား အဓိက ဝယ်ယူလေ့ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် EU နိုင်ငံများသို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေးတွင် လတ်တလောနှင့် လက်ရှိရင်ဆိုင်နေရသော ပိတ်ဆို့ဟန့်တားမှုများအပေါ် အလျင်အမြန်ကုစားနိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့ တင်သွင်းခွင့်ကို ၎င်းနိုင်ငံ၏ ပတ်ဝန်းကျင်၊ ရေနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာခဲ့ပါကြောင်း၊ ထိုသို့ ရပ်ဆိုင်းခြင်းသည် မြန်မာနိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေသည့် ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကိုလည်း ယာယီရပ်ဆိုင်းလိုက်ခြင်း ဖြစ်ပါကြောင်း။

ဆော်ဒီအာရေဗျနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးအဖွဲ့အစည်း (FDA)က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် အရှေ့တောင်အာရှနိုင်ငံများမှ တင်သွင်းသည့် ရေထွက်ကုန်များတွင် ရောဂါပိုး နှစ်မျိုး ပါဝင်နေခြင်းကြောင့် ပိတ်ဆို့တားမြစ်ရခြင်း ဖြစ်သည်ကို သိရှိရပါကြောင်း၊ တားမြစ်ခြင်းသည် ယာယီတားမြစ်ခြင်းသာဖြစ်ပြီး White Tail Disease ရောဂါကြောင့် တားမြစ်ခြင်း ဖြစ်ပါကြောင်း၊ ၎င်းရောဂါ အမျိုးအစားသည် မြန်မာနိုင်ငံ၏ အချို့နေရာများတွင် ဖြစ်ပွားနေကြောင်း Quarterly Aquatic Animal Disease Report ကို ကိုးကားထားသည့် OIE ၏ အစီရင်ခံစာကို အထောက်အထားပြု၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြခဲ့ခြင်း ဖြစ်ပါကြောင်း။

### သံတမန်နည်းလမ်းအရ

မြန်မာနိုင်ငံ၏ နေရာအချို့ရှိ ပုစွန်မွေးမြူရေးကန်များတွင် White Tail Disease တွေ့ရှိခဲ့ခြင်း၊ OIE Report တွင် ဖော်ပြထားသည်နှင့်စပ်လျဉ်း၍ White Tail Disease သည် မွေးမြူရေး ရေချိုပုစွန်များတွင်သာ တွေ့ရှိရခြင်းဖြစ်ကြောင်းနှင့် ငါးများတွင် ကျရောက်သည့် ရောဂါပိုးမဟုတ်သည်ကို ဆော်ဒီအာရေဗျနိုင်ငံ သံရုံးသို့ အကြောင်းပြန်ကြားခဲ့ပြီး မွေးမြူရေး ရေထွက်ပစ္စည်းများ ဆက်လက်တင်ပို့နိုင်ရေးအတွက် စဉ်းစားပေးပါရန် သံတမန်နည်းလမ်းအရ တောင်းဆိုခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ရေထွက်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့် ရရှိနိုင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ FDA ၏ သတ်မှတ်ပြဋ္ဌာန်းချက်များအား လုပ်ငန်းရှင်များမှ လိုက်နာနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန် မွေးမြူရေးကန်များနှင့် ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့နေသော ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံများအား ဆော်ဒီအာရေဗျနိုင်ငံ FDA ၏ ကိုယ်စားလှယ်အဖွဲ့မှ လာရောက်၍ လေ့လာစစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများအား လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံ၏ GSP အခွင့်အရေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ စတင်၍ ပြန်လည်ပေးအပ်ခဲ့သော်လည်း မြန်မာ့ရေထွက်ပစ္စည်းများကို GSP မရမီကပင် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ခဲ့ပါကြောင်း၊ အမေရိကန်ပြည်ထောင်စု National Marine Fisheries Services (NMFS)အနေဖြင့် ရေထွက်ပစ္စည်း ဖမ်းဆီးထုတ်လုပ်မှု လုပ်ငန်းများတွင် ပင်လယ်နို့တိုက်သတ္တဝါများ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် ပင်လယ်နို့တိုက်သတ္တဝါကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်လျက်ရှိပြီး ဥပဒေပါ ပြဋ္ဌာန်းထားသော စံနှုန်းများကို ကျော်လွန်ပြီး နို့တိုက်သတ္တဝါများ မတော်တဆ သေဆုံးခြင်း (သို့မဟုတ်) ဒဏ်ရာရခြင်းတို့ကြောင့် ဖမ်းဆီးရမိသော ငါးများကို အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းမှုကို တားမြစ်ထားပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံမှ ရေနေနို့တိုက်သတ္တဝါများ ကာကွယ်ရေးဆိုင်ရာနှင့် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် အမိန့်ကြော်ငြာစာများကို အမေရိကန်နိုင်ငံ NMFS သို့ အီးမေးလ်ဖြင့် ပေးပို့ထားပြီးဖြစ်ပါကြောင်း။

### ဈေးနှုန်းပိုမိုရရှိနိုင်ရန်

မြန်မာနိုင်ငံမှ ထွက်ရှိသည့် မွေးမြူရေး ငါး၊ ပုစွန်၊ ကဏန်းပျော့များအား EU နိုင်ငံသို့ တင်ပို့ခွင့်ရရှိနိုင်ရေးနှင့် ပတ်သက်၍ EU နိုင်ငံများ၏ လိုအပ်ချက်အရ ၂၀၁၄ ခုနှစ်မှ စတင်၍ National Residue Monitoring Plan (NRMP) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် NRMP ကို ရေးဆွဲ၍ EU သို့ပေးပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ဈေးနှုန်းပိုမိုရရှိနိုင်ရန်အတွက် လက်ရှိတင်ပို့လျက်ရှိသော ရေထွက်ကုန်ပစ္စည်းများအစား တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးလျက်ရှိပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကိုလည်း အသိပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ ရှိရင်းစွဲ ရေသယံဇာတ၊ ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ အစားအစာဘေး အန္တရာယ် ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့တွင်ရှိသည့် ငွေကြေးအင်အား၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်အပေါ်တွင် အခြေခံ၍ စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### စိုက်ပျိုးရေပေးဝေလျက်ရှိ

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်လတ်၏ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် တစ်ဝက်ချောင်းဆည် တူးမြောင်းကျောက်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် ချောင်းနက်ကြီးကျေးရွာအနီး တစ်ဝက်ချောင်းပေါ်တွင် အလျားပေ ၁၀၀၊ အမြင့် ၆ ပေရှိ မျောရိုက်ကျောက်ဖြည့် ရေလွှဲဆည်ကို (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပါကြောင်း၊ ရေလွှဲဆည်နှင့် တွဲဖက်ပြီး အလျား ပေ ၁၂၀၀၀ ခန့်ရှည်လျားသည့် ရေပေးမြောင်းကို ဒေသခံတောင်သူများ အစီအစဉ်ဖြင့် ဖောက်လုပ်ပြီး မိုးစပါးစိုက်ဧက ၃၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် မိုးရာသီတွင် ရေပေးမြောင်း၏ လက်ဝဲဘက်ပေါင် ပေတိုင် ၄၀၀ မှ ၅၅၀ အထိ အလျားပေ ၁၅၀ ခန့်မှာ ရေတိုက်စား၍ ကျိုးပေါက်ခဲ့သည့်အတွက် အရေးပေါ် မြေဖို့ပြုပြင်ပေးခဲ့ပါကြောင်း၊ အဆိုပါမြောင်းအပိုင်းကို ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရန်အတွက် မြောင်းပုံစံကျ မြေဖို့ပြုပြင်ခြင်းနှင့် ကျောက်လိုင်နင်စီခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ၁၅ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၁၈-၂၀၁၉၊ အောက်တိုဘာလမှ စက်တင်ဘာလ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မြို့နယ်ခြား၊ နှစ်စဉ်နီးပါး မြေနုကျွန်းပြဿနာ ဖြစ်ပွားလျက်ရှိသော မြို့နယ်များ၏ နယ်နိမိတ်များကို ၁၉၀၈ ခုနှစ် အိန္ဒိယ ဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရ သော်လည်းကောင်း၊ စစ်သုံးမြေပုံအရ သော်လည်းကောင်း ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေအပိုဒ် ၁၀၈ နှင့် အပိုဒ် ၁၀၉ ပါ ပြဋ္ဌာန်းထားရှိချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်မှ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေနုကျွန်းများခွဲဝေမှုကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖြေရှင်းဆောင်ရွက်ရာတွင် နယ်နိမိတ်ပိုင်းခြားမှုနှင့် သက်ဆိုင်မှု မရှိပါကြောင်းနှင့် ယင်းသို့ ဖြေရှင်းဆောင်ရွက်ရန်အတွက် မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ နယ်နိမိတ်အား သီးခြားတိုင်းတာရန် မလိုအပ်ပါသဖြင့် မြေပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

**ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်သန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်**တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တောဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** တင်သွင်းရာတွင် တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍတစ်ခုကို အကောင်အထည်ဖော်ခြင်းအပြင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စားနပ်ရိက္ခာဖူလုံမှု၊ လုံခြုံမှုဆိုင်ရာ ကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ တောင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ တောင်သူများနှင့် ဌာနဆိုင်ရာ အကြား ကောင်းမွန်ပွင့်လင်းသော ဆက်ဆံမှုများနှင့် လုပ်ငန်းများကို တိုးတက်စေခြင်း အပါအဝင်

*စာမျက်နှာ ၈ သို့*



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

**“ မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ဈေးနှုန်း ပိုမိုရရှိနိုင်ရန်အတွက် လက်ရှိတင်ပို့လျက်ရှိသော ရေထွက်ကုန်ပစ္စည်းများအစား တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်တင်ပို့နိုင်ရေး အတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးလျက်ရှိပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကိုလည်း အသိပေးဆောင်ရွက်လျက်ရှိ ”**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း MBA နှင့် MPA သင်တန်းများဖွင့်မည့် သင်တန်းခန်းမများနှင့် ရုံးခန်းများ ခင်းကျင်းထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီးရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)နှင့် ရုံးအမှတ် (၁) ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) အဆောင်(A)ရှိ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှုများကို မြန်မာဘုရင်ခေတ်မှ ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ခေတ်အထိ ထင်ရှားသော မော်ကွန်းများမှ ရွေးချယ်ထုတ်နုတ်၍ ခေတ်အလိုက် ခင်းကျင်းပြသထားသော မော်ကွန်းပြခန်းနှင့် အဆောင် (B)ရှိ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA) ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းများ ဖွင့်လှစ်သင်ကြားမည့် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှု ပညာဘွဲ့လွန်သင်တန်းဌာန၏ သင်တန်းခန်းမများနှင့် ရုံးခန်းများ ခင်းကျင်းထားရှိမှုအခြေအနေ၊ အဆောက်အအုံများ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးအမှတ်(၁)ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

စိုက်ပျိုးထုတ်လုပ်မှု နည်းပညာ ဈေးကွက်ကို ဟန်ချက်ညီညီ တိုးတက်စေခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သော မူဝါဒများ လုပ်ငန်းအစီအစဉ်များကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ပူးပေါင်းချမှတ်လာနိုင်စေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နည်းမှန်လမ်းမှန်ဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အဏုဇီဝမြေဩဇာ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ သုံးစွဲပုံသုံးစွဲနည်းများ၊ ပိုးသတ်ဆေး သုံးစွဲပုံသုံးစွဲနည်းများ မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ မှန်ကန်သော ထုပ်ပိုးကုန်စနစ် ဖြစ်တည်ရေး၊ ကမ္ဘာ့နိုင်ငံများသို့ ဈေးကွက်ရရှိရေးနှင့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရေးတို့ကို စီမံပေးရမည် ဖြစ်ပါကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကုန်သည်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်၍ ကမ္ဘာ့နိုင်ငံများသို့ အဆင့်မီမီ ကုန်သွယ်ဆောင်ရွက်နိုင်ရမည်ဟု ယုံကြည်မှု အပြည့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံး အဖြတ်ရယူပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသား လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

**နေပြည်တော် မေ ၁၆**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကိုရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ် အဆောက်အအုံများ၊ ရေမြေတောတောင် သဘာဝများ၊ တိုင်းရင်းသား သွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဝလေ့ထုံးစံဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် တည်ဆောက်ပြသထားလျက်ရှိသည်။

### အခမဲ့ ကြည့်ရှုနိုင်

ပွင့်လင်းရာသီအတွင်း အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) သို့ လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေ စေနိုင်ရန်အတွက် မေ ၁၉ ရက် (စနေနေ့)တွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာ ဦးစီးဌာနမှ အနုပညာရှင်များက နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာ ယိမ်းအကများ၊ အငြိမ့်အစီအစဉ်နှင့် ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ဖျော်ဖြေပွဲအား မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




● *ကျောဖုံးမှ*

မြန်မာ့ လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းတို့သည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုပြိုင်ပွဲနှင့် နိုင်ငံတကာ ခြေစမ်းပွဲတွင်မူ ရှစ်ကြိမ်အထိ တွေ့ဆုံခဲ့သည်။

မြန်မာအသင်းနှင့် တရုတ်အသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲတွင် နောက်ဆုံး တွေ့ဆုံခဲ့ပြီး ယင်းခြေစစ်ပွဲကို ၂၀၀၇ ခုနှစ်က ကျင်းပခဲ့ကာ မြန်မာအသင်းသည် ပထမအကျော့အဝေးကွင်းပွဲတွင် ခုနစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့အိမ်ကွင်းပွဲတွင် လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

### ပြင်ဆင်ချိန်အနည်းငယ်သာရရှိ

တရုတ် ဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၄ ခုနှစ်က မြန်မာအသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းရန် ဖိတ်ကြားခဲ့ဖူးပြီး ယင်းပွဲတွင် အိမ်ရှင် တရုတ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်တွမ်မီနီဟေး၏ ပထမဆုံး နိုင်ငံတကာပွဲဖြစ်လာမည်ဖြစ်ပြီး ပြင်ဆင်ချိန်အနည်းငယ်သာရရှိမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၁ ရက်မှသာ စခန်းဝင်လေ့ကျင့်နိုင်မည်ဖြစ်ပြီး ပြင်ဆင်ချိန် ငါးရက်သာရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းခြင်းဖြစ်ပြီး အနီးဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် နိုဝင်ဘာတွင် ကျင်းပမည့် ၂၀၁၈ အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို မေ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲအတွက် နောက်ဆုံးဖွဲ့စည်းခဲ့ပြီး ယင်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

### ပါဝင်

ယခုပြန်လည် ဖွဲ့စည်းမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ယင်းကစားသမားများအများစု ပါဝင်လာမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

---

# ပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာသုံးစွဲနိုင်ရေး ဓာတ်အားလိုင်းနှင့် ဓာတ်ခွဲရုံများ အဆင့်မြှင့်တင်တည်ဆောက်

**မန္တလေး မေ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် 132/33/ 11KV အောင်ပင်လယ် ဓာတ်အားခွဲရုံအား 230/132/33/ 11KV အဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီ ၂၈ ရက်တွင် 230 KV ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

ယခုအခါ အောင်ပင်လယ် ဓာတ်အားခွဲရုံတွင် တပ်ဆင်မည့် 100 MVA Booster ထရန်စဖော်မာသည် မန္တလေးမြို့ ရွှေကြက်ယက်ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် မေ ၁၂ ရက်တွင် ရောက်ရှိခဲ့သဖြင့် ထရန်စဖော်မာကို အောင်ပင်လယ်ခွဲရုံသို့ သယ်ဆောင်ခြင်းလုပ်ငန်းအား ယာဉ်အသွားအလာ ကင်းရှင်းသည့် ၂၀၁၈ ခုနှစ် မေ ၁၈ ရက် သန်းခေါင်ကျော်တွင် စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ် မလွတ်ကင်းသော ဓာတ်အားလိုင်းများအား ယာယီဓာတ်အားပိတ်ခြင်း ဆောင်ရွက်ရမည် ဖြစ်သည်။

အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အဆင့်မြှင့်တင် တည်ဆောက်ရခြင်းမှာ ပြည်သူများ ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်စေရန်နှင့် 132 KV ရွှေစာရံခွဲရုံ 100 MVA, Booster ထရန်စဖော်မာနှင့် ဘဲလင်းခွဲရုံ 100 MVA , Booster ထရန်စဖော်မာများ ဝန်အားပြည့်နေခြင်းကြောင့် ဝန်အားလျှော့ချနေရခြင်းများမှ ကင်းဝေး၍ ဓာတ်အားပြည့်ဝစွာပေးနိုင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်သည်။ ယင်း 100 MVA ,230/ 132KV ထရန်စဖော်မာတပ်ဆင်ပြီးပါက မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များတွင် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်တော့မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၄ သန်းနှင့် မြန်မာကျပ်ငွေ ၉၁၆ ဒသမ ၃၅၆ သန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် ပြည်သူများ စဉ်ဆက်မပြတ် ဓာတ်အားရရှိရေးအတွက် ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်မှုများအား လိုအပ်ချက်အရသာ ဆောင်ရွက်လျက်ရှိပြီး ဓာတ်အားပြတ်တောက်ချိန် နည်းနိုင်သမျှနည်းအောင် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် သဘာဝဘေးဒဏ်ကြောင့် ဓာတ်အားပြတ်တောက်မှုများကိုလည်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဝန်ထမ်းများက နေ့၊ ည အချိန်မဆိုင်းဘဲ ပြည်သူများအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ် ဦးကျော်သူက ပြောကြားသည်။

**သတင်းစဉ်**



# သစ်ပင်စိုက်ပွဲနိုးလာရာဝယ် ဆေးဖက်ဝင်အပင်များကိုလည်း စဉ်းစားသင့်

ဖိုးကျား(ဆေးဝါး)

မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပွဲကို မဆလခေတ်မှစ၍ အကောင်အထည်ဖော်ခဲ့လေသည်။ ထို့နောက် အစိုးရအဆက်ဆက်များကလည်း အားပေးခဲ့ကြသည်ကို ချီးကျူးကြရပေမည်။

**ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားသင့်**

သို့သော် ထိုသို့စိုက်ပျိုးကြရာတွင် ယနေ့အထိ ဆေးဖက်ဝင်အပင်များမှာ အလွန်နည်းပါးလှပေသည်။ နိုင်ငံတစ်ဝန်း၌ ဆေးဖက်ဝင် အပင်များကိုလည်း ဖြစ်နိုင်သရွေ့ စိုက်ပျိုးထားသင့်ပါသည်။

သဘာဝနှင့် နိုင်ငံတကာ ပဋိပက္ခများကြောင့် မမျှော်လင့်ဘဲဖြစ်ပေါ်နိုင်သော အရေးပေါ်ကာလများ ပေါ်ပေါက်လာခဲ့သော် သက်စောင့်အနေဖြင့် ဆေးဖက်ဝင်အပင်များကို အားကိုးအားထားဖြစ်နိုင်သမျှ စိုက်ပျိုးထားသင့်ကြပေသည်။

နောက်တစ်ခေတ်သို့ ရောက်လာခဲ့စဉ်အခါက နိုင်ငံတော်တွင် တာဝန်ရှိသူဝန်ကြီးတစ်ဦးက စာရေးသူကို မေးခဲ့ဖူးပါသည်။ "နိုင်ငံ၌ အရေးပေါ်ကိစ္စ ပေါ်ပေါက်လာခဲ့သော်၊ နိုင်ငံတကာနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်သွားခဲ့သော် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကို တတ်နိုင်သရွေ့ ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ မည်သို့သောအပင်များကို စိုက်ပျိုးထားသင့်သနည်း" စသည်ဖြင့် မေးခဲ့ဖူးပါသည်။ ဤစကားကိုတချို့က ခေတ်နောက်ကျသည်ဟု ဝေဖန်ကြသည်။ သို့သော် အမြော်အမြင်ကြီးသည်ဟု အကောင်းမြင်သူများလည်း ရှိကြသည်။

ကျွန်တော့်အနေဖြင့် ဖြေကြားရာတွင် မဆလခေတ်က ဝန်ကြီး ဗိုလ်မှူးချုပ်တင့်ဆွေ၏ စီမံကိန်းအရ ဆေးဝါးထုတ်လုပ်ရေးအတွက် အောင်မြင်စွာ စိုက်ပျိုးသုံးစွဲခဲ့သော အပင်များနှင့်တကွ စာရေးသူအနေဖြင့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအတွက် သုတေသနပြုစုခဲ့သော ဆေးဖက်ဝင်အပင်များအကြောင်းကို ပြောပြခဲ့ပါသည်။ သဘောကျပုံရှိပါသည်။ သို့သော် နောက်ပိုင်းတွင် အကြောင်းကြောင်းကြောင့် ထိုစီမံကိန်းကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။

မည်သို့ပင်ဖြစ်စေ၊ ယခုအခါ မိုးရာသီသစ်ပင် စိုက်ပျိုးရေးကာလတွင် စဉ်းစားသင့်သော အပင်များမှာ ကံ့ကော်ပင်၊ သစ်ကြံပိုးပင်၊ လေးညှင်းပင်၊ ဇာတိပ္ဖိုလ်ပင်၊ ဆေးယူကလစ်ပင်၊ လက်ထုတ်ကြီးပင် (Holarrhena antidysenteria)၊ ပေါက်ပင် (Butea forndosa)၊ စင်ကိုနာပင်၊ ကျောက်ထင်းရှူးပင် (ပူတာအိုဒေသ)၊ ထောပတ်သီးပင်၊ သစ်ဆိမ့်ပင်၊ မယ်ဆယ်(ဇယ်)ပင်၊ သဘော်ပင်၊ ဒန့်သလွန်ပင်၊ ဆီးဖြူပင်နှင့် ပရုတ်ပင်စသည်တို့ ဖြစ်ပါသည်။





အချို့နှစ်ရှည်ပင်များသည် တိုင်းရင်းဆေးဝါးအတွက်သာမက အနောက်တိုင်းဆေးဝါးများအတွက်လည်း အကျိုးပြုကြသည်။

**သစ်ပင်များမှ ထုတ်လုပ်သော ဆေးဝါးများကို အထင်မသေးသင့်**

ပြည်သူတချို့သည် သစ်ပင်သစ်မြစ်စသည်များမှ ဖော်စပ်ထုတ်လုပ်သောဆေးဝါးများကို အထင်သေးကြသည်။ အယုံအကြည် နည်းကြသည်။ အမြင်လွဲကြသည်။ ကျွန်တော့်အမြင်မှာ သစ်ပင်များမှ ထုတ်လုပ်သောဆေးဝါးများကို အထင်မသေးသင့်ပါ။ ယုံကြည်အားထားနိုင်ပါသည်။ ဥပမာ-မြင်းသရိုက်ရောဂါ (Haemorrhoid) ကုသရာတွင် သုံးစွဲသော ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သည့် ဈေးကြီးပေးဝယ်ကြရသော Daflon ဆေးတောင့်သည် သစ်ပင်ထွက်ပစ္စည်းဖြစ်သည်။ ဂေါက် (Gout) ရောဂါကုသရာတွင် NSAID ဆေးဝါးဖြင့်မတည့်သူများ




**"ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာနှင့် အဆုတ်ကင်ဆာများကို ကုသရာတွင် လိုအပ်သလိုသုံးစွဲရန် ဗြိတိသျှဆေးကျမ်း၌ ပြဋ္ဌာန်းထားသော Toxol, Paclitoxol စသည့် ဆေးဝါးများကို ကျောက်ထင်းရှူး ခေါ် Taxus အပင်များ (ပူတာအိုဒေသတွင်ရှိ)မှ ထုတ်လုပ်ကြသည်။ သဘော်မည်းပင်မှလည်း Oncovin, Vinblistine စသည့် ကင်ဆာကုသဆေးဝါးများကို ထုတ်လုပ်လျက်ရှိ"**

နှင့် အချိုးနှုန်းလုံးရောဂါရှိနေသည့် လူနာများကို (Colchicine) ဆေးပြားကိုသုံးစွဲရန် British National Formulary (BNF 73, Sept 2017, Vol.1) မှ ညွှန်းထားလေသည်။ ဤဆေးပြားကို မြန်မာပြည်တွင် ပေါက်ရောက်လေ့ရှိသော ဆီမီးတောက်အမြစ်နှင့် အစေ့တို့မှ ထုတ်လုပ်ရောင်းချသည်။ မဆလခေတ်က ဂျာမနီနိုင်ငံသည် ဆီမီးတောက်အစေ့များကို မြန်မာပြည်မှရောင်းချပေးရန် ကမ်းလှမ်းခဲ့သည်။ မြန်မာတို့က မပေးသွင်း မရောင်းချနိုင်ခဲ့ပါ။

**ကင်ဆာကုသဆေးဝါးများ ထုတ်လုပ်လျက်ရှိ**

ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာနှင့် အဆုတ်ကင်ဆာများကို ကုသရာတွင် လိုအပ်သလိုသုံးစွဲရန် ဗြိတိသျှဆေးကျမ်း၌ ပြဋ္ဌာန်းထားသော Toxol, Paclitoxol စသည့်ဆေးဝါးများကို ကျောက်ထင်းရှူး ခေါ် Taxus အပင်များ (ပူတာအိုဒေသတွင်ရှိ) မှ ထုတ်လုပ်ကြသည်။ သဘော်မည်းပင်မှလည်း Oncovin, Vinblistine စသည့် ကင်ဆာကုသဆေးဝါးများကို ထုတ်လုပ်လျက်ရှိကြသည်။

ဆေးကျမ်းများတွင် ယနေ့တိုင်မရှိမဖြစ် ပြဋ္ဌာန်းထားသော ငှက်ဖျားရောဂါကုသရာတွင် လိုအပ်သလို သုံးစွဲနေရသည့် ကွီနိုင်းဆေးပြားနှင့် ထိုးဆေးများမှာလည်း ရှေးနှစ်ပေါင်း ၈၀ ခန့်ကပင် ဆေးပင်အဖြစ်သုံးစွဲလာခဲ့သော စင်ကိုနာပင်များ (သံတောင်ကြီး၌ရှိ)မှ ထုတ်လုပ်ရရှိသည်။

ဒေါနရွှေဝါ ခေါ် Artemisia annua (အာတီမီစီးယား) အပင်ငယ်မှထုတ်လုပ်ရရှိသည့် Artemisinin စသည့်ဆေးဝါးများဖြင့် ငှက်ဖျားလူနာသိန်းပေါင်းများစွာကို ကမ္ဘာတစ်ဝန်း၌ ကုသကယ်တင်နိုင်ခဲ့လေသည်။ ထို့ကြောင့် ယင်းငှက်ဖျားဆေးဝါးကို ဖော်ထုတ်နိုင်ခဲ့သူ၊ ပေကျင်းတက္ကသိုလ်မှ ဆေးဝါးပညာရှင်ဆရာမကြီးပါမောက္ခ ဒေါ်ယူယူတူ (Ms. You You Tu) သည် ၂၀၁၅ ခုနှစ်တွင် နိုဘယ်ဆုချီးမြှင့်ခံခဲ့ရလေသည်။

**သင့်တော်ရာ မြေလွတ်များတွင် စိုက်ပျိုးသင့်**

ဆေးဝါးများထုတ်လုပ်ရရှိနိုင်သော ယူကလစ်ပင်များမှာ ၁၁ မျိုးခန့်ရှိသည်ဖြစ်ရာ (BUSINESS Vol.3, No.2 Feb 2013) မည်သည့်အမျိုးကို မည်သည့်ဒေသတွင် စိုက်ရန်သင့်တော်ကြောင်း စိစစ်၍စိုက်ပျိုးနိုင်ပါသည်။ အချို့သော ယူကလစ်ပင်များမှာ ပရိဘောဂများထုတ်လုပ်နိုင်ရုံသာမက ငှက်ဖျားခြင်ကောင်များ ခိုအောင်းကြသော မြေစိုမြေနိမ့်ဖြစ်နေသည့် ရပ်ကွက်ခြံမြေများတွင် ရေဝပ်ခြင်းနှင့် ရေအောင်းခြင်းကို ကာကွယ်ပြုပြင်နိုင်စွမ်းရှိပေသည်။ ခြင်ကောင်များကို ပျောက်ကွယ်ကင်းရှင်းသွားနိုင်စေကြောင်း သိရပါသည်။

ယူကလစ်ပင်များသည် မြေအောက်ရေလွှာကို ထိခိုက်စေသည်ဆိုသော ပဟေဠိကို စောဒကတက်မနေဘဲ ဂဃနဏသိရှိနိုင်ရန်မှာ ယူကလစ်ပင်များကို ၁၈၅၅ ခုနှစ်မှစ၍ နှစ်ပေါင်းများစွာကပင် ဩစတြေးလျ (Australia) မှ ရယူစိုက်ပျိုးအသုံးချနေသော ဘရာဇီးနိုင်ငံရှိ ယူကလစ်အထူးပြု ပညာရှင်များနှင့် တိုင်ပင်နီးနှောသင့်သည်ဟု ယူဆရပါသည်။ (BUSINESS Vol.13, No.3, March 2013) အရိပ်ကောင်းကောင်းပေးနိုင်စွမ်းရှိသော မည်စည်ပင် (Madhuca longifolia, Bassia latifolia) များကိုလည်း စိုက်ပျိုးရန်စဉ်းစားသင့်ပေသည်။ ဦးပိန်တံတားကို ပန်းရစေသော မည်စည်ပင်မျိုး ကိုပြည်သူများအပန်းဖြေသော ဒေသများဖြစ်သည့် မော်တင်စွန်းကဲ့သို့သော နေရာများ၊ ချောင်ကြိုချောင်ကြားနှင့် သင့်တော်ရာမြေလွတ်များတွင်လည်း စိုက်ပျိုးသင့်ကြပေသည်။ မိုးရာသီ၌ မှည့်ပြီး၍ ကြွေကျလာသော မည်စည်သီးများတွင် အဆီ ၆၀ ရာခိုင်နှုန်းခန့်ပါဝင်၍ ယင်းအဆီများကို မဆလခေတ်က ပြည်တွင်း၌ ဆပ်ပြာချက်ရာတွင် လိုအပ်သလို တွက်ချက်ပြီး အမဲဆီကိုအစားထိုးကာ ဆပ်ပြာထုတ်လုပ်၍ သုံးစွဲခဲ့ကြသည်။ အလားတူပင် တဇင်းပင်များ စိုက်ပျိုးထားပြီး ဆီများထုတ်ယူကာ ဆပ်ပြာချက်လုပ်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံကား ကျွမ်းကျင်ပညာရှင်များလည်း ရှိသည်။ အိန္ဒိယနိုင်ငံသည် နှစ်စဉ်မည်စည်ဆီ တန်ချိန်ထောင်ပေါင်းများစွာကို ပြည်ပသို့ရောင်းချရကြောင်း သိရှိရသည်။

တစ်ချိန်တည်းမှာပင် ဆေးလည်းအစာ၊ အစာလည်းဆေး ဆိုသည့်အလျောက် အာဟာရပင်များဖြစ်သော ဒန့်သလွန်ပင်၊ သဘော်ပင်၊ ငှက်ပျောပင်၊ မန်ကျည်းပင်၊ သစ်ဆိမ့်ပင်၊ သီဟိုဠ်သရက်ပင်၊ ထောပတ်သီးပင်၊ ဆီးဖြူသီးပင် စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။

အထက်ဖော်ပြပါ သစ်ပင်များအထဲမှ တချို့ကို ရခိုင်ပြည်နယ်အထူးစီမံချက်များအတွက်လည်း စဉ်းစားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ကုန်ချော တန် ၅၀ ထုတ်လုပ်မည့် မြိတ်ငါးမှုန့်ကြိတ်စက်ရုံ ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချထား

**မြိတ် မေ ၁၆**

တန် ၂၀၀ ငါးအမှုန့်ကြိတ်စက်ရုံလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ ကနဦး ဆန်းစစ်ခြင်း (IEE) တွေ့ရှိချက်များ တင်ပြဆွေးနွေးခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲ အခမ်းအနားကို မေ ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သကေတရပ်ကွက်ရှိ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်း ငါးအမှုန့်ကြိတ်စက်ရုံသည် ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းပေါ်၌တည်ရှိပြီး အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်ပိုင် လုပ်ငန်းတစ်ခုဖြစ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးက အမှာစကားပြောကြားခဲ့ပြီး အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာ ဦးမြင့်ဦးက မိတ်ဆက်စကားနှင့် လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက်အမြဲစိမ်းသော နည်းပညာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီမှအကြံပေး ဒေါက်တာကျော်စွာတင့်က ငါးအမှုန့်ကြိတ်စက်ရုံနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း လုပ်ဆောင်ရသည့် ရည်ရွယ်ချက်၊ စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများနှင့် အနည်းလျော့နည်းသက်သာစေရန် လုပ်ဆောင်ရမည့် နည်းလမ်းများကို ရှာဖွေခြင်း၊ ငါးအမှုန့်ကြိတ်စက်ရုံ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များနှင့် ထားရှိရမည့် စီမံခန့်ခွဲမှုအစီအစဉ်များ အကြောင်းတို့ကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရုံလုပ်ငန်းသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာ အုပ်စု ပထော်ပထက်ကျွန်း၌ တည်ရှိပြီး ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ကာ လတ်ဆတ်သော ပါစလီ၊ မယ်တော်လက်သည်း၊ ဘောင်းကြေး၊ မီးဝါးနှင့် စမ်းစပ် စသည့်အကြေးခွံများပြီး အသားနည်းသောငါးများကို ကုန်ကြမ်းအမျိုးအစားဖြင့် အသုံးပြုခဲ့ရာ တစ်နေ့လျှင် ကုန်ကြမ်းတန် ၂၀၀ ကို ကြိတ်ဝါးနိုင်ပြီး ကုန်ချောတန် ၅၀ ကို ထုတ်လုပ်နိုင်စွမ်းရှိသည်။ စက်ရုံမှ ထွက်ရှိလာသော ကုန်ချောများကို ရန်ကုန်ရှိ ထိုင်းနိုင်ငံမှ လာရောက်လုပ်ကိုင်သည့် တိရစ္ဆာန် အစာစပ်စက်ရုံတို့အပြင် ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး နိုင်ငံတကာနှင့် ပြည်တွင်းမှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၆

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့် ပျူမြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက်လည်း အဆိုပြုစာတွဲ Nomination Dossier တင်သွင်းခဲ့သည်။**




**ကူညီလျက်ရှိ**

ထို့အတူ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် UNESCO၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီတလီနိုင်ငံတို့က နည်းပညာနှင့် ပစ္စည်းအထောက်အပံ့များကို ကူညီလျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဒေသတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ၊ ဒေသခံအမွေအနှစ် ချစ်မြတ်နိုးသူများပါဝင်၍ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်တွေ့ကွင်းဆင်း သုတေသနပြုခြင်း၊ Inventory စာရင်းကောက်ယူခြင်း၊ GIS မြေပုံရရှိရေး ဆောင်ရွက်ခြင်း၊ ဒေသခံများ ပူးပေါင်းပါဝင်လာနိုင်ရေးနှင့် အမွေအနှစ်ချစ်မြတ်နိုးစိတ် ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ကွင်းဆင်းသုတေသနပြု**

မြောက်ဦးဒေသ၏ ရှေးကာလမှ ယနေ့ကာလအထိ ရေအသုံးချမှုဆိုင်ရာများ၊ ပထဝီဝင်အချက်အလက်များ၊ မြောက်ဦးဒေသ၏ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် အချက်များ၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အဆိုပြုစာရေးသားရေးဆိုင်ရာများ၊ ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့စေရန် ဘက်ပေါင်းစုံ ကာကွယ်ထိန်းသိမ်းနိုင်ရေးဆိုင်ရာများကို ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်း၍ မေ ၁၃ ရက်မှ ၁၅ ရက်အထိ ကွင်းဆင်းသုတေသနပြု ဆောင်ရွက်ခဲ့ကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ အီတလီနိုင်ငံ သံအမတ်ကြီး၊ အီတလီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန (AICS)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ South East University မှ ပညာရှင်များနှင့်အတူ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကိုးသောင်းပုထိုးတော်ကြီး၊ ဝင်းမနား စပါးကျီ၊ ဝင်းမနားပိဋကတ်တိုက်နှင့် ဝင်းမနားတံတိုင်းတို့ကို လည်းကောင်း၊ ဇီနမာန်အောင်ဘုရား၊ လက်ဆည်ကန်နှင့် တံတိုင်း၊ မင်္ဂလာမာန်အောင်ဘုရား၊ ရှစ်သောင်းဘုရား၊ မြောက်ဦးနန်းတော်ကုန်းနှင့် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်များသို့ ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီတွင် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

**ရလဒ်များအတည်ပြုဆုံးဖြတ်**

အစည်းအဝေးတွင် နိုင်ငံတကာအထောက်အပံ့နှင့် နည်းပညာဆိုင်ရာ အကူအညီများကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းအသုံးပြုနိုင်စေရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းရေးကိစ္စများအပြင် အီတလီနိုင်ငံ အထောက်အပံ့အကူအညီအဖြစ် ယူရို တစ်သန်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ စတင်ကြောင်းကြေညာခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့် မြေပုံရရှိရေး၊ ဇုန်နယ်နိမိတ်သတ်မှတ်ရေး၊ မြို့ပြစီမံကိန်းရေးဆွဲရေး၊ သုတေသနဆိုင်ရာလုပ်ငန်းများအပြင် လိုအပ်သည့် နည်းပညာ၊ သင်တန်း၊ ပစ္စည်းအကူအညီများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ အစည်းအဝေးဆွေးနွေးချက် ရလဒ်များအတည်ပြု ဆုံးဖြတ်ပေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

**လူမှုစီးပွားဘဝ တိုးတက်လာစေရေး**

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် UNESCO အပါအဝင် နိုင်ငံတကာပံ့ပိုးကူညီမှုများဖြင့် ပြည်တွင်း၊ ပြည်ပပညာရှင်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အီတလီနိုင်ငံ အစိုးရ၏အထောက်အပံ့ ယူရို တစ်သန်းကို အီတလီ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (AICS)က မြောက်ဦးဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်ရန် နည်းပညာသင်တန်းပေးခြင်း၊ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအကူအညီပေးခြင်း၊ အခြေခံပညာကျောင်းများရှိ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းလှူဒါန်းပေးခြင်း၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာစေရေးအတွက် NGO အဖွဲ့များကို အထောက်အပံ့ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရေး**

မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ဦးစီးပူးပေါင်းဆောင်ရွက်လျက်ရှိရာ UNESCO နှင့်အတူ ပြည်ပနိုင်ငံများရှိ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးတွင် အတွေ့အကြုံရှိသော ပညာရှင်များ၊ ကမ္ဘာ့အမွေအနှစ် ၅၃ ခုဖြင့် ကမ္ဘာတွင် ကမ္ဘာ့အမွေအနှစ်အများဆုံးရရှိထားသည့် အီတလီနိုင်ငံ၊ ကမ္ဘာ့အမွေအနှစ် ၅၂ ခုဖြင့် ဒုတိယကမ္ဘာ့အမွေအနှစ်အများဆုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က အဓိကပံ့ပိုးပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်တွင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် အဆိုပြုစာတွဲ(မူကြမ်း)တင်သွင်းနိုင်ရေးနှင့် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့မင်းသူရိယခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်လျှင် ရခိုင်ပြည်နယ်သည် ထိခိုက်ဆုံးရှုံးမှု အများဆုံးပြည်နယ်ဖြစ်ကြောင်း၊ ယခု ကျင်းပသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်း စီမံချက်ရေးဆွဲရေးသည် ရခိုင်ဒေသအတွက် အထူးလိုအပ်သည့်အတွက်ကြောင့် ကြိုဆိုပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ကောင်းမွန်သည့်ရလဒ်ကောင်းများ ရရှိအောင် ဆွေးနွေးကြရန်နှင့် ရရှိလာသော ရလဒ်ကောင်းများကိုလည်း တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး IOM မှ National Project Manager ဒေါ်အေးသိမ့်သူက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ရခိုင်ပြည်နယ် တရားသူကြီးချုပ် ကျောက်ဖြူအကျဉ်းထောင် စစ်ဆေး

ကျောက်ဖြူ မေ ၁၆

**ရခိုင်ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်နှင့် အဖွဲ့သည် မေ ၁၅ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေနှင့်အညီ ကျောက်ဖြူအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးသည်။**

ကျောက်ဖြူအကျဉ်းထောင် ညှော်ခန်းမ၌ အကျဉ်းထောင်တာဝန်ခံအရာရှိမှ အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းထောင်ရှိ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့် ဆေးရုံဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား၊ အကျဉ်းသူများနှင့် အချုပ်တရားခံများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ရေပေးဝေမှုနှင့် သောက်သုံးရေရရှိမှု အခြေအနေ၊ ကြန့်ကြာနေသော စစ်ဆေးဆဲ အချုပ်တရားခံများ ရှိ၊ မရှိ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးရရှိမှု ရှိ၊ မရှိ တို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်တရားသူကြီးချုပ်သည် ကျောက်ဖြူခရိုင်အတွင်းရှိ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် လိုအပ်သည်များကို ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆတ်ရိုးကျရပ်ကွက်မီးလောင်မှု ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဆတ်ရိုးကျမြို့သစ် အကွက်အမှတ်(၁)တွင် မေ ၁၅ ရက်က လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့်မိသားစုများအား စစ်တွေမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထောက်ပံ့ရေးပစ္စည်းများ သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။




**ဖြိုချခဲ့ရ**

အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင် လူနေအိမ် ၁၅ လုံး မီးသင့်လောင်ကျွမ်းခဲ့ပြီး နေအိမ် နှစ်လုံးကို မီးလောင်ကျွမ်းမှု အခြေအနေအရ ဖြိုချခဲ့ရကြောင်း သိရသည်။

“ပျက်စီးဆုံးရှုံးမှုတွေကို အတည်ပြုရယူပြီး အရေးပေါ်လိုအပ်မယ့်ပစ္စည်းတွေကို အမြန်ဆုံးထောက်ပံ့ကူညီပေးနိုင်ခဲ့တဲ့အတွက် ပီတိဖြစ်မိပါတယ်၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့တဲ့ အိမ်ထောင်စု ၁၇ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ စုံကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်၊ အဲဒီကယ်ဆယ်ရေးပစ္စည်း တစ်စုံမှာ တာပေါ်လင် တစ်စ၊ ခြင်ထောင် တစ်လုံး၊ စောင် တစ်ထည်၊ မီးဖိုချောင်သုံးပစ္စည်း တစ်စုံ၊ အမျိုးသားဝတ် အင်္ကျီနဲ့ ပုဆိုး တစ်စုံ၊ အမျိုးသမီးဝတ် တစ်စုံ၊ ကလေးဝတ် နှစ်စုံ၊ တစ်လ အသုံးပြုလို့ရတဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်စုံ၊ ၁၀ လီတာဝင်သောက်ရေပုံး တစ်ပုံးနဲ့ အမျိုးသမီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်စုံ ပါဝင်ပါတယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း လှူဒါန်းမှုတွေ ဆောင်ရွက်နေပါတယ်” ဟု စစ်တွေမြို့နယ် ကြက်ခြေနီအသင်းခွဲ မန်နေဂျာ ဦးစည်သူတိုးညွန့်က ပြောသည်။

အလားတူ မေ ၁၂ ရက် ညပိုင်းက မြေပုံမြို့နယ် ဝဘော်ကြီးကျေးရွာတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၉၄ လုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

**ကယ်ဆယ်ရေးပစ္စည်း**

“ကျွန်တော်တို့ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတွေက စစ်တွေ၊ ကျောက်ဖြူနဲ့ သံတွဲမြို့တွေမှာရှိပါတယ်၊ ဝဘော်ကြီးကျေးရွာမီးလောင်မှုသတင်း ရရချင်း ကယ်ဆယ်ရေးပစ္စည်းတွေ အလျင်အမြန် လှူဒါန်းနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ စစ်တွေနဲ့ မြေပုံက ခရီးကွာဝေးပါတယ်၊ ကယ်ဆယ်ရေးပစ္စည်းတွေ သေသေချာချာလှူဒါန်းနိုင်အောင် ပျက်စီးဆုံးရှုံးမှုတွေကို အတည်ပြုဆောင်ရွက်ပြီးပါပြီ၊ မကြာမီ သွားရောက်လှူဒါန်းနိုင်တော့မှာ ဖြစ်ပါတယ်” ဟု ဦးစည်သူတိုးညွန့်က ဆက်လက်ပြောပြသည်။

**မင်းမင်းဇော် (ကလေး)**

**ဓာတ်ပုံ - မောင်ဖိုးဇော်**

# မိုးကောင်းမြို့နယ်၌ ရထားလမ်းမိုင်းပေါက်ကွဲမှုနှင့် ရထားလမ်းပျက်စီးမှုဖြစ်ပွား တာဝန်ရှိသူများက ခရီးသည်များအား မော်တော်ယာဉ်များဖြင့် သွားလိုသည့်နေရာ အခမဲ့ပို့ဆောင်ပေး

**မိုးကောင်း မေ ၁၆**

မိုးကောင်းမြို့နယ် မရမ်းဘူတာနှင့် နမ္မတီးဘူတာကြား မိုင်တိုင်အမှတ် ၆၉၅/၂၄-၂၃ တံတားအမှတ် ၆၈၁ (တံတားညီနောင်)၌ မေ ၁၅ ရက် ည ၁၁ နာရီ ၂၅ မိနစ်ခန့်တွင် မြစ်ကြီးနား - ဟိုပင် တွဲငါးတွဲပါ APT မိုင်းရှင်းရထားသည် မိုင်းပေါက်ကွဲမှုဖြစ်ပွားသဖြင့် မိုင်းရှင်းရထား၏ သုံးတွဲမြောက် သံချပ်ကာတွဲနှင့် လေးတွဲမြောက် မိုင်းခံတွဲတို့မှာ ၄၅ ဒီဂရီ စောင်းသွားခဲ့ပြီး **(ယာပုံ)** သံလမ်းပျက်စီးသွားကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ယင်းနေ့ ည ၁၁ နာရီ မိနစ် ၅၀ တွင် မိုးကောင်းမြို့နယ် ထိုပူး - မိုးကောင်းဘူတာသွား ရထားလမ်း မိုင်တိုင် ၆၈၂/၁-၂ ကြား တံတားအမှတ် ၆၆၂ သို့ မိုးညှင်းမှ မြစ်ကြီးနားသို့ မောင်းနှင်လာသော အမှတ် ၂၄၇ အဆန်ကုန်ရထားမှ ရောက်ရှိ ဖြတ်သန်းစဉ် သံလမ်းတွန့်ခေါက်ပြီး တံတားအုတ်ခုံကွဲနေသည်ကို စက်ခေါင်းမောင်း ဦးမျိုးမြင့်က တွေ့ရှိသဖြင့် ရထားကို ထိန်း၍မောင်းနှင်လာခဲ့ကြောင်း၊ မိုးကောင်းဘူတာသို့ မေ ၁၆ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိရပ်နားခဲ့ပြီး မိုးကောင်းဘူတာ ဒုရုံပိုင် ဦးစံသိန်းထွန်းထံ သတင်းပို့ခဲ့ကြောင်းနှင့် အဆိုပါနေရာသို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မေ ၁၆ ရက် နံနက်ပိုင်းက မန္တလေးဘက်မှ မြစ်ကြီးနားသို့ ခရီးသည်များ တင်ဆောင်လာသော အမှတ် ၅၅ အဆန် မီးရထားသည် မရမ်းကျေးရွာနှင့် ထိုပူးကျေးရွာရှိ မီးရထားလမ်းများ မိုင်းပေါက်ကွဲမှုကြောင့် မိုးညှင်းမြို့မီးရထားဘူတာရုံတွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ခရီးသည်များ အဆင်ပြေစွာ ခရီးဆက်လက်သွားလာနိုင်ရန်အတွက် မိုးညှင်းမီးရထား ဘူတာရုံပိုင်ကြီးနှင့် တာဝန်ရှိသူများက ခရီးသည် ၁၁၈ ဦးအား မော်တော်ယာဉ်သုံးစီးဖြင့် မွန်းတည့် ၁၂ နာရီမှ စတင်ပြီး မိမိတို့ သွားလိုသည့် နေရာအရောက် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် မိုးညှင်းဘူတာသို့ ဆိုက်ရောက်မည့် အမှတ် ၄၈ အဆန် ဒုတိယ အမြန်ရထားဖြင့် လိုက်ပါလာမည့် မီးရထားစီး ခရီးသည်များကိုလည်း နေရပ်သို့အရောက် ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့အဝင်၌ မီးရထားလမ်းပျက်စီးခဲ့ရာ ဟိုပင်ဘူတာတွင် မန္တလေးဘက်မှ ထွက်ခွာလာသော အမှတ် ၃၇ အဆန် မန္တလာရထားနှင့် အမှတ် ၅၇ အဆန် မြစ်ဆုံမန္တလာရထားများမှ ခရီးသွားပြည်သူ ၁၀၇ ဦး တို့ကိုလည်း နံနက် ၁၁ နာရီက ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်၊ မီးရထားမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၏ ကူညီမှုနှင့် အတူ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားသို့ အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့**



# ဖားကန့်မြို့နယ် လက်ဝါးကျေးရွာရှိ တိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

မြစ်ကြီးနား မေ ၁၆

**ကချင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်လျက်ရှိသော နယ်မြေအခြေအနေကြောင့် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ တိမ်းရှောင်ပြည်သူများသည် ဖားကန့်မြို့နယ် လက်ဝါးကျေးရွာ စိန်ပေါဘုရားကျောင်းဝင်းအတွင်း ခေတ္တနေထိုင်လျက်ရှိရာ အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆန်ရိက္ခာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။**

**ပူးပေါင်းစီစဉ်**

အဆိုပါ ဘုရားကျောင်းဝင်းအတွင်းရှိ တိုက်ပွဲရှောင် မိသားစု ၄၅ စု၊ လူဦးရေ ၁၆၀တို့အား ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်နှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွား ရောက်တွေ့ဆုံခဲ့ကြပြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် လူမှုရေးဝန်ကြီးတို့က နှစ်သိမ့်အားပေးစကားပြောကြားကာ မိသားစုဝင်များ၏ ကလေးများ ပညာသင်ကြား




နိုင်ရေးနှင့် သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့မှ ကလေးဝတ်အနွေးထည် ၄၇ ထည်၊ ဆန်အိတ် ၅၀ နှင့် အာဟာရပြည့် နို့မှုန့်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်အိတ် ၄၇ အိတ်၊ ဆီ ၇၄ ပိဿာ၊ ဆား ၃၇ ပိဿာနှင့် ပဲ ၇၄ ပိဿာ၊ လူမှုဝန်ထမ်းဦးစီးဌာနက မိသားစုများထဲမှ မသန်စွမ်းတစ်ဦးအတွက် ငွေကျပ် ၃၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ နှင့် အသက် ၉၀ ကျော် အဘိုးတစ်ဦးအတွက် ငွေကျပ် ၁၂၀၀၀၀၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးပစ္စည်းမျိုးစုံတို့ကို ထောက်ပံ့ပေးအပ်ရာ ဘုရားကျောင်းတာဝန်ခံနှင့် မိသားစုဝင်များက လက်ခံရယူခဲ့ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် တိုက်ပွဲရှောင်ပြည်သူများ ယာယီနေထိုင်ရေး ဆောက်လုပ်လျက်ရှိသည့် နေအိမ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မော်လိုက်မြို့နယ်၌ လေပြင်းတိုက်မှုကြောင့် ပျက်စီးခဲ့သည့် ကျေးရွာများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မော်လိုက် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ လေပြင်းတိုက်မှုကြောင့် နန်းသီကျေးရွာနှင့် ထော်သာကျေးရွာရှိ အမိုးလန်ပျက်စီးခဲ့သည့် နေအိမ် ၁၅ လုံးအတွက် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးသန့်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နွဲ့ယဉ်စန်းနှင့် မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ကျော်လွင်ဦးတို့သည် မေ ၁၆ ရက် နံနက်ပိုင်းက ယင်းကျေးရွာများသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့မှုတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ နန်းသီကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်း အမိုးလန်ပျက်စီးခြင်းအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ထော်သာကျေးရွာမှ နေအိမ် နှစ်လုံးနှင့် နန်းသီကျေးရွာများမှ နေအိမ် ၁၃ လုံး စုစုပေါင်း နေအိမ် ၁၅ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ပုံး၊ တစ်အိမ်လျှင် တစ်ပုံးနှုန်းဖြင့် ၁၅ ပုံးနှင့် ထောက်ပံ့ငွေ ငွေကျပ်သိန်း စုစုပေါင်း ၄၃၅၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မော်လိုက်သားလေး**

# လက်ပံတန်း၌ လေပြင်းတိုက်စဉ် သစ်ကိုင်းပိ၍ တစ်ဦး သေဆုံး

**လက်ပံတန်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သာရဝေါကျေးရွာ၌ မေ ၁၆ ရက် ညနေ ၅ နာရီခန့်က လေပြင်းထပ်မံတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၅ လုံး ပြိုလဲပျက်စီးခဲ့သည်။ လေပြင်းတိုက်ခတ်စဉ် လုံးပတ် လေးပေခန့်ရှိ ကုက္ကိုပင် သစ်ကိုင်းမှာ ကျိုးကျပြီး ဝါးထရံရုံပေါ်သို့ ပြိုကျကာ ဦးစန်းမောင် (၅၁ နှစ်) ဝါးထရံလုပ်ငန်းလုပ်သူနှင့် သမီး မထက်ထက်ဆွေတို့ ပိနေသဖြင့် ရွာသူ ရွာသားများက ဆွဲထုတ်ရာ မထက်ထက်ဆွေတွင် ဒဏ်ရာရရှိမှု မရှိသော်လည်း ဦးစန်းမောင်တွင် ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မူဆယ်မြို့ ပစ်ခတ်မှုဖြစ်စဉ်ကြောင့် ဆန်တင်ပို့မှုကျဆင်းကာ စပါးဈေးနှုန်းများ ထပ်မံကျဆင်း

ရေတာရှည် မေ ၁၆

**ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်ဖြင့် နွေစပါးစိုက်ပျိုးနိုင်ကြသည့် ပဲခူး၊ ဖြူး၊ အုတ်တွင်း၊ တောင်ငူ၊ ရေတာရှည်မြို့နယ်များ၌ ယခုအခါ ရင့်မှည့်ရိတ်သိမ်းကာ ဈေးကွက်သို့တင်ပို့ ရောင်းချလျက်ရှိပြီ ဖြစ်သည်။ ပေါ်စအချိန်၌ နေပြည်တော် အေလာမြို့တစ်ဝိုက်မှ စပါးဝယ်ယူသူများကြောင့် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၇၀၀၀၀ အထိ ဈေးပေးဝယ်ယူကြသည့်အတွက် အစောပေါ်သည့် တောင်သူများ ဈေးကောင်းရရှိခဲ့ကြသည်။**

မေလ ဒုတိယပတ်တွင် စပါးဖြိုင်ဖြိုင်ပေါ်ချိန်၌ ရောင်းလိုအားနှင့် ဝယ်လိုအား မမျှဖြစ်ရာက အဝယ်အေးကာ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၁၀၀၀၀ အထိ ကျဆင်းခဲ့ပြီး တောင်သူများအနေဖြင့် စက်ရိတ်သိမ်းခနှင့် လုပ်အားခ အကြွေးများပေးရန်အတွက် ငွေလိုအပ်မှုများကြောင့် ရသည့်ဈေးဖြင့် အကြွေးရောင်းချနေရသော်လည်း ၁၅ ရက်၊ တစ်လခန့်ကြာသည်အထိ စပါးဖိုးငွေများ မရသည့်အပြင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာလမ်းကြောင်းဖြစ်သော မူဆယ်မြို့တွင် လတ်တလော အခြေအနေကြောင့် ဆန်တင်ပို့မှုများ ရပ်ဆိုင်းသွားခဲ့ရာတွင် စပါးဈေးနှုန်း ဆက်လက်ကျဆင်းကာ တင်း ၁၀၀ လျှင် ငွေကျပ် ၄၉၀၀၀၀ အထိ ကျဆင်းသွားကြောင်း လတ်တလောရောင်းချလိုက်ရသည့် တောင်သူတစ်ဦးက ပြောကြားသည်။

"ရောင်းသာ ရောင်းလိုက်ရတာ ရင်တမမနဲ့ပဲ၊ ပွဲစားတွေ စပါးတင်း သောင်းနဲ့ချီပြီး ပိုက်မိနေတာ အချို့လဲ ထွက်ပြေးကုန်တယ်လို့ သတင်းတွေကြားနေရတော့ စပါးရောင်းပြီး ညက အိပ်လို့တောင်မပျော်ဘူး"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ တောင်သူ ဦးတင်ဝင်းက ပြောသည်။

စပါးဈေးကျဆင်းသော်လည်း ဆန်ဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ ဈေးနှုန်းမြင့်တက်သွားပြီး တောင်သူအများစုမှာ မိမိတို့လယ်မှ ထွက်ရှိသည့် စပါးကို အခြောက်လှန်းရခြင်းအတွက် ကုန်ကျစရိတ်၊ သယ်ယူစရိတ်နှင့် လုပ်အားခများ တိုးမြင့်လာသည့်အတွက် ကုန်ကျမှုပိုမိုများပြားလာသည့်အပြင် ရောင်းချရသည့် စပါးဈေးကွက် တည်ငြိမ်ခြင်းမရှိသည့်အခါ စိုးရိမ်သောကများဖြင့် ကြုံတွေ့နေကြရသည်ကို တွေ့ရှိရသည်။

"အခိုက်အတန့်ပါ မူဆယ်ဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆန်စက်လုပ်ငန်းရှင်တွေနဲ့ စပါးပွဲစားတွေအတွက် အခွင့်အလမ်းအကြီးကြီးရသွားတာ သူတို့ပါးစပ်ထဲမှာ ဈေးက ပြောင်းလဲနေတာ တောင်သူတွေကို ဈေးကွက်မလှုပ်လှုပ်အောင်လုပ်ပြီး ဈေးနှိမ့်ဝယ်တယ်လို့ ကျွန်တော်တို့ ယူဆတယ်၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတဲ့ စကားပုံလိုပါပဲ၊ နိုင်ငံတော်အပိုင်းကလည်း ဒါတွေကို သိဖို့ကောင်းပါတယ်"ဟု တောင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။



**ကိုလွင် (ဆွာ)**

# နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ်အားကစားသမားပေါ်ထွန်းလာရေး ဘတ်စကက်ဘောပြိုင်ပွဲများ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော နွေရာသီဖိတ်ခေါ်အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း (မိုးလုံ၊ လေလုံ) အားကစားရုံ၌ စတင်ယှဉ်ပြိုင်ကစားသည်။

အဆိုပါပြိုင်ပွဲကို နိုင်ငံတစ်ဝန်းမှ ဒေသအသီးသီးရှိ ကျောင်းသားလူငယ်များ ဘတ်စကက်ဘောအားကစားနည်းကို စိတ်ဝင်တစားပါဝင်ကစားလာစေရေး၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးနှင့် ထိုမှတစ်ဆင့် အဖွဲ့ချုပ်အတွက် အားကစားသမားကုန်ကြမ်းရရှိအထောက်အကူပြုနိုင်ရေးတို့အတွက် ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက် ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဦးမောင်မောင်မြင့်နှင့် ဦးခင်မောင်အေး၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ယင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်သို့ အလှူငွေများပေးအပ် လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ငွေကျပ် ၄၄ သိန်း၊ Sky Net ရုပ်သံလိုင်းမှ ငွေကျပ် ၉၅၁၁၀၀၀၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း REVA Co., Ltd မှ ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့် Loi San Kham က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေး Gold Power က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိန်သန်းက ငွေကျပ်ငါးသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်း SIMA Living Mall က ငွေကျပ် ၁၀ သိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့် All State int Co., Ltd က ငွေကျပ်ငါးသိန်း၊ အမှုဆောင် ဦးအောင်မြင့်က ငွေကျပ် ၁၀ သိန်း၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်တို့က ငွေကျပ်တစ်သိန်းစီ အသီးသီးလှူဒါန်းရာ စုစုပေါင်းငွေကျပ် ၁၉၅ သိန်းရရှိသည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်အသင်းများမှ အမျိုးသားအကြီးတန်း ၂၇ သင်း၊ အမျိုးသမီးအကြီးတန်းရှစ်သင်း၊ အမျိုးသားအငယ်တန်း ၁၈ သင်းနှင့် အမျိုးသမီးအငယ်တန်း ၁၀ သင်းစုစုပေါင်း ၆၃ သင်းမှ ပြိုင်ပွဲဝင်အားကစားသမားကိုးရာကျော်ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။ ယင်းပြိုင်ပွဲကို ယနေ့မှ မေ ၂၅ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် ကျိုက္ကဆံအားကစားပြိုင်ဝင်းတို့တွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာများအတွက် စကားပြောကုထုံး သင်တန်းဆင်း

**ရန်ကုန် မေ ၁၆**

"အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာများအတွက် စကားပြောကုထုံး" Speech Training Initiative in Myanmar for Cleft သင်တန်းပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲ ၂နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

အဆိုပါသင်တန်းကို Smile Train Organization နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တို့ ပညာရေးပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက သင်တန်းသူ ဆရာမခြောက်ဦးတို့အား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**




# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ နေပြည်တော်၌ ကျင်းပမည်

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် နေပြည်တော်ရေပြာတပ်မတော်ဂေါက်ကွင်း၌ မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် Senior Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (H cap 0-12)၊ အမျိုးသမီး (H cap 0-18) အဆင့်များနှင့် Junior များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း-၀၉-၇၇၉၈၄၆၇၆၁၊ ၀၉-၂၅၄၂၂၅၀၇၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

ဦးမျိုးမင်းထွန်းလက်ထက်တွင် ရန်ကုန်အသင်းသည် များစွာတိုးတက်လာသော်လည်း နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများသည့် ဆီရက်စ်အသင်းက ဗိုလ်လုပွဲတက်ရောက် နိုင်သည့်ရလဒ်ကို ရယူသွားခြင်း ဖြစ်သည်။

ရန်ကုန်အသင်းသည် အသင်းခေါင်းဆောင်အဖြစ် ဂိုးသမားကျော်ဇင်ထက်ကို တာဝန်ပေးကာ မောင်မောင်လွင်၊ ဆယ်လာ၊ မိုကာလူး၊ အီမန်နျူရယ်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ဆီရက်စ်အသင်းမှာလည်း မာရာနွန်၊ တိုနီ၊ မန်နျူရယ်အော့သ် အပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပထမအကျော့ရလဒ်ကြောင့် အိမ်ကွင်း၌ နှစ်ဂိုးနှင့်အထက် အနိုင်ကစားရမည့် ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲအစ ၂ မိနစ်တွင် ဂိုးစရခဲ့ကာ ဂျပန်ကွင်းလယ်ကစားသမား ယာမာဇာကီက သွင်းယူခဲ့သည်။ သို့သော် ၈ မိနစ်တွင် ဆီရက်စ်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မန်နျူရယ်အော့သ်က သွင်းယူသည်။

ယင်းနောက်ပိုင်းတွင် ဆီရက်စ်အသင်းက ပွဲကိုထိန်းချုပ်ကစားခဲ့ပြီး ရန်ကုန်အသင်း တိုက်စစ်ကို အဆင့်ဆင့်ဖြတ်တောက်ခဲ့သောကြောင့် အခွင့်အရေးအနည်းငယ်သာရခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်လာခဲ့သလို ကြည်လင်းနှင့် အီစိုးကိုထည့်ကာ ဂိုးရရန် ကြိုးပမ်းခဲ့သည်။ ဆီရက်စ်အသင်းသည် ၇၈ မိနစ်တွင် ဒုတိယဂိုးရခဲ့ပြီး မာရာနွန်က သွင်းယူခဲ့သည်။ မာရာနွန်သည် ဂိုးသွင်းအပြီး ရန်ကုန်နောက်ခံလူ သိန်းဇော်ကို သွားရောက် လှောင်ပြောင်ခဲ့သောကြောင့် နှစ်ဖက်ကစားသမားများ ရုန်းရင်းဆန်ခတ်ဖြစ်ပေါ်ခဲ့ပြီး ကွင်းလယ်ဒိုင်က မာရာနွန်ကို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။

ယင်းဖြစ်ရပ်တွင် ပါဝင်ခဲ့သည့် ရန်ကုန်တိုက်စစ်မှူး အီမန်နျူရယ်ကို အဝါကတ်ပြသခဲ့သည်။ အီမန်နျူရယ်သည် နှစ်မိနစ်အကြာ ချေပဂိုးသွင်းယူအပြီးတွင် ဘောလုံးပြန်ရယူရာ၌ ပြိုင်ဘက်ကစားသမားကို တွန်းလှဲခဲ့သောကြောင့် ဒုတိယမြောက် အဝါကတ်ထိကာ ထုတ်ပယ်ခံခဲ့ရသည်။ ရန်ကုန်အသင်းသည် ၈၁ မိနစ်တွင် ချေပဂိုးပြန်ရခဲ့ပြီး အီစိုးက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၈၅ မိနစ်တွင် ပယ်နယ်တီရကာ ဆယ်လာက သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ကျော့ပေါင်းသရေကျရန် နောက်ထပ်တစ်ဂိုးလိုအပ်နေသောကြောင့် ကြိုးစားခဲ့သော်လည်း ဆီရက်စ်အသင်းက ထိန်းကစားခဲ့သည်။

အာဆီယံဇုန် အခြားဆီမီးဖိုင်နယ်ပွဲတွင် ဟုမ်းယူနိုက်တက် (စင်ကာပူ)က ပါဆီဂျာ (အင်ဒိုနီးရှား) ကို အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲတက်ခဲ့သည်။

ဗိုလ်လုပွဲတွင် ပါဆီဂျာနှင့် ဆီရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာ့လက်ရွေးစင်အသင်း နည်းပြသစ်အဖြစ် အန်တွမ်နီဟေးအား ခန့်အပ်

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးအား ၂၀၁၉ ရာသီကုန်အထိ ခန့်အပ်လိုက်ပြီဖြစ်သည်။ နည်းပြသစ်ခန့်အပ်ခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် MFF ရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်နည်းပြချုပ်အဖြစ် အန်တွမ်နီဟေးနှင့်အတူ ဂျာမန်လက်ထောက်နည်းပြ- ဟာလက်၊ ဂိုးနည်းပြ ကာစတန်ဟာတေ့၊ ပြည်တွင်းလက်ထောက်နည်းပြ ဦးစိုးမြတ်မင်းတို့ကို ၂၀၁၉ ခုနှစ်ကုန်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ အန်တွမ်နီဟေးသည် ယခုနှစ်အတွင်း အဓိကနိုင်ငံတကာပြိုင်ပွဲများအဖြစ် ဩဂုတ်လတွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ၊ နိုဝင်ဘာတွင် ကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပွဲဦးထွက်အဖြစ် မေ ၂၆ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ်သစ် အန်တွမ်နီဟေးက "မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်၊ ကျွန်တော့်အနေနဲ့ ၂၀၀၅ ခုနှစ်မှာ ပရော်ဖက်ရှင်နယ်နည်းပြလိုင်စင်ရခဲ့ပါတယ်၊ လက်ရွေးစင်အသင်းခြောက်သင်းကို ကိုင်တွယ်ခဲ့ဖူးပေမယ့် အာရှအသင်းတွေထဲက မြန်မာအသင်းကို ပထမဆုံးကိုင်တွယ်ဖူးတာပါ၊ မန္တလေးမှာကစားတဲ့လိဒ်စ်ယူနိုက်တက်အသင်းနဲ့ခြေစမ်းပွဲမှာ လက်ရွေးစင်အသင်းရဲ့ကစားပုံကြည့်ခဲ့ရပါတယ်၊ အခုလောလောဆယ်တရုတ်အသင်းနဲ့ ခြေစမ်းပွဲအတွက် မေ ၂၁ ရက်မှာ စတင်လေ့ကျင့်မှာဖြစ်ပါတယ်၊ မြန်မာအသင်းမှာအလားအလာရှိတဲ့ ကစားသမားတွေအများကြီးရှိပါတယ်၊ ကစားသမားရွေးချယ်ဖို့ လက်ထောက်နည်းပြဦးစိုးမြတ်မင်းဆီက အကူအညီအများကြီးရပါတယ်၊ ကစားသမားတွေရဲ့အကြောင်းနဲ့ ကစားပုံကို သိအောင်လုပ်ပြီးမှ အသင်းကိုတည်ဆောက်သွားမှာပါ၊ ကျွန်တော့်အနေနဲ့ ဒီနှစ်ထဲမှာ အဓိကပြိုင်ပွဲနှစ်ခုယှဉ်ပြိုင်ရဖို့ ရှိပါတယ်၊ မြန်မာအသင်းအနေနဲ့ အောင်မြင်မှုရဖို့ ရုန်းကန်နေရပေမယ့် ယုံကြည်မှုရှိလို့လာရောက်ကိုင်တွယ်တာပါ၊ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးမှာပါ၊ အချိန်ယူပြင်ဆင်မှာဖြစ်လို့ မြန်မာကစားသမားတိုင်းအတွက် အခွင့်အရေးရှိပါတယ်"ဟု ပြောကြားသည်။




မြန်မာ့လက်ရွေးစင်နည်းပြသစ်အား ရွေးချယ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်က "နည်းပြသစ်ကိုကျွန်တော်တို့ကြိုပြီး ရှာဖွေခဲ့ပါတယ်၊ ဝက်ဘ်ဆိုက်မှာတင်ခဲ့သလို နီးစပ်သူတွေဆီကလည်း ရှာဖွေခဲ့ပါတယ်၊ လာရောက်လျှောက်ထားသူနဲ့ ကျွန်တော်တို့ရှာဖွေထားတဲ့နည်းပြ ၇၀ ဝန်းကျင်အထိရှိခဲ့ပါတယ်၊ ကျွန်တော်တို့ မြန်မာအသင်းနဲ့ အံဝင်နိုင်မယ့်သူတွေကို ပဏာမရွေးချယ်ခဲ့ပါတယ်၊ လာရောက်လျှောက်ထားသူတွေအများကြီးရှိပြီး ကျွန်တော်တို့အနေနဲ့ ကလပ်အသင်းထက် လက်ရွေးစင်အသင်းကိုင်တွယ်ဖူးတဲ့သူကို ပိုပြီးဦးစားပေးပါတယ်၊ ပြီးတော့ နည်းပြတစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းအတွက် မေးခွန်း ၁၂ ခုပါတဲ့ အမေးတွေကိုပေးပို့ပြီး ဖြေဆိုစေခဲ့ပါတယ်၊ အတွေးအခေါ် နဲ့နည်းစနစ်တွေကို နှုတ်ဖြေ၊ရေးဖြေပြုလုပ်ခဲ့ပါတယ်၊ သူ့ရဲ့စွမ်းဆောင်မှုတွေနဲ့ရလဒ်တွေကို သေချာစောင့်ကြည့်မှာပါ၊ အာရှအားကစား ပြိုင်ပွဲထက် ဆူဇူကီးဖလားပြိုင်ပွဲရလဒ်ကို အဓိကစောင့်ကြည့်မှာပါ"ဟု ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲမတိုင်မီ စာချုပ်ချုပ်ဆိုပွဲကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီအီးအို ဦးဘုန်းနိုင်မော်၊အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြချုပ်အန်တွမ်နီဟေးနှင့်အတူ လက်ထောက်နည်းပြများကိုပါ ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- စိုးညွန့်**

# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် တရားမဝင်သယ်ဆောင်လာသော နိုင်ငံခြားငွေများ သိမ်းဆည်းရမိ

မြဝတီ မေ ၁၆

**မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် တရားမဝင်သယ်ဆောင်လာသော နိုင်ငံခြားငွေများအား နယ်မြေခံရဲတပ်ဖွဲ့မှ ယနေ့ နံနက် ၉ နာရီခွဲခန့်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**





ဖြစ်စဉ်မှာ မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားတွင် တံတားလုံခြုံရေးတာဝန်ကျ ဒုရဲအုပ် ထွန်းလင်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀)သတင်းတပ်ဖွဲ့စုမှ ဒုရဲမှူး သောင်းဒန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၃၂ မှ ဒုရဲမှူးမင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် နံနက် ၉ နာရီခွဲက သတင်းအရ မြဝတီမှ မဲဆောက်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အံကြီး ၈ ရပ်ကွက်နေ ယာဉ်မောင်း အောင်မျိုး(၄၀နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 9K/---- VOXY ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏ အင်ဂျင်ခန်းအတွင်း၌ သတင်းစာစက္ကူနှင့်ထုပ်ပြီး ပလတ်စတစ် အိတ်ဖြင့်ပတ်လျက်ထုပ်ထားသော အထုပ်နှစ်ထုပ်အား တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ အမေရိကန်ဒေါ်လာ ၁၆၁၂၉၀၊ ယူရို ၄၃၅၀၊ ဂျပန်ယန်း ၁၃၁၇၀၀၀ တို့အား စစ်ဆေးတွေ့ရှိရသည့်အတွက် ဒုရဲအုပ် ထွန်းလင်းကျော်က သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ နိုင်ငံခြားငွေများအား တရားမဝင်လက်ဝယ်ကိုင်ဆောင်တွေ့ရှိသူ အောင်မျိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

မူးယစ်တပ်ဖွဲ့စု၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် နံနက် ၆ နာရီခွဲက ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာနေ မဆိုင်မွန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ နှင့် ဘိန်းဖြူဆပ်ပြာခွက်လေးခွက်(ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၀၄၄ ကီလို)တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမှာ တစ်ရွာတည်းနေ ခဲအိုဖြစ်သူ ဆန်းမွန်းက အပ်နှံထားကြောင်း သိရှိရသဖြင့် ဆန်းမွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ငွေကျပ် ၅၉၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု ၂၇ လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားလမ်းတွင် ခရီးသည်တင်ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မမြင့်ကြည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်အခြေစိုက်ရိုက်တာသတင်းဌာနမှ သတင်းထောက်များအား စွဲဆိုထားသည့်အမှုမှ တရားလိုပြသက်သေတစ်ဦးကို စစ်ဆေး

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက်ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ အမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က ယနေ့ နံနက် ၁၀ နာရီတွင် တရားလိုပြသက်သေ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ရုံးရှေ့၌ စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းအမှုနှင့် ပတ်သက်၍လည်း ယနေ့ အချိန်ထိ ရုံးထုတ်စစ်ဆေးမှု ပြုလုပ်ရာတွင် တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှ ရုံးချိန်းပေါင်း ၁၈ ချိန်းတွင် သက်သေ ၁၉ ဦး စစ်ဆေးပြီးဖြစ်ခြင်းကြောင့် ကျန်သက်သေခြောက်ဦးအနက် နောက်တစ်ပတ်ရုံးချိန်းကို မေ ၂၁ ရက် နှင့် မေ ၂၂ ရက်ကို နှစ်ရက်ဆက်တိုက် စစ်ဆေးမှု ပြုလုပ်သွားရန်ရှိကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ဒီနေ့ ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှု အမှတ် ၄ တရားလို ရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ ကိုသက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ တရားလိုပြသက်သေဖြစ်တဲ့ ဒုတပ်ကြပ် နိုင်လင်းကို စစ်ဆေးပါတယ်၊ နောက်တစ်ပတ်ရုံးချိန်းက မေ ၂၁ ရက် (တနင်္လာနေ့)ပါ၊ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်သူ စီအိုင်ဒီက ရဲအရာရှိတစ်ဦးကို စစ်ဆေးမှုပြုလုပ်မယ်၊ မေ ၂၂ ရက် (အင်္ဂါနေ့)မှာလည်း လိုပြသက်သေတစ်ဦးဦးကို စစ်ဆေးမယ်လို့ ဥပဒေအရာရှိကို ရုံးရှေ့ပို့ပေးဖို့ ညွှန်ကြားလိုက်တာရှိပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၇ -၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၄၅ - **၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေ**
- ၁၀း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၁း၀၀ - **သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း**
- ၁၁း၄၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **အချစ်စမ်းချင်စမ်း၊ မစမ်းချင်နေ**
- ၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၁) (မန္တလေးမြို့) (ဒုတိယပိုင်း)

**ညပိုင်း**

- ၁၆း၃၅ - **၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (မြန်မာစာဘာသာရပ်)**
- ၁၇း၁၅ - NHK အစီအစဉ် **Mathematica** (ဘယ်ဟာက ပိုသာလဲ)
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၂၁) မင်းဦး၊ ဖိုးသောကြာ၊ ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် ဒါရိုက်တာ-အောင်သြဘာ
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **ကချင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်သည့် အခြေအနေ**
- America's Got Talent
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်**(အပိုင်း-၃၃)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) ဒါရိုက်တာ- ကြည်စိုးထွန်း

# ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ စစ်ဆေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၄၇ စီး၊ သွင်းကုန် ၉၆၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၇၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၅၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၅ ရက်က မူဆယ်နှင့်မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကင်မ်တာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မီးစက်(အသေး) ၂၅ လုံး၊ Bell Machinery ၂၅ ခု၊ လက်ကိုင်စက်လွှ ၁၂ ခုနှင့် ခေါက်ဆွဲဖာ ၁၉၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၄ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေး ကျပ်တစ်သောင်းတန်ငွေစက္ကူအတုအမှု၏ ကွင်းဆက်ဖြစ်သူအား ပခုက္ကူမြို့တွင် ငွေအတုရွက်ရေတစ်ထောင်ကျော်နှင့်အတူ ဖမ်းဆီးထား

**ပခုက္ကူ မေ ၁၆**



မန္တလေးမှုခင်းရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးထားသော ကျပ်တစ်သောင်းတန်ငွေစက္ကူအမှု၏ကွင်းဆက်အဖြစ် သတင်းရထားသူတစ်ဦးကို မေ ၁၅ ရက် ည ၁၁ နာရီ ၅၈ မိနစ်ခန့်က ပခုက္ကူမြို့မှ နေအိမ်တစ်ခုတွင် ဖမ်းဆီးရမိခဲ့ပြီး ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၀၃၅ ရွက်ကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း မကွေးမှုခင်းရဲတပ်ဖွဲ့မှ သိရသည်။

မကွေးမှုခင်းရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်မောင်၏ ကြီးကြပ်မှုဖြင့် မကွေးမှုခင်းရဲတပ်ဖွဲ့ရဲအုပ် သန်းဇော် ဦးဆောင်ကာ ပခုက္ကူမြို့မရဲစခန်းမှူး၊ ဒုရဲမှူး သိန်းဆန်းဦး၊ ပခုက္ကူခရိုင် မှုခင်းအကူဌာနစိတ်မှ ရဲအုပ်မျိုးလွင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဦးကိုလေး (သီးနှံပွဲစား)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ကြောင်း၊ အဆိုပါနေအိမ်တွင် ကျော်ဟိန်း (၃၇ နှစ်) ကုန်ကားမောင်း၊ တောင်ခင်ရန်းကျေးရွာ ဂန့်ဂေါမြို့နေထိုင်သူအား တွေ့ရပြီး နေအိမ်အနောက်ဘက်၊ အိမ်သာနှင့် ခြံစည်းရိုး အုတ်နံရံကြားတွင် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၀၃၅ ရွက် တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ် အမှတ် ၉ မြို့မရဲစခန်း၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အောင်ဆန်းဝင်းပါသုံးဦးကို အမှုဖွင့်ထားကြောင်း၊ ပခုက္ကူမြို့မှ အိမ်ရှင် ဦးကိုလေးနှင့် ကွင်းဆက်အဖြစ် ဖမ်းဆီးရမိသူ ကျော်ဟိန်းတို့ကို ပခုက္ကူမြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# လှိုင်ဝ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသူများ ဖမ်းဆီးရမိ

**ကော့ကရိတ် မေ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝ စစ်ဆေးရေးဂိတ်တွင် ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံဘက်မှ တရားမဝင်ဝင်ရောက်လာသူငါးဦးအား ဖမ်းဆီးရမိသဖြင့် ကော့ကရိတ်မြို့မရဲစခန်း၌ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃ (၂) ၁၃ (၁) ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်ဝစစ်ဆေးရေးဂိတ်၌ ယနေ့ နံနက် ၃ နာရီခန့်က မြဝတီမှ ကော့ကရိတ်ဘက်သို့ ထွက်ခွာလာသည့် ယာဉ်တစ်စီးအား စစ်ဆေးရာ အထောက်အထားလက်မှတ်များ ကိုင်ဆောင်ထားခြင်းမရှိသည့် စစ်တွေနှင့် မင်းပြားမြို့နယ်နေ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးချက်အရ ၎င်းတို့သည် လွန်ခဲ့သည့် လေးနှစ်ကျော်က စစ်တွေမြို့မှ သုံးဘီးဆိုင်ကယ်တက္ကစီဖြင့် မင်းဘူးမြို့သို့ ရောက်ရှိပြီး မင်းဘူး - ရန်ကုန်-မော်လမြိုင်မှတစ်ဆင့် မြဝတီမြို့သို့ရောက်ရှိကာ ထိုင်းနိုင်ငံ မဟာချိုင်တွင် လေးနှစ်ခန့် နေထိုင်ခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မဲဆောက်မြို့သို့ ရောက်ရှိပြီး မြဝတီမြို့မှတစ်ဆင့် ရန်ကုန်သို့ ထွက်ခွာလာစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# စဉ့်ကူးမြို့နယ် ရုံးပင်ကုန်းကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချသူနှင့်သုံးစွဲသူတို့အား ဖမ်းမိ

**စဉ့်ကူး မေ ၁၆**

စဉ့်ကူးမြို့နယ် ရုံးပင်ကုန်းကျေးရွာရှိ နေအိမ်တစ်အိမ်၌ စိတ်ကြွရူးသွပ်ဆေးပြားများအား ရောင်းချသုံးစွဲနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၇ ပြားနှင့် ငွေကျပ် ၆၆၀၀၀ နှင့်အတူ ရောင်းချသူ အမျိုးသမီးတစ်ဦးနှင့် သုံးစွဲသူအမျိုးသားနှစ်ဦးတို့အား ဖမ်းဆီးရမိသည်။

လက်ပန်လှရဲကင်းစခန်းမှ လှည့်ကင်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်သန့်ဇင်ဦးနှင့်အဖွဲ့သည် မေ ၁၅ ရက် ညနေ ၃ နာရီက သတင်းအရ ရုံးပင်ကုန်းကျေးရွာနေ မစုပုံချစ်(ခ)မယမုံ(၂၉နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မစုပုံချစ်နှင့်အတူ သန်းထိုက် (၂၀နှစ်)နှင့် ကျော်ခိုင်ဝင်း (၃၁ နှစ်)တို့နှင့် ဝိုင်းဖွဲ့သုံးစွဲနေကြောင်း တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ မစုပုံချစ်၊ ကျော်ခိုင်ဝင်းနှင့် သန်းထိုက်တို့ထိုင်နေသည့်ဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၇ ပြား၊ ငွေကျပ် ၆၆၀၀၀ နှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိရ၍ စစ်ဆေးရာ မေ ၁၄ ရက်က ပြည်စိုးအောင်ရွာနေ (လူမြင်လျှင်မှတ်မိ)သူက အဆိုပါဆေးပြားများ လာရောက်ပို့ဆောင်ခဲ့ပြီး ၎င်းက တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ပြန်လည်ရောင်းချလျက်ရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မစုပုံချစ်(ခ)မယမုံ၊ သန်းထိုက်နှင့် ကျော်ခိုင်ဝင်းတို့ကို လက်ပန်လှရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**



## ဂွါတီမာလာနိုင်ငံက သံရုံးသစ်ကို ဂျေရုဆလင်၌ ဖွင့်လှစ်

**ဂျေရုဆလင် မေ ၁၆**

ဂွါတီမာလာနိုင်ငံသည် ၎င်း၏သံရုံးကို အစ္စရေးနိုင်ငံ ဂျေရုဆလင်တွင် မေ ၁၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထိုသို့ ပြုလုပ်ခဲ့ခြင်းဖြင့် ဂွါတီမာလာနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အငြင်းပွားဖွယ်လှုပ်ရှားမှုမျိုးကို ထက်ကြပ်မကွာလိုက်လုပ်နိုင်သည့် ပထမဆုံးနိုင်ငံတစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုနှင့် ဂွါတီမာလာသမ္မတ ဂျင်မီမော်ရေးတို့သည် အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ နှလုံးသည်းပွတ် အငြင်းပွားမြို့တော်တွင် ဖွင့်လှစ်ခဲ့သော အဆိုပါသံရုံးဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ဂွါတီမာလာတို့၏ လှုပ်ရှားမှုသည် အများသဘောဆန္ဒကို ချိုးဖောက်သကဲ့သို့ ဖြစ်နေကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏သံရုံးကို ဂျေရုဆလင်တွင် ဖွင့်လှစ်ပြီး နှစ်ရက်ကြာပြီးနောက် နေတန်ယာဟုသည် နောက်ထပ်လှုပ်ရှားမှုတစ်ခုအဖြစ် ဂွါတီမာလာသံရုံး ဖွင့်လှစ်မည်ဆိုသည့်အပေါ် လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်က ၎င်းအနေဖြင့် လက်တင်အမေရိကနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ဂွါတီမာလာနိုင်ငံသို့ပါ လည်ပတ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်သံရုံးဖွင့်လှစ်ခြင်းကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ ဂါဇာကမ်းခြေတစ်လျှောက် ဖြစ်ပွားခဲ့ပြီးနောက် ယခုအချိန်အထိ အစ္စရေးတပ်ဖွဲ့များက ပါလက်စတိုင်း ၆၀ ခန့်ကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံအနေဖြင့် လက်နက်အစစ်များအသုံးပြုသည့်အပေါ် နိုင်ငံတကာ၏ ဝေဖန်မှုကို ခံနေရကြောင်း သိရသည်။ သို့သော်လည်း အစ္စရေးတို့က ၎င်းတို့၏နယ်စပ်ကို ကာကွယ်ရန်အတွက် ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ခုခံပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**





## အီရန်နျူကလီးယားစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ဥရောပသမဂ္ဂထိပ်တန်းသံတမန်များ သဘောတူ

**ဘရပ်ဆဲလ် မေ ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြီးခဲ့သည့်ရက်သတ္တပတ်က နျူကလီးယားစာချုပ်မှ အမေရိကန်ပြည်ထောင်စုကို ဖယ်ထုတ်ရန် ဆုံးဖြတ်ခဲ့သော်လည်း ဥရောပထိပ်တန်းသံတမန်များသည် အီရန်နျူကလီးယားသဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ ဖက်ဒရီကာ မိုဟီရီနီက သတင်းထောက်များအား ပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ သဘောတူညီခဲ့ပြီးနောက်တွင် ဥရောပသမဂ္ဂသည် လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း အီရန်နှင့် ဆွေးနွေးပွဲများ အပြင်းအထန်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မိုဟီရီနီက ပြောခဲ့သည်။

ဆွေးနွေးပွဲများကျင်းပရာတွင် အမေရိကန်၏ အရေးယူပိတ်ဆို့မှုအသစ်များအတွင်း အီရန်နှင့် စီးပွားရေးအရ ဆက်ဆံမှုနှင့် ထိရောက်သည့် ဘဏ်လုပ်ငန်းများကို မည်သို့ဆက်လက်ထိန်းသိမ်းသွားမည်ကို အဓိကဇောင်းပေးဆွေးနွေးသွားကြမည်ဖြစ်ကြောင်း မိုဟီရီနီ၏ ပြောကြားချက်အရ သိရသည်။

နျူကလီးယားစာချုပ်၏ အစိတ်အပိုင်းအားလုံးကို ကောင်းသောယုံကြည်ချက်နှင့် အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်ဖြင့် ဆက်လက်အကောင်အထည်ဖော်သွားကြရန် ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုလိုက်ပြီဖြစ်ကြောင်း မိုဟီရီနီက ပြောသည်။

ထရန့်သည် ပြီးခဲ့သည့်ရက်သတ္တပတ်က အီရန်နျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး ဒေသတွင်း၌ နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကာ အကြမ်းဖက်အုပ်စုများအား ကူညီအားပေးနေခြင်းမှ အီရန်ကို တားဆီးတော့မည် မဟုတ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကြွေကျမှုကြောင့် လူနှစ်ဦးထက်မနည်းသေဆုံး

**နယူးယောက် မေ ၁၆**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကျဆင်းကာ ရာသီဥတုဆိုးရွားမှုကြောင့် လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရာသီဥတုဆိုးရွားမှုများကြောင့် အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ်တွင် အမျိုးသားတစ်ဦး၏ ကုန်တင်ကားပေါ်သို့ သစ်ပင်လဲကျခဲ့သဖြင့် အဆိုပါအမျိုးသားမှာ သေဆုံးခဲ့ကြောင်း ဒန်ဘာရီမြို့တော်ဝန် မာ့ခ်ဘော့တန်က ပြောကြားခဲ့သည်။ ထို့အတူ နယူးယောက်မြို့တွင်လည်း ဆယ်ကျော်သက်တစ်ဦး အလားတူဖြစ်ရပ်မျိုး ကြုံတွေ့ခဲ့ရသဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

နယူးယောက်ပြည်နယ်တွင်လည်း ရာသီဥတုဆိုးရွားမှုများကြောင့် အရေးပေါ်အခြေအနေများ ကြေညာခဲ့ပြီး လဲကျနေသော သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်ခြင်းများကိုလည်း အမျိုးသားကာကွယ်ရေးအဖွဲ့က ဆော်သြခဲ့သည်။ မုန်တိုင်းကြောင့် ပြည်သူ ၁၃၀,၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခြင်းများ ကြုံတွေ့ခဲ့ရသလို လေကြောင်းခရီးစဉ်များကိုလည်း ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယ၌ ဆောက်လုပ်ဆဲ မိုးပျံလမ်းပြိုကျမှုကြောင့် ၁၈ ဦးသေဆုံး

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် အင်္ဂါနေ့က ဆောက်လုပ်ဆဲမိုးပျံလမ်းပြိုကျမှု ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦးသေဆုံးပြီး အမြောက်အမြား ပိတ်မိနေကြောင်း သိရသည်။

လူခြောက်ဦးကို အပျက်အစီးများအောက်မှ အသက်ရှင်လျက်ဆွဲထုတ်နိုင်ခဲ့ပြီး ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့သည်။ မိုးပျံလမ်းသည် အန်ဒရာပရာဒေ့ရှ်မြို့တော် လပ်ကနောင်း အရှေ့တောင်ဘက်မှ ၃၀၆ ကီလိုမီတာအကွာ ဗာရန်နာစီခရိုင်ရှိ တပ်မြေရေိယာ၌ ပြိုကျမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သည့်အတွက် အာဏာပိုင်များက စိုးရိမ်လျက်ရှိသည်။ အကြီးတန်းအစိုးရအာဏာပိုင်တစ်ဦးဖြစ်သည့် အာဗင်ကူးမားက ကယ်ဆယ်ရေးဆောင်ရွက်မှု ပြီးဆုံးသွားပြီဖြစ်သည့်အတွက် နောက်ဆုံးရအချက်အလက်များကို စောင့်ဆိုင်းနေကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။

ဆောက်လုပ်ဆဲ မိုးပျံလမ်းသည် တိုင်နှစ်တိုင်ကျိုးသွားပြီးနောက် ပြိုကျခဲ့ရာ လမ်းအောက်ရှိ မော်တော်ယာဉ်များနှင့် လူများကို ထိခိုက်မိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ အပျက်အစီးများအောက်တွင် ပိတ်မိနေသူများမှာ ကာယလုပ်သားများ၊ ဘေးတွင် ရပ်ကြည့်နေကြသူများနှင့် လမ်းသွားလမ်းလာများ ဖြစ်ကြကြောင်း သိရသည်။

ကယ်ဆယ်ရေးဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှု အဖွဲ့ငါးဖွဲ့ကို စေလွှတ်ခဲ့သည်။ အပျက်အစီးများကို ဖယ်ရှားရန် ဝန်ချီစက်ရှစ်စီးကို အသုံးပြုခဲ့သည်။

**ဆင်ဟွာ**




## အင်ဒိုနီးရှားတွင် သောင်းကျန်းသူများက ရဲဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်

**ပီကန်ဘာရူ မေ ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် အိုင်အက်စ်အကြမ်းဖက်သမားတို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများပြီးနောက် နောက်ထပ်တိုက်ခိုက်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၁၆ ရက်က ဖော်ပြခဲ့သည်။

ထပ်မံဖြစ်ပွားခဲ့သော နောက်ထပ်တိုက်ခိုက်မှုတွင် သောင်းကျန်းသူများက ရဲဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲအရာရှိ တစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သလို ရဲတပ်ဖွဲ့၏ ပြန်လည်ပစ်ခတ်မှုကြောင့် သောင်းကျန်းသူလေးဦးလည်း သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းပေါ်ရှိ ပီကန်ဘာရူတွင် ဖြစ်ပွားခဲ့သော နောက်ဆုံးတိုက်ခိုက်မှုတွင် သောင်းကျန်းသူများက ရဲစခန်းတံခါးပေါက်ကို ဗင်ကားဖြင့် ဝင်တိုက်ခဲ့ပြီး ရဲအရာရှိများကို ဆာမူရိုင်းဓားရှည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း မြို့တော်ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

မေ ၁၆ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသည် အစောပိုင်းတိုက်ခိုက်မှုများနှင့် ဆက်စပ်ခြင်းရှိမရှိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ အစောပိုင်းဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် မိသားစုနှစ်စုသည် အင်ဒိုနီးရှား ဒုတိယအကြီးဆုံးမြို့တော် ဆူရာ ဘာရာရှိ ရဲစခန်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို အသေခံဗုံးခွဲမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့မွတ်စလင်အများဆုံးရှိရာ အင်ဒိုနီးရှားနိုင်ငံတွင် ယခုကဲ့သို့ ရာမာဒန်ဥပုသ်လတွင် မကြုံစဖူး တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ယခုတစ်ပတ်ဖြစ်ပွားခဲ့သော သွေးထွက်သံယိုအကြမ်းဖက်တိုက်ခိုက်မှုသည် ရဲတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ဖွယ်ရှိသည်ဟု ယူဆရသည့် သံသယရှိသူများကို ကြိုတင်ဟန့်တားခြင်းဆိုင်ရာများ၌ လုပ်ပိုင်ခွင့်အာဏာ ပိုမိုပေးရေး၊ မပေးရေးနှင့်ပတ်သက်ပြီး ဖိအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အိန္ဒိယနိုင်ငံတွင် စက်လှေတစ်စင်းတိမ်းမှောက်ရာ လူ ၂၃ ဦးပျောက်ဆုံး

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံ အန်ဒရာပြည်နယ်တွင် မကြာသေးမီက လှေတစ်စင်းတိမ်းမှောက်ခဲ့ရာ လူ ၂၃ ဦးပျောက်ဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများက ဖော်ပြခဲ့သည်။

အန်ဒရာပြည်နယ် ဂေါ်ဒါဗာရီမြစ်အတွင်း မေ ၁၅ ရက်ညနေက လူပေါင်း ၄၀ တင်ဆောင်ထားသော စက်လှေတစ်စင်းသည် မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ လက်ရှိချိန်တွင် စက်လှေပေါ် လိုက်ပါလာသူများအနက် ၁၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၂၃ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

အိန္ဒိယအစိုးရကလည်း လူပေါင်း ၁၆၀ ခန့်ပါသည့် ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

စက်လှေ တိမ်းမှောက်ချိန်သည် မိုးသည်းထန်စွာ ရွာသွန်းနေချိန်ဖြစ်ပြီး ရာသီဥတုဆိုးရွားနေကြောင်း၊ ယင်းက စက်လှေတိမ်းမှောက်သည့် အရေးကြီးသော အကြောင်းတရားတစ်ခုဖြစ်နိုင်ကြောင်း သတင်းဖော်ပြချက်များ၌ တွေ့ရသည်။

**ဆင်ဟွာ**

---

## အမေရိကန်နှင့် ထိပ်သီးအစည်းအဝေးကျင်းပမှုကို မြောက်ကိုရီးယားပြန်လည် စဉ်းစားသုံးသပ်သွားနိုင်ကြောင်း ခေါင်းဆောင်ကင် ပြောကြား

**ပြုံယမ်း မေ ၁၆**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ကျယ်ဂွမ်သည် မြောက်ကိုရီးယားနိုင်ငံ အပေါ်တွင် လစ်ဗျားစတိုင် နျူကလီးယားလက်နက်ပပျောက်ရေး ချမှတ်ဆောင်ရွက်ရန် ကြိုးပမ်းလာသည့်အတွက် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ကို ပြစ်တင်ပြောဆိုခဲ့ကြောင်း သိရသည်။

အမျိုးသားလုံခြုံရေးအကြံပေးက မြောက်ကိုရီးယားအနေဖြင့် ပြီးပြည့်စုံပြီး လက်ဆုပ်လက်ကိုင်ပြနိုင်သည့် နျူကလီးယားလက်နက်ဖျက်သိမ်းမှု မပြုလုပ်မီ စီးပွားရေးအရ နစ်နာကြေးပေးအပ်မှုကို မရရှိသင့်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။ ထို့ပြင် ဇီဝနှင့် ဓာတုလက်နက်ကဲ့သို့ အခြားသော အဖျက်လက်နက် အမြောက်အမြားကိုလည်း စွန့်ပယ်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမှုတွင် ပါဝင်ခဲ့သည့် ခေါင်းဆောင်ကင်က အမေရိကန်အနေဖြင့် ထိုသို့လုပ်ဆောင်ရန် ကြိုးပမ်းလာပါက လာမည့်လတွင် ကျင်းပရန်စီစဉ်ထားသည့် အမေရိကန် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို ပြန်လည်စဉ်းစားသုံးသပ်ရလိမ့်မည်ဟု စောင်းပါးရိပ်ခြည်ပြောခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

# အိုင်အက်စ်တွေ ပျောက်ကွယ်ဖို့ လွယ်ပါ့မလား

**တင်လင်းအောင်**



လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေအပြင် ဘာသာရေးအဆောက်အအုံတွေကို နှစ်ပေါင်းများစွာကြာအောင် တိုက်ခိုက်ခဲ့တဲ့ အိုင်အက်စ်စစ်သွေးကြွတွေဟာ သူတို့အတွက် ခြေကုပ်ယူရာနေရာတွေကို ဆက်လက်ရှာဖွေလျက်ရှိပြီး အခိုင်အမာတပ်စွဲထားတဲ့ နေရာတွေကိုလည်း အစိုးရတပ်ဖွဲ့တွေ တိုက်ခိုက်နေသည့်ကြားက ဆက်လက်ခုခံလျက်ရှိတယ်ဆိုတာ သတင်းတွေမှာ တွေ့နေရပါတယ်။ အခုလို ဖြစ်ရပ်ကို ကြည့်လိုက်ရင် အိုင်အက်စ်စစ်သွေးကြွနဲ့ ၎င်းရဲ့သစ္စာခံတွေရဲ့ နည်းဗျူဟာတွေဟာ အဘက်ဘက်က နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းနှိမ်နင်းနေသော်လည်း ပျောက်ကွယ်မသွားဘဲ ဆက်လက်ရှိနေဆဲဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွတွေနဲ့ ၎င်းရဲ့ သစ္စာခံတွေကြောင့် အစုလိုက်အပြုံလိုက် လူများသေဆုံးခြင်းနဲ့ ၎င်းတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ၊ ပြန်ပေးဆွဲမှုတွေ၊ မထီလေးစားခြင်းတွေဟာ လူသားဆန်မှုကို ဘာမှန်းမသိတဲ့ ၎င်းတို့အတွက် ဘာမှမဟုတ်ပေမယ့် ကမ္ဘာတစ်ဝန်း ထိတ်လန့်ကြောက်မက်ဖွယ်ရာအဖြစ် ရုတ်ခြည်းဂယက်ရိုက်သွားခဲ့ပါတယ်။

နိုင်ငံအရပ်ရပ်က ခေါင်းဆောင်တွေဟာ အခုလို အိုင်အက်စ်အကြမ်းဖက်သမားတွေရဲ့ရက်စက်ပြီး ကြင်နာမှုကင်းတဲ့ တိုက်ခိုက်မှုတွေနဲ့ လူမဆန်မှုတွေကို ရှုတ်ချကြောင်း မကြာခဏဖော်ပြခဲ့တာကိုလည်း သတင်းတွေမှာ ဖတ်ရ၊ ကြားရ၊ နားထောင်ရပါတယ်။

အိုင်အက်စ် အကြမ်းဖက်သမားတွေရဲ့အမြစ်တွယ်နေတဲ့ သောင်းကျန်းမှုတွေကို နှိမ်နင်းဖို့ ကမ္ဘာတစ်ဝန်းရှိ အစိုးရတွေကို သွေးစွန်းတဲ့ နေ့ရက်တွေက သတိပေးနေသလိုပါပဲ။

အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံးအကြမ်းဖက်ဝါဒပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ ပြုလုပ်လျက်ရှိပါတယ်။ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ရဲ့အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းလဲဆိုရင် ၎င်းတို့အခြေပြုရာ အီရတ်၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားမှသည် အရှေ့တောင်အာရှ၊ ထိုမှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျ စတဲ့နိုင်ငံတွေထိတောင်မက တစ်ကမ္ဘာလုံးထိတိုင်အောင် ကူးစက်ပျံ့နှံ့လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အိုင်အက်စ် အစွန်းရောက်တွေဟာ ဆီးရီးယားနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ပြီး အီရတ်နိုင်ငံအား ခြိမ်းခြောက်နေဆဲဖြစ်ပါတယ်။

အိုင်အက်စ်တွေ ရှုံးနိမ့်သွားတယ်ဆိုတာ မှန်သော်လည်း သူတို့ဟာ အပြီးသတ်ကျဆုံးသွားတာမျိုး မဟုတ်သေးဘဲ ဆက်လက်ခြိမ်းခြောက်နေဆဲ ရှိပါသေးတယ်။ အိုင်အက်စ်တို့ဟာ အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေမှာ လျင်မြန်စွာ ကြီးထွားလျက်ရှိခဲ့ပြီး လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က အီရတ်နဲ့ ဆီးရီးယားနိုင်ငံ အစိတ်အပိုင်းအတော်များများကို ထိန်းချုပ်ပြီး အစ္စလာမ္မစ်နိုင်ငံတော်အဖြစ် ကြေညာခဲ့ပါသေးတယ်။ အိုင်အက်စ်အကြမ်းဖက်အုပ်စုဟာ မြေထဲပင်လယ်မှသည် ဘဂ္ဂဒက်မြို့တောင်ပိုင်းအထိ နယ်မြေရိယာ ၃၄၀၀၀ စတုရန်းမိုင်ကျော် သိမ်းပိုက်ခဲ့ပါတယ်။

မကြာသေးမီကလည်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ လူသစ်စုဆောင်းမှုတွေ ထပ်မံပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နိုင်ငံကို ဆက်လက်ခြိမ်းခြောက်လျက်ရှိပြီး အီရတ်သန်းပေါင်းများစွာရဲ့ နေ့စဉ်ဘဝတွေကိုလည်း ခြိမ်းခြောက်လျက်ရှိပါတယ်။ ဆရာဝန်တွေ၊ ဆရာတွေ၊ တရားသူကြီးတွေ၊ စားဖိုမှူးတွေနဲ့ ရှေ့နေတွေ အပါအဝင် အီရတ်ထောင်ပေါင်းများစွာဟာလည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ သစ္စာခံဖို့ လာရောက်တဲ့သူတွေ ရှိပါတယ်။

ဆက်ဒမ်ဟူစိန် လက်ထက်တုန်းက အီရတ်လူမျိုးတွေဟာ ဘာ့သ်ပါတီကိုဝင်ဖို့ ဖိအားပေးခံခဲ့ရပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေ ထိန်းချုပ်ထားတဲ့ နေရာအတော်များများမှာရှိတဲ့ လူတွေက ဘာပြောလဲဆိုရင် သူတို့ရဲ့ အလုပ်ကို ဆက်လုပ်နိုင်ဖို့ ပါတီထဲကိုဝင်ဖို့ ဖိအားပေးခံရကြောင်း ပြောခဲ့ကြပါတယ်။ အဲဒီအချိန်ကတည်းက အိုင်အက်စ်အကြမ်းဖက်ဝါဒကို အတင်းအကျပ်ထောက်ခံခိုင်းခဲ့တယ်ဆိုတာ ထင်ရှားလှပါတယ်။

ထို့အတူ အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ မခန့်မှန်းနိုင်သော ဒုက္ခပေါင်းစုံ၊ လူသတ်မှုတွေ၊ အီရတ်နဲ့ ဆီးရီးယားတို့မှာ သုံးနှစ်နီးပါး အကြမ်းဖက်မှုပေါင်းမြောက်မြားစွာကို ပြုလုပ်ခဲ့ကြတာကိုလည်း သိကြမှာပါ။

အိုင်အက်စ် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်စနစ်တွေကြောင့် အင်္ဂလန်နိုင်ငံ၊ ဥရောပနိုင်ငံတွေမှာလည်း အသေခံဗုံးခွဲမှုတွေ၊ လူအုပ်ထဲ ကားဝင်တိုက်မှုတွေအထိတောင် ဖြစ်ခဲ့ပါတယ်။

အရှေ့တောင်အာရှ နိုင်ငံတွေမှာဆိုရင် ဖိလစ်ပိုင်နိုင်ငံ မာရဝီမြို့ဟာ လတ်တလောမှာ အစ္စလာမ္မစ် အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွယ်နေတဲ့ အကြမ်းဖက်မှုတွေကို အတော်လေး ရင်ဆိုင်ခဲ့ရတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ တည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကို ပြန်ကြည့်မယ်ဆိုရင်လည်း ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်တစ်ခုခွဲထွက်ခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိပါတယ်။ ယနေ့အိန္ဒိယနဲ့ ပါကစ္စတန် ဘာတွေဖြစ်သလဲကြည့်မယ်ဆိုရင် ကက်ရှ်မီးယားအရေးနဲ့ပတ်သက်ပြီး သူတို့တွေ စိတ်မအေးခဲ့ရပါဘူး။ ဘာကြောင့်လဲ။ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေကတစ်ဆင့် မြစ်ဖျားခံလာခဲ့လို့ပဲ ဖြစ်ပါတယ်။

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှ အေးချမ်းမှာမဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာ မဟုတ်ပါဘူး။ နောက်ဆုံးမှာ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာ ကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန်ရှင်းလင်းနိုင်မှ တော်ကာကျမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပါးနပ်စွာလုပ်ကိုင်တတ်ဖို့ လိုအပ်ပါတယ်။

အခုလို နည်းပညာတိုးတက်လာတဲ့ခေတ်ကြီးမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေး မီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေ လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက ထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့က ဘာတွေတိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ မွတ်စလင် အကြမ်းဖက်သမားတွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့ တိုက်တွန်းခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ရဲ့ လက်ချက်ကင်းတယ်ရယ်လို့ မရှိပါဘူး။ ဝမ်းနည်းကြေကွဲမှုရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့ မညှာမတာလုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် အမေရိကန်ဟာ အကြမ်းဖက်ဝါဒတွေ မွေးဖွားပေါ်ပေါက်ရာ ဟိုးအရင် အိုစမာဘင်လာဒင် လက်ထက်သာမက ယခု ရက်စက်မှုနေရာမှာ သရဖူဆောင်းတဲ့ အိုင်အက်စ်အဖွဲ့တို့ကို ဆက်လက်နှိမ်နင်းမှုတွေ လုပ်ဆောင်နေရဆဲ ရှိပါသေးတယ်။

ယခု ၂၁ ရာစုဟာ အလွန်ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ ဖမ်းထားတဲ့ ရာဇီဒီအမျိုးသမီးတွေကို ကျွန်တွေအဖြစ် ရောင်းချခဲ့ကြသလို လိမ္မော်ရောင်ဝတ်စုံတွေ ဝတ်ဆင်ပေးထားတဲ့ သတင်းထောက်တွေကိုလည်း ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခဲ့တာကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်။ အိုင်အက်စ်တို့ကို နှိမ်နင်းဖို့ တပ်ဖြန့်ချထားခြင်းခံရတဲ့ လုံခြုံရေးတပ်ဖွဲ့တွေလည်း အသတ်ခံခဲ့ရပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ တရားဥပဒေကိုလည်း မလေးစားသလို လူသားတွေအပေါ်လည်း လေးစားရကောင်းမှန်းသိတဲ့ လူတွေ မဟုတ်ကြပါဘူး။

ကုလသမဂ္ဂကလည်း အိုင်အက်စ်အကြမ်းဖက်သမားတွေနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကိုစုဆောင်းပြီး တရားစွဲဖို့ ကူညီမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းက လက်မခံရင် အိုင်အက်စ်တွေဟာ ပြေးစရာမြေမရှိသလို၊ သွားစရာလည်း နေရာရှိမှာ မဟုတ်ပါဘူး။ အိုင်အက်စ်အကြမ်းဖက်သမားတွေ လုံးဝပျောက်ကွယ်သွားဖို့ဆိုရင် ကမ္ဘာတစ်ဝန်းရှိ အစိုးရတွေ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားရမှာဖြစ်သလို နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ဝိုင်းဝန်းကူညီရမှာ ဖြစ်ပါတယ်။ အခုအချိန်ထိတော့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို လုံးဝ အမြစ်ပြတ်ရှင်းလင်းလိုက်ပြီဆိုတဲ့ သတင်းမျိုးတော့ မကြားမိသေးတာ အမှန်ဖြစ်ပေမယ့် နောင်တစ်ချိန်မှာ ကြားမိဖို့ စောင့်မျှော်လျက်ရှိဆဲပါ။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **“အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နိုင်ငံကို ဆက်လက်ခြိမ်းခြောက်လျက်ရှိပြီး အီရတ် သန်းပေါင်းများစွာရဲ့ နေ့စဉ်ဘဝတွေကိုလည်း ခြိမ်းခြောက်လျက်ရှိပါတယ်။ ဆရာဝန်တွေ၊ ဆရာတွေ၊ တရားသူကြီးတွေ၊ စားဖိုမှူးတွေနဲ့ ရှေ့နေတွေ အပါအဝင် အီရတ်ထောင်ပေါင်းများစွာဟာလည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ သစ္စာခံဖို့ လာရောက်တဲ့သူတွေရှိ”**


ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# ရွှေတိဂုံစေတီတော်အပါအဝင် တန်ခိုးကြီးဘုရားစေတီတို့၏ အလှူငွေ သုံးစွဲမှု ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ သုံးစွဲရန် ကြီးကြပ်လျက်ရှိ

ရန်ကုန် မေ ၁၆

**ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက် မြောက်နေ့ကို မေ ၁၆ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပရာ ဒဂုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက "(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီး ဘုရားများဖြစ်သော ရွှေတိဂုံဘုရားအပါအဝင် တန်ခိုးကြီးဘုရားများ၏ ဂေါပကအဖွဲ့ဝင် လူကြီးများအနေဖြင့် ဘုရားဖူးပြည်သူများ အဆင်ပြေစေရေးနှင့် အလှူငွေများအား ဘဏ္ဍာ ရေးစည်းမျဉ်းနှင့်အညီ ထိန်းသိမ်းသုံးစွဲ နိုင်ရေးအတွက် အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်များရရှိရန် မည်သို့သော စီမံဆောင်ရွက်သည်ကို သိရှိလိုပါကြောင်း" မေးခွန်းကို မေးမြန်း ခဲ့ကြောင်း သိရသည်။**

အဆိုပါ မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြန်လည်ဖြေကြားခဲ့ရာ "ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရား များ ဖြစ်သော ရွှေတိဂုံစေတီတော် အပါအဝင် ဘုရားစေတီများ၏ ဂေါပကအဖွဲ့ဝင် လူကြီးများအနေဖြင့် ဘုရားဖူးပြည်သူများ အဆင်ပြေရေးနှင့် ရရှိသော အလှူငွေ များအား ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ထိန်းသိမ်းနိုင်ရန် အရည်အချင်း ပြည့်ဝ သော လူပုဂ္ဂိုလ်များရရှိစေရေး အကျင့် စာရိတ္တကောင်းမွန်မှု၊ ယုံကြည်စိတ်ချစွာ သာသနာပြု ဝေယျာဝစ္စ လုပ်ငန်းများ ထမ်းဆောင်နိုင်မှုများ အပေါ်မူတည်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ညှိနှိုင်းစိစစ်ပြီး ဂေါပက အဖွဲ့ရွေးချယ်ရေး ကော်မတီ ဖွဲ့စည်း၍ ဂေါပက လူကြီးများကို ရွေးချယ်ပြီး စေတီတော်သြဝါဒစရိယ ဆရာတော်ကြီးများထံ သြဝါဒခံယူ၍ သက်ဆိုင်ရာမြို့နယ်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ရွေးချယ်ဖွဲ့စည်းထားပါကြောင်း" ပြန်လည် ဖြေကြားခဲ့သည်။

### အလှူငွေစုစုပေါင်း

ဆက်လက်၍ (ခ) ရွှေတိဂုံစေတီတော် မြတ်ကြီး၏ ဂေါပကအဖွဲ့မှ မြန်မာ့စီးပွားရေး ဘဏ် အသီးသီးတွင် နောက်ဆုံးအပ်နှံထား သော အလှူငွေစုစုပေါင်း တန်ဖိုးအား (နိုင်ငံခြား၊ ငွေ) နှင့် ဘဏ်အတိုးငွေ တန်ဖိုးအား ဘဏ်အမည်နှင့်တကွ ပွင့်လင်း မြင်သာစွာ သိရှိလိုပါကြောင်း၊ (ဂ) ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာ ရေးနှစ်ကာလအတွင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာအေး၊ ဗိုလ်တထောင်၊ စွယ်တော်မြတ်စေတီဘုရားများ၏ အလှူငွေ ကို ဘုရားစေတီအလိုက် မည်မျှရှိကြောင်း နှင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲမှုရှိနိုင်ရေးအတွက် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ကြီးကြပ်ထားသည်ကို " သိရှိလိုကြောင်း ဆက်လက်မေးမြန်းခဲ့ရာ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက "ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ မြန်မာ့စီးပွားရေး ဘဏ် အသီးသီးရှိ အလှူငွေ စုစုပေါင်း တန်ဖိုးနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကာလအတွင်း ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာအေး၊ ဗိုလ်တထောင်၊ စွယ်တော် မြတ်စေတီတော်တို့မှ ရရှိခဲ့သော အလှူငွေ များမှာ ရွှေတိဂုံစေတီတော်မှ ဘီလီယံ ၆၇ သိန်းကျော်နှင့် နိုင်ငံခြားငွေ USD ၁၅၂ သိန်းကျော်ဖြစ်ပြီး ငွေစု စာအုပ်များမှ အတိုးရရှိမှု အခြေအနေတွင် ၂၀၁၇ ခုနှစ်တွင် အတိုးနှုန်း သိန်းပေါင်း ၄၇၆၄ သိန်းကျော်ဖြစ်ကြောင်း၊ ရွှေတိဂုံစေတီ တော် ဂေါပကအဖွဲ့ စည်းမျဉ်းပါ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအတိုင်း တိကျစွာဂေါပက အဖွဲ့က ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် နှစ်စဉ်ပြက္ခဒိန်နှစ်အတွင်း ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အစိုးရ ဝန်ကြီးဌာနများ နည်းတူ ဘတ်ဂျက် ရေးဆွဲ လျာထား အတည်ပြုပြီး ဘတ်ဂျက် လျာထားခဲ့ဝေမှုအတွင်းသာ သုံးစွဲ ကြောင်းနှင့် ပြက္ခဒိန်နှစ် ကုန်ဆုံးချိန်တွင် ဘဏ္ဍာ ငွေလိုအပ်ချက်အရ ခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း ပိုငွေပြန်လည်အပ်နှံ ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေတိဂုံ စေတီတော် ဘဏ္ဍာငွေစာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန် ပေးချက်အရ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက နှစ်စဉ်စစ်ဆေး လျက် ရှိပြီး စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက် များအတိုင်း လိုက်နာဆောင်ရွက်ရကြောင်း၊ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့၏ တစ်နေ့တာ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာတော်ထိန်းသိမ်းမှု အခြေအနေကို အများပြည်သူများ သိရှိနိုင်စေရန် ရုပ်သံ မှတ်တမ်းရိုက်ကူးပြီး Sky Net ရုပ်သံ လိုင်းတွင် အခါအားလျော်စွာ ထုတ်လွှင့် ပြသလျက်ရှိ ကြောင်း" ပြောကြားခဲ့သည်။

### စည်းမျဉ်းနှင့်အညီ

ထို့အတူ ဆူးလေစေတီတော်မှ သိန်းပေါင်း ၁၆၀ ကျော်နှင့် နိုင်ငံခြားငွေ USD ၈၇၃၆၊ SGD ၃၈ ဖြစ်ပါကြောင်း၊ ကမ္ဘာအေးစေတီတော်မှ သိန်းပေါင်း ၈၉၀ ကျော်နှင့် နိုင်ငံခြားငွေ USD ၂၁၄၁၂.၀၇ ဖြစ်ပါကြောင်း၊ ဗိုလ်တထောင် စေတီတော် မှ သိန်းပေါင်း ၁၄၅ သိန်းကျော်နှင့် နိုင်ငံခြားငွေ USD ၁၅၂ သိန်းကျော် ဖြစ်ပါကြောင်း၊ စွယ်တော်မြတ်စေတီတော်မှ သိန်းပေါင်း ၁၅၈ သိန်းကျော် ဖြစ်ပါကြောင်း၊ ဂေါပကအဖွဲ့များသည် ရရှိသော အလှူငွေ များကို သက်ဆိုင်ရာစေတီတော် ဂေါပက အဖွဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒခံယူ၍ သုံးစွဲလျက်ရှိပြီး ရရှိသုံးစွဲမှု အခြေအနေကို ခရိုင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးများနှင့် တိုင်းဒေသကြီး သာသနာရေးမှူးရုံးများသို့ လစဉ် အစီရင်ခံ တင်ပြလျက်ရှိပါကြောင်း၊ ရွှေတိဂုံစေတီ အပါအဝင် တန်ခိုးကြီးဘုရားစေတီတို့၏ အလှူငွေ သုံးစွဲမှုအား ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် အညီ သုံးစွဲရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ သည်။

### လွှတ်တော်သို့ တင်ပြမည်

မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျ၏ ဆက်စပ် မေးခွန်းအနေဖြင့် "တန်ခိုးကြီးဘုရားများ၏ စုစုပေါင်းအလှူငွေရရှိမှုစာရင်းကို နှစ်စဉ် စာရင်းစစ်ချုပ် အစီရင်ခံစာတွင် ထည့်သွင်း ပေးရန် အစီအစဉ် ရှိ၊ မရှိ" မေးမြန်းခဲ့ရာ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက "ဗဟို အဆင့်ရှိ တန်ခိုးကြီးဘုရားများကို ကိုယ်စားလှယ်တော်ကြီး တင်ပြသည့် အတိုင်း ဆောင်ရွက်လျက်ရှိသဖြင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်သွား မည်ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့ ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ရန်ကုန်သို့ ဘုရားဖူးလာသည့် နိုင်ငံခြား ဧည့်သည် ထိုင်းနိုင်ငံမှ အများဆုံးဖြစ်

**ရန်ကုန် မေ ၁၆**

မြန်မာပြည်၏စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့တွင် တန်ခိုးကြီးဘုရား၊ စေတီတော်တို့ကြောင့် ပြည်ပနိုင်ငံတို့မှခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိရာ ယခုနှစ်ပိုင်း၌ ဘုရားဖူးခရီးသွားများတွင် ထိုင်းနိုင်ငံမှခရီးသွားဧည့်သည်များ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ရုံးဖွင့်ရက်မှာတစ်နေ့ကိုနိုင်ငံခြားသား ၇၀၀ ကျော်လာတယ်၊ ရုံးပိတ်ရက်ပို များပြီးတော့တစ်လကို နိုင်ငံခြားသား သောင်းကျော်လာပါတယ်၊ ဒီနှစ်ပိုင်းမှာထိုင်း နိုင်ငံက အလာများတယ်၊ အဓိက ဗိုလ်တထောင် ဘိုးဘိုးကြီးထံမှာ ဆုပန် ကြတာ များ တယ်၊ တောင်းတဲ့ဆုပြည့်လို့ ထိုင်းနိုင်ငံသားတွေ လာကြတာများတာပါ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနဲ့ ဥရောပနိုင်ငံခြားသားတွေ လည်းဖူးကြတယ်၊ အထူးသဖြင့်ဆံတော် ကိုဖူးတယ်၊ ဘိုးဘိုးကြီးထံမှာ ဆုပန်တာ များတယ်၊ ပြီးရင်ပဲခူးကထိုင်းအုတ်ဂူကိုလည်း သွားကြတယ်"ဟုဗိုလ်တထောင် စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

### ဆုတောင်းပြည့်

ဗိုလ်တထောင်စေတီတော်မြတ်သို့ ထိုင်းဘုရင့်ရေတပ်၊ လာအိုနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတပ်မတော်မှ ပုဂ္ဂိုလ်များလည်း လာရောက်ဖူးမြော်ကြပြီး ဆုတောင်းပြည့်သော ကြောင့် အဆိုပါနိုင်ငံ တို့မှ ပြည်သူများလည်း တဖွဲဖွဲလာရောက်ဖူးမြော်ကြလျက်ရှိ ကြောင်း သိရသည်။

"ထိုင်းနိုင်ငံမြို့အသီးသီးက လာကြတာများတယ်၊ အထူးသဖြင့် ဗန်ကောက်ပေါ့၊ ပြီးတော့ ချင်းမိုင်ကလည်းပါတယ်၊ မြန်မာပြည်ကိုလာတာက ကျိုက်ထီးရိုး၊ ရွှေတိဂုံနဲ့ ဗိုလ်တထောင်ဆံတော်ရှင်နဲ့ ဘိုးဘိုးကြီးကို ဖူးပြီးဆုတောင်းကြတာများတယ်၊ ထေရဝါဒ ဗုဒ္ဓဘာသာတူဖြစ်တဲ့အတွက် မြန်မာ နိုင်ငံကို လာတာလည်းပါတယ်၊ သောကြာ၊ စနေနဲ့ အခါကြီး၊ ရက်ကြီးတွေဆို အလာ များတယ်၊ ရန်ကုန်မှာတော့ ရွှေတိဂုံ၊ ဗိုလ်တထောင်နဲ့ ခြောက်ထပ်ကြီးဘုရား ကတော့ အဓိက ဖူးကြတယ်"ဟု ထိုင်းဧည့် သည်များကို ပို့ဆောင်ပေးသော ၅၂ လမ်းမှ ဧည့်လမ်းညွှန် ကိုမင်းနောင်က ပြောသည်။



### ဝန်ဆောင်မှုပေး

ဗိုလ်တထာင်စေတီတော်မြတ်သို့ နိုင်ငံ ခြားသားဘုရားဖူးများ လာရောက်ဖူးမြော် ပါက တစ်ဦးလျှင် ခြောက်ထောင် ဝန် ဆောင်ခပေးရပြီးသောက် ရေဘူး၊ စနိုး တာဝါတို့ဖြင့် ဘုရားမှဝန်ဆောင်မှုပြန်လည် ပေးကာ အချို့သောနိုင်ငံခြားသားများ အတွက် ပုဆိုး၊ လုံချည်ဖြင့်ဘုရားဖူးရာတွင် ဝတ်ဆင်ပေးလျက်အမှတ်တရတောင်းခံမှုရှိပါက လက်ဆောင်အဖြစ်ပေးကြောင်းနှင့် ရန်ကုန်မြို့သို့ ဘုရားဖူးလာရောက်သော နိုင်ငံခြားသားဧည့်သည်များတွင် ထိုင်း နိုင်ငံမှ ယခုနှစ်တွင် အများဆုံး လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

**သတင်း - သန်းထိုက်၊**
**ဓာတ်ပုံ- သန်းစိုး**

# အဲကွန်းပါ YBS ယာဉ်လိုင်းသစ်ကို ကျောက်တန်းနှင့် တာမွေ ပြေးဆွဲမည်

**ကျောက်တန်း မေ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ အဲကွန်းပါ တပ်ဆင်ထားသော YBS ယာဉ်လိုင်းသစ်ကို လာမည့် မေလကုန်၌ ပြေးဆွဲနိုင်ရန် ရွှေတောင်ပိုင်း အများပိုင် ယာဉ်လိုင်းကုမ္ပဏီမှ စီစဉ်နေကြောင်းသိရသည်။ အဆိုပါ အဲကွန်း ယာဉ်လိုင်းသစ်မှာ ကျောက်တန်းမှ တာမွေသို့ ပြေးဆွဲမည်ဖြစ်ကြောင်း ရွှေတောင်ပိုင်းအများပိုင် ယာဉ်လိုင်းကုမ္ပဏီမှ အတည်ပြုပြောကြားသည်။

"ဒီလကုန် ကျောင်းဖွင့်ချိန်အမီ ပြေးဆွဲနိုင်ဖို့ စီစဉ်ထားတယ်။ ယာဉ်လိုင်းပြေးဆွဲဖို့ ခွင့်ပြုချက်တော့ကျပါပြီ"ဟု ရွှေတောင်ပိုင်းအများပိုင် ယာဉ်လိုင်းကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာ ဦးတင်ထွန်းက ပြောသည်။ ယာဉ်လိုင်းသစ်ကို ယာဉ်အစီးရေ ၅၀ ဖြင့် ပြေးဆွဲနိုင်ရန် စီစဉ်ထားပြီး ကျောက်တန်းနှင့် တာမွေယာဉ်စီးခအား အများဆုံး ငွေကျပ် ၂၀၀ ဖြင့်သာ ပြေးဆွဲနိုင်ရန် လတ်တလော ဆုံးဖြတ်ထားကြောင်း ရွှေတောင်ပိုင်း အများပိုင် ယာဉ်လိုင်းကုမ္ပဏီမှ မေ ၁၅ ရက်တွင် သိရသည်။ လက်ရှိအချိန်တွင် ကျောက်တန်းမှ ရန်ကုန်တွင်းသို့ မီနီဘတ်စ်ခရီးသည်တင် ယာဉ်များဖြင့် ပြေးဆွဲနေပြီး ခရီးသွား ပြည်သူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

### မဖြစ်မနေ လိုအပ်ချက်

ကျောက်တန်းနှင့် ရန်ကုန်အကြား အကွာအဝေး ၂၂ မိုင်ခန့်ရှိပြီး နှစ်နာရီကြာ ကားစီးရသည့်အတွက် ယခု အဲကွန်းတပ်ဆင်ထားသော ဟွန်ဒိုင်းယာဉ်များဖြင့် ပြေးဆွဲနိုင်ရန် စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။ "အခုပြေးဆွဲနေတာက မီနီဘတ်စ် ကားအသေးလေးတွေဖြစ်တဲ့အတွက် လူအင်အားက အလွန်များတယ်၊ အားလုံးက အလုပ်ကိစ္စ၊ ကျောင်းကိစ္စနဲ့ သွားနေကြရတယ်၊ ခရီးစဉ်အရှည်ကြီးကို ကျပ်ကျပ် သပ်သပ်နဲ့ သွားနေရတယ်၊ ဒါကအဓိကအခြေခံလိုအပ်ချက်ဖြစ်ပြီး လက်ရှိမဖြစ်မနေ လိုအပ်ချက်ဖြစ်တယ်"ဟု ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက ပြောသည်။

ရွှေတောင်ပိုင်းအများပိုင်ယာဉ်လိုင်း ကုမ္ပဏီ လက်အောက်တွင် ယာဉ်လိုင်းပေါင်း ၁၀ လိုင်း ပြေးဆွဲနေပြီး YBS 32၊ YBS 33 တို့မှာ ကျောက်တန်းသို့ ပြေးဆွဲနေပြီး YBS 34 မှာ ခရမ်းသုံးခွသို့ ပြေးဆွဲနေကြောင်း သတင်းရရှိသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားမဝင် ဆေးကုခန်းများနှင့် စံချိန်စံညွှန်း မကိုက်ညီသော ဓာတ်မှန်၊ ဓာတ်ခွဲခန်းများကို တိုင်းအစိုးရအဖွဲ့က ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၁၆**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၈ ရက် မြောက်နေ့တွင် တွံတေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးက "ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တရားမဝင် ဆေးကုခန်းများ နှင့် စံချိန်စံညွှန်း မကိုက်ညီသော ဓာတ်မှန်၊ ဓာတ်ခွဲခန်းများအား မည်ကဲ့သို့ စိစစ်အရေးယူ ဆောင်ရွက်နေသည်ကို" သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက " ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆိုင်ရာ ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ည)နှင့် ပုဒ်မ ၄၂၊ ပုဒ်မ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိုင်း ဒေသကြီးပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့အနေဖြင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ လျှောက်ထားလာမှုအပေါ် အဖွဲ့လိုက် ကွင်းဆင်းစစ် ဆေးလျက်ရှိပါကြောင်းနှင့် တရားမဝင် ဆေးခန်းများအား ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်း ဆိုင်ရာဥပဒေများနှင့်အညီ စစ်ဆေးအရေးယူလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့်အား ကစားဝန်ကြီးဌာန၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဗဟို အဖွဲ့၏ (၁၅-၂-၂၀၁၇) ရက်စွဲပါစာအရ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေး အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့ဝင်များက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့ အရည်အသွေးဆိုင်ရာ စစ်ဆေးမှု ပုံစံများနှင့်တကွ ကွင်းဆင်းစစ်ဆေးလျက်ရှိပါကြောင်း၊ အရည်အသွေးပိုင်း စစ်ဆေးချက် များနှင့် စံချိန်စံညွှန်း မမှီသော ဓာတ်ခွဲ၊ ဓာတ်မှန်များအား ပြုပြင်စေခြင်း၊ သတိပေးခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း၊ လိုက်နာမှုမရှိပါက လုပ်ငန်းအား အပြီးတိုင် ပိတ်သိမ်းအရေး ယူသွားမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများ တင်ပြခဲ့လျှင် အရေးယူဆောင်ရွက် ပေးသွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း - နိုင်လင်းကျော်(ဒလ)**



# မဲဆောက်-ရန်ကုန် Nok Air လေကြောင်းလိုင်းပြေးဆွဲပြီး ခုနစ်လအကြာတွင် ပိတ်သိမ်း

**မဲဆောက် မေ ၁၆**

ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့မှ ရန်ကုန်မြို့သို့ တစ်ပတ်လျှင် သုံးရက်နှုန်း ဖြင့် အပတ်စဉ် တိုက်ရိုက်ပြေးဆွဲပေးနေ သည့် Nok Air လေကြောင်းခရီးစဉ်ကို မေ ၁၅ ရက်မှစတင်ကာ ရပ်ဆိုင်းလိုက်ပြီ ဖြစ်ကြောင်း မဲဆောက်လေယာဉ်ကွင်းရှိ Nok Air လေယာဉ်လက်မှတ်အရောင်း ကောင်တာမှ သိရသည်။

### ခရီးသည်နည်းပါး

အဆိုပါခရီးစဉ်ကို ထိုင်းလေကြောင်း လိုင်းတစ်ခုဖြစ်သည့် Nok Air လေကြောင်းလိုင်းက ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၉ ရက်က စတင်ပြေး ဆွဲခဲ့ခြင်းဖြစ်သည်။ မဲဆောက် - ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို ပုံမှန်နီးပါး အသုံးပြု နေသည့် မြန်မာနိုင်ငံသားတစ်ဦးက ခရီးသည်နည်းပါးခြင်းကြောင့် ပြေးဆွဲမှုကို ရပ်ဆိုင်းရခြင်းဖြစ်နိုင်သည်ဟု ၎င်း၏ အမြင်ကို ပြောပြခဲ့သည်။

### အခက်အခဲဖြစ်

ထို့အပြင် မြဝတီမြို့နေပြည်သူများ အနေဖြင့်လည်း ရန်ကုန်သို့သွားလိုပါက တစ်ဖက်နိုင်ငံသို့ သွားရောက်၍ လေယာဉ် စီးရမည်ဖြစ်သဖြင့် တရားဝင် စီးနိုင်ရန် အခက်အခဲဖြစ်ကြောင်း ဒေသခံတစ်ဦး ဖြစ်သူ ကိုအောင်မိုးက ပြောကြားခဲ့သည်။

"ဒီခရီးစဉ်က များသောအားဖြင့် ထိုင်းလူမျိုးတွေ ရန်ကုန်ကို သွားရောက် လည်ပတ်တာ၊ ရန်ကုန်နေသူတွေက မဲဆောက်ကို လာရောက်လည်ပတ်တာ အတွက်ပဲ အဆင်ပြေပါတယ်၊ မြဝတီမှာ နေထိုင်သူတွေက အရေးပေါ်အခြေအနေ အရ ရန်ကုန်ကို သွားချင်တယ်ဆိုရင် လေယာဉ်စီးဖို့အဆင်မပြေပါဘူး၊ လွန်ခဲ့ တဲ့ နှစ်ပိုင်းကလည်း Nok Air လေကြောင်းလိုင်းအနေနဲ့ မဲဆောက်- မော်လမြိုင် လေကြောင်းလိုင်းဖွင့်လှစ် ပြေးဆွဲခဲ့ပေမယ့် မကြာမီအချိန်အတွင်း မှာ အကြောင်းအမျိုးမျိုးကြောင့် လေယာဉ်ပြေးဆွဲမှု ရပ်နားခဲ့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မဲဆောက်မှရန်ကုန်သို့ အသွား တစ်ကြောင်းစာအတွက် လေယာဉ် လက်မှတ်ခမှာ ထိုင်းငွေ ၁၉၉၉ ဘတ်၊ မြန်မာငွေကျပ် ၈၂၀၀၀ ဖြစ်သည်။ လေကြောင်းလိုင်း ရပ်ဆိုင်းမှုနှင့် ပတ်သက် ၍ Nok Air Myanmar Facebook Page သို့ ဆက်သွယ်မေးမြန်းရာတွင် လေကြောင်းလိုင်း ရပ်ဆိုင်းလိုက်ပြီဖြစ် ကြောင်း ဖြေကြားခဲ့ပြီး အသေးစိတ် အချက်အလက်များကို မေးမြန်းရာတွင် ဖြေကြားခဲ့ခြင်း မရှိကြောင်း သိရ သည်။ **တင်ဝင်းလှိုင် (ကော့ကရိတ်)**

# မြို့လယ်ကောင် မဟာဗန္ဓုလပန်းခြံလမ်းတွင် မီးလောင်

**ရန်ကုန် မေ ၁၆**

မေ ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ကျောက်တံတားမြို့နယ်အမှတ် ၂ ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)ရှိ မြေညီထပ်တွင် ဖွင့်လှစ်ထားသော SANSUNG Customer Service အတွင်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးမျိုးဝင်း ဦးဆောင်မှုဖြင့် မီးငြိမ်းသတ်ရေးယာဉ် ၁၀ စီးနှင့်အခြားအထောက်အကူပြုယာဉ်များ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်ဖြင့် သွားရောက်ငြိမ်းသတ်ပေးခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၃ မိနစ် တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရသည့် အကြောင်းမှာ အဲကွန်းနှင့်လျှပ်စစ်မီးများ သွယ်တန်းရာ ဝိုင်ယာကြိုး များပေါ်တွင် TV ပစ္စည်းဟောင်းများနှင့် စက္ကူ ကတ်ထူပုံးဟောင်းများ စုပုံထားရှိရာမှ လျှပ်စစ်ကြိုး တွင် ဒဏ်ဖြစ်၍ အပူလွန်ကဲရာမှ မီးစတင်လောင်ရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆိုင်မန်နေဂျာ ဦးသီဟအောင် (၃၄နှစ်)ကို ကျောက်တံတားမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



ဓာတ်ပုံ - ရွှေအင်းသား ခင်မောင်ဝင်း

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၅-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၈၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၈၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၅/၈၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၂ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၉ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၉၇ ·၇၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၂ ·၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၆ ·၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၀၂ ·၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ ·၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၈၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ·၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ·၀၆၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ် များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေး သူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော် လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ဝ၆၇-၄၀၄၂၂၂၊ ဝ၆၇-၄၀၄၉၉၉.၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | ဝင်းရွှေ |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အရည်အသွေးမြင့်မား ဘီပီအိုင်ဆေးဝါးများ အပိုင်း(၁)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ဘီပီအိုင်ဟုဆိုလိုက်လျှင် မသိသူ မရှိသလောက်ရှားပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူမှန်သမျှ ဘီပီအိုင် အမှတ်တံဆိပ်နှင့်ကင်းသူဟူ၍ ရှာမတွေ့နိုင်ပေ။ အကြောင်းမှာ တစ်ချိန်က Burma Pharmaceutical Industry (BPI) အဖြစ် အလွန်ထင်ရှားခဲ့ပြီး ယခုအခါ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း၏ မဟာဗျူဟာမြောက် ဆေးဝါးထုတ်လုပ်ရေး စက်ရုံတစ်ခု ဖြစ်လျက်ရှိသော ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် ကျန်းမာရေးအထောက်အကူပြု ဆေးဝါးတို့၏ အမှတ်သညာ ဖြစ်နေသောကြောင့်ပင်။

ဘီပီအိုင်ဆေးဝါးများသည် အာနိသင်ထက်မြက်ပြီး စံချိန်စံညွှန်းပြည့်မီခြင်း၊ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်(GMP)နှင့်အညီ ထုတ်လုပ်ထားခြင်း၊ အရည်အသွေးမြင့်မားခြင်း စသည်တို့နှင့် ပြည့်စုံသောကြောင့် သုံးစွဲသူများကို ထိရောက်စွာ အကျိုးပြုခဲ့သည်။ အကျိုးပြုနေဆဲလည်း ဖြစ်သည်။ ဘီပီအိုင် အမှတ်တံဆိပ်သည် မြန်မာနိုင်ငံ ပြည်တွင်း၌သာမက နိုင်ငံရပ်ခြား တိုင်းပြည်များ၌ပါ လူသိများထင်ရှားသော အမှတ်တံဆိပ်တစ်ခုအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံ(BPI) ပေါ်ပေါက် ဖြစ်တည်လာရပုံကလည်း မြန်မာ့လွတ်လပ်ရေးရရှိမှု ကာလမတိုင်မီနှင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတို့နှင့် ဆက်စပ် ပတ်သက်နေခဲ့သည်။

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်၏ စစ်ဘေးဒဏ်ကို တခြားသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း ဆိုးရွားစွာ ခံခဲ့ရသည့်အားလျော်စွာ စစ်ပြီးခေတ်တွင် စစ်ဘေးဒဏ်ခံ မြန်မာပြည်သူတချို့မှာ အာဟာရချို့တဲ့မှုနှင့် ရောဂါကာကွယ်ကုသသည့် ဆေးဝါးများ ရှားပါးပြတ်လပ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ကြရသည်။ ထိုကဲ့သို့သော ခါးသီးသည့် အတွေ့အကြုံများက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံအတွင်း ခေတ်မီ ဆေးဝါးစက်ရုံတစ်ခု တည်ဆောက်ရန် အကြောင်းကို ပေါ်ပေါက်လာစေခဲ့သည်။

### ဆေးဝါးစက်ရုံတည်ဆောက်ရန်အကြောင်းအရင်း

နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ အရေးပေါ် အခြေအနေများတွင် ဆေးဝါးရှားပါးပြတ်လပ်မှု အကျပ်အတည်းကို ကျော်လွှားနိုင်ရေး၊ နိုင်ငံခြားငွေသုံးစွဲရမှု သက်သာစေရေး၊ သွင်းကုန် အစားထိုးနိုင်ရေးနှင့် မြန်မာ့တိုင်းရင်းသားများ ဆေးဝါးထုတ်လုပ်မှု အတတ်ပညာ တတ်မြောက်ကျွမ်းကျင်လာစေရေး စသော ဦးတည်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံတစ်ခုကို တည်ထောင်လည်ပတ်ရန် အားထုတ်ကြိုးပမ်းခဲ့ကြရာ ၁၉၅၂ ခုနှစ် ဩဂုတ်လက ကျင်းပခဲ့သော ပြည်တော်သာညီလာခံ၏ စီမံကိန်းကြီး ၁၀ ရပ်တွင် ဆေးနှင့် ကျန်းမာရေးကဏ္ဍတစ်ရပ် ပါဝင်ခဲ့သည်။

ပြည်တော်သာစီမံကိန်း၏ ဆေးနှင့်ကျန်းမာရေး ကဏ္ဍအတွက် ကနဦး လုပ်ငန်းစဉ်အဖြစ် အမျိုးသား စီမံကိန်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို ဆေးဝါးလုပ်ငန်းများ လေ့လာရန် ၁၉၅၃ ခုနှစ်က အင်္ဂလန်နှင့် ဥပရောပနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ ယင်းကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို အကြောင်းပြုကာ နိုင်ငံတော်အစိုးရ ဝန်ကြီးများအဖွဲ့သည် ၁၉၅၃ ခုနှစ်အတွင်းမှာပင် အထူးစီမံကိန်းများ ရပ်လုံးဖော်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၅၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်က အင်္ဂလန်နိုင်ငံ လီဗာပူးမြို့ရှိ အီဗင်ဆေးဝါးထောက်ပံ့ရေးလီမိတက် ( Evans Medical Supplies Ltd. ) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရတို့သည် မြန်မာနိုင်ငံတွင် ဆေးဝါးထုတ်လုပ်ရေး စက်ရုံတည်ဆောက်မည့် စီမံကိန်းအတွက် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ စာချုပ်ပါ သဘောတူညီချက်များအရ မြန်မာနိုင်ငံအတွင်း၌ ခေတ်မီဆေးဝါးထုတ်လုပ်ရေး စက်ရုံကိုတည်ဆောက်ပြီး ရောဂါကာကွယ် ကုသဆေးများကို ကျယ်ပြန့်စွာ ထုတ်လုပ်ရန်နှင့် အရက်ပြန်နှင့် အာဟာရဖြည့် ယိစ်ဆေးပြားများကိုလည်း ထုတ်လုပ်ရန် ဖြစ်သည်။

ယင်းသို့ စာချုပ် ချုပ်ဆိုကြပြီးနောက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ ယခု ဆေးဝါးစက်ရုံ(အင်းစိန်)တည်ရှိရာ မြေဧရိယာ ၇၉ ဧကပေါ်၌ စက်ရုံအဆောက်အအုံများ ဆောက်လုပ်ရန် ရွေးချယ်သတ်မှတ်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပန္နက်ရိုက်ပြီး အုတ်မြစ်ချ မင်္ဂလာပြုလုပ်ကာ ထိုနှစ်မေလတွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်။

### ဆေးဝါးစက်ရုံအဆောက်အအုံတည်ဆောက်ခြင်း

စက်ရုံ၏ ပင်မထုတ်လုပ်ရေး အဆောက်အအုံကို ၁၉၅၅ ခုနှစ် မေလ၌ တည်ဆောက်ပြီးစီးခဲ့ပြီးနောက် အဆိုပါ အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းကို ယာယီထုတ်လုပ်မှုယူနစ်တစ်ခုအဖြစ် ဖွဲ့စည်းမွမ်းမံကာ ဆေးဝါးတချို့ကို စတင်ထုတ်လုပ်ခဲ့သည်။ ၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင် ပါဏဗေဒဌာနကို လည်းကောင်း၊ ယင်းနှစ် ဖေဖော်ဝါရီလတွင် အရက်ချက်စက်ရုံကိုလည်းကောင်း၊ ဇူလိုင်လတွင် တဆေးစက်ရုံကို လည်းကောင်း၊ ဩဂုတ်လတွင် စက်ရုံအဆောက်အအုံ အားလုံးကိုလည်းကောင်း တည်ဆောက်ပြီးစီးခဲ့သည်။



BPI အမှတ်တံဆိပ်ဖြင့် လူသိများ ထင်ရှားသော စက်မှုဝန်ကြီးဌာန၏ ဆေးဝါးစက်ရုံ (အင်းစိန်)

မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (BPI)၏ အဆောက်အအုံများကို တည်ဆောက်ရာတွင် ထိုစဉ်က ကျပ်ငွေသန်း ၄၀ ကျော် ကုန်ကျခဲ့ပြီး ထုတ်လုပ်ရေး စက်ကိရိယာများ ဝယ်ယူတင်သွင်း တပ်ဆင်ခြင်းအတွက် ငွေကျပ်သန်း ၂၀ ကျော်၊ စုစုပေါင်း ငွေကျပ်သန်း ၆၀ ကျော် ကုန်ကျခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆေးဝါးအမယ်(အမည်)ပေါင်း ၄၁ မျိုးနှင့် ကာကွယ်၊ ကုသဆေး ခြောက်မျိုးတို့ကို စတင်ထုတ်နိုင်ခဲ့ပြီး ထိုနှစ်ထဲမှာပင် အရက်ပြန်၊ တဆေးနှင့် ယိစ်ဆေးပြားများကိုပါ တစ်ဆက်တစ်စပ်တည်း စတင်ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၅၇ ခုနှစ် မကုန်မီ တည်ဆောက်ရေးနှင့် စက်ကိရိယာများတပ်ဆင်ရေး လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့သော မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ (BPI) ကို ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသို့ ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်းတွင် အီဗင်ဆေးဝါးထောက်ပံ့ရေးလီမိတက်နှင့် မြန်မာနိုင်ငံတော် အစိုးရတို့ ချုပ်ဆိုခဲ့သည့်စာချုပ်ကို မလွှဲမရှောင်သာဘဲ ရပ်စဲရန်အကြောင်း ပေါ်ပေါက်လာခဲ့သည်။ စက်ရုံစီမံကွပ်ကဲအုပ်ချုပ်ရေး ညံ့ဖျင်းခြင်း၊ စက်ရုံကိစ္စ အကြောင်းပြချက်ဖြင့် နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ပခရီး သွားလာမှု စရိတ်စက များပြားလွန်းခြင်း၊ အုပ်ချုပ်မှုစရိတ်ကြီးမြင့်ကာ အရှုံးပေါ်ခြင်း၊ မြန်မာတိုင်းရင်းသား စက်ရုံဝန်ထမ်းများအပေါ် နိုင်ငံခြားသားများ၏ ဆက်ဆံရေး ပြေပြစ်မှုမရှိခြင်း၊ အုပ်ချုပ်ရေး၊ ပစ္စည်းဝယ်ယူရေး၊ အင်ဂျင်နီယာပညာရပ်နှင့် ဆေးဝါးထုတ်လုပ်ရေးပညာရပ် အစရှိသည်တို့ကို မြန်မာ့တိုင်းရင်းသားများအား သင်ကြားပြစေရာတွင် ပညာထိမ်ချန်ကာ စနစ်တကျ သင်ကြားပေးမှုမရှိခြင်း၊ နိုင်ငံခြားမှ ဆေးဝါးကုန်ကြမ်းများ ဝယ်ယူတင်သွင်းရာ၌ ကုမ္ပဏီကြားခံလူများကြောင့် နိုင်ငံတကာပေါက်ဈေးထက် အဆမတန် ဈေးပိုပေးကာ ဝယ်ယူရခြင်း၊ နိုင်ငံခြားသားများက ၎င်းတို့၏ အကျိုးစီးပွားအတွက် တစ်ဖက်သတ် အသာစီးယူ လုပ်ကိုင် ဆောင်ရွက်ကြခြင်း စသောအကြောင်းများကြောင့် မြန်မာပြည်သူလူထုနှင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏ အနာဂတ်အကျိုးကိုရှေးရှုကာ မူလစာချုပ်စာတမ်း ခုနစ်နှစ်မပြည့်မီ တစ်နှစ်ရှစ်လနှင့် ရက် ၂၀ အလို ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မြန်မာနိုင်ငံတော်အစိုးရနှင့် အီဗင်ဆေးဝါးထောက်ပံ့ရေးလီမိတက်တို့ ချုပ်ဆိုခဲ့သည့်စာချုပ်ကို တရားဝင်ရပ်စဲကာ နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့ရသည်။

ယင်းနောက် ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ၌ မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (BPI) ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုကော်ပိုရေးရှင်း(BEDC)၏ ကြီးကြပ်မှုအောက်သို့ သွတ်သွင်းခဲ့သည်။ ၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် စက်ရုံကို နိုင်ငံတော်ပိုင်ပြုလုပ်ပြီးနောက် ထိုစဉ်က စက်မှုလက်မှုဝန်ကြီးဌာန စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း (စတလက)၏ ကြီးကြပ် အုပ်ချုပ်မှုအောက်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ၁၉၇၂ ခုနှစ် မတ်လတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့လည်းကောင်း သွတ်သွင်းခဲ့သည်။

အီဗင်ဆေးဝါးထောက်ပံ့ရေးလီမိတက်နှင့် မြန်မာနိုင်ငံတော်အစိုးရတို့ ချုပ်ဆိုခဲ့ကြသည့်စာချုပ်ကို ရပ်စဲခဲ့ကြပြီးနောက်ပိုင်း မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (BPI)ကို မြန်မာတိုင်းရင်းသားများက စီမံအုပ်ချုပ် လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြရာတွင် အုပ်ချုပ်ရေး၊ ဆေးဝါးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုများတွင် သိသိသာသာ ပြောင်းလဲ တိုးတက်လာခဲ့သည်။

### အရည်အသွေးကောင်းသောဆေးဝါးများထုတ်လုပ်နိုင်

၁၉၅၇ ခုနှစ်မှစ၍ ဆေးဝါး ၄၁ မျိုးနှင့် ကာကွယ်၊ ကုသဆေး ခြောက်မျိုးတို့ကို စတင်ထုတ်လုပ်ခဲ့သော ဘီပီအိုင်သည် မြန်မာ့တိုင်းရင်းသား ပညာရှင်များ၏ စဉ်ဆက်မပြတ် သုတေသနပြု ကြိုးပမ်းစွမ်းဆောင်ခဲ့မှုများကြောင့် အရည်အသွေးကောင်းပြီး စံချိန်စံညွှန်း ပြည့်မီကိုက်ညီသော ဆေးဝါးများကိုပါ ထပ်မံတိုးချဲ့ ထုတ်လုပ်နိုင်ခဲ့ရုံမျှမက၊ အိမ်သုံးပစ္စည်း၊ အလှကုန်၊ မြွေဆိပ်ဖြေဆေး၊ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ စသည်တို့ကိုပါ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။

ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် ၁၉၈၀ ပြည့်နှစ်မှစ၍ နှစ်အလိုက်ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် စီမံကိန်းများကို လေ့လာကြည့်လျှင် ၁၉၈၀ ပြည့်နှစ်က ဆေး ပတ်တီးထုတ်လုပ်ရေး လုပ်ငန်းနှင့် မြစ်ခြေ မြင်းမွေးမြူရေးစီမံကိန်း၊ ၁၉၈၂ ခုနှစ်က မျက်စိကပ်မှန် ထုတ်လုပ်ရေးလုပ်ငန်း၊ ၁၉၈၅ ခုနှစ်က တိုင်းရင်းဆေး ထုတ်လုပ် ရေးလုပ်ငန်း၊ ၁၉၈၈ ခုနှစ်က အဏုဇီဝ စိမ်းပြာရေညှိ ထုတ်လုပ်ရေးစီမံကိန်း၊ ၁၉၉၄ ခုနှစ်က သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးစီမံကိန်း၊ ၂၀၀၀ ပြည့်နှစ်က အထူး ဆေးဝါးစက်ရုံ အမှတ် ၁ စီမံကိန်းနှင့် အမှတ် ၂ စီမံကိန်း၊ ထိုးဆေးတိုးချဲ့စီမံကိန်း၊ သွေးကြောသွင်းဆေးရည် တိုးချဲ့စီမံကိန်း၊ ဟဲဟိုး မြင်းမွေးမြူရေးစီမံကိန်း၊ ရန်ပယ် မြင်းမွေးမြူရေးစီမံကိန်း၊ ၂၀၀၂ ခုနှစ်က ပြင်ဦးလွင် ဆေးဝါးစက်ရုံစီမံကိန်း၊ ၂၀၀၃ ခုနှစ်က အင်ရောင်း ဆေးဝါးစက်ရုံစီမံကိန်း၊ ၂၀၀၈ ခုနှစ်က သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးထုတ်လုပ်ရေး တိုးချဲ့စီမံကိန်း၊ ၂၀၁၁ ခုနှစ်က မှော်ဘီမြို့ မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရေး စီမံကိန်း၊ ၂၀၁၄ ခုနှစ်က ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်(GMP) နှင့်အညီ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း၊ ၂၀၁၅ ခုနှစ်က ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့်ပဋိဇီဝဆေးဝါးများ တိုးမြှင့်ထုတ်လုပ်မှုအတွက် အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်း အစရှိသည်တို့ကို တွေ့ရှိရမည်ဖြစ်သည်။

ယခင်က BPI အဖြစ် လူသိများထင်ရှားခဲ့ပြီး ယခုအခါ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း၏ အဓိကကျသော ဆေးဝါးထုတ်လုပ်ရေးဌာနကြီးဖြစ်သည့် ဆေးဝါးစက်ရုံ(အင်းစိန်)သည် ၂၀၀၀ ပြည့်နှစ်အထိ တိုင်းရင်းဆေးဝါးများအပါအဝင် ဆေးဝါး ၂၄၆ မျိုးအထိ ထုတ်လုပ်ခဲ့ရာမှ တစ်ဖက်တွင် ယနေ့ခေတ်နှင့်ကိုက်ညီလျော်ကန်မှုမရှိသော ဆေးဝါးတချို့၏ ထုတ်လုပ်မှုကိုရပ်ဆိုင်းပြီး အခြားတစ်ဖက်၌လည်း ဆေးဝါးအမယ်(အမည်)သစ်များကို ထပ်မံတိုးချဲ့ ထုတ်လုပ်လာခဲ့ရာ မျက်မှောက်ကာလတွင် ဆေးပြား အမျိုး ၈၀၊ ဆေးရည် ၂၄ မျိုး၊ လိမ်းဆေး ကိုးမျိုး၊ ဆေးမှုန့် သုံးမျိုး၊ ထိုးဆေး ၅၃ မျိုး၊ သွေးကြောသွင်း ဆေးရည် ၁၆ မျိုးနှင့် ကာကွယ်၊ ကုသ၊ အဆိပ်ဖြေဆေး ၁၂ မျိုး စုစုပေါင်း ဆေးဝါးအမယ်(အမည်) ၁၉၇ မျိုးကို ထုတ်လုပ်ပေးလျက် ရှိနေသည်။ ။

---

# ရန်ကုန်-ဒလ ချယ်ရီသင်္ဘော နှစ်စဉ် နိုင်ငံခြားခရီးသွား ခြောက်သောင်းကျော်စီးနင်း

**ရန်ကုန် မေ ၁၆**

ရန်ကုန်မှ ဒလမြို့နယ်သို့ နိုင်ငံခြားခရီးသွားများ သွားရောက်လည်ပတ်လျက်ရှိရာ နှစ်စဉ် ခရီးသွားခြောက်သောင်းကျော်သည် ရန်ကုန်-ဒလ ချယ်ရီသင်္ဘောဖြင့် သွားလေ့ရှိကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များသည် ဒလမြို့တွင် စွန့်ပစ်ပစ္စည်းများမှလူသုံးကုန်အဖြစ် ပြန်လည်ထုတ်လုပ်သည့် ကြွပ်ကြွပ် Recycle လုပ်ငန်း၊ ဖယောင်းတိုင်လုပ်ငန်း၊ တံငါရွာ၊ စဉ့်ထည်ပြတိုက်နှင့် စဉ့်အိုးလုပ်ငန်းများသို့ သွားရောက်လည်ပတ်လေ့ရှိကြသည်။ ချယ်ရီသင်္ဘောဖြင့် ဒလမြို့ သို့ သွားရောက်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားခရီးသွား ၆၀၀၈၅ ဦး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားခရီးသွား ၆၇၀၄၀ရှိကြောင်း လက်ထောက်မန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။ နှစ်စဉ် နိုဝင်ဘာလမှ မတ်လအထိ ခရီးသွားရာသီ၌ နိုင်ငံခြားခရီးသွားများ စီးနင်းမှုများပြားပြီး ယခုနှစ် ဧပြီလ စီးနင်းမှုမှာ ၁၈၀၀ ကျော်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံမှလှူဒါန်းသည့် ချယ်ရီသင်္ဘော သုံးစင်းအနက် နေ့စဉ် သင်္ဘောနှစ်စင်းဖြင့် ဒလဘက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိ လည်းကောင်း၊ ရန်ကုန်ဘက်ကမ်းမှ နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ လည်းကောင်း တစ်နေ့ ၄၆ ခေါက် အလှည့်ကျပြေးဆွဲပေးလျက်ရှိသည်။ ပြည်တွင်းမှ စီးနင်းမှုမှာ တစ်ရက်လျှင် လူ ၂၅၀၀၀ ဝန်းကျင်ရှိပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသင်္ဘောများအနက် နိုင်ငံတော်အတွက် ဝင်ငွေအများဆုံး ရှာပေးနိုင်သည့် သင်္ဘောဆိပ်တစ်ခုဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**



# ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ မိုးမကျမီ အပြီးဆောင်ရွက်နိုင်ခဲ့

**ညောင်တုန်း မေ ၁၆**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင်တည်ရှိသော ညောင်တုန်းမြို့၌ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ တည်ဆောက်ထိန်းသိမ်းရေး လုပ်ငန်းကြီးနှစ်ခုစလုံးကို မိုးမကျမီ၊ ဧရာဝတီမြစ်ရေမတက်မီ အချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မြို့လူထုအနေဖြင့် ဝမ်းသာကျေနပ်လျက်ရှိကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် ညောင်တုန်းမြို့၁၉လမ်းမှ လမ်း ၂၀ အထိ အလျား ပေ ၃၂၀ ၌ ဘိုးပိုင်အခြေပြု ကျောက်စီနံရံနှင့် ရေလမ်းကြောင်း ပြောင်းလဲထိန်းသိမ်းနိုင်ရေးအတွက် ယခင်ညောင်ချောင်းသာမြစ်ကမ်း ၇ လမ်း၊ ၈ လမ်း မြစ်ကမ်းတစ်လျှောက်တွင် ပေ ၂၈၀၀ ရှည်လျားသော အုန်းတိုင်အခြေပြု၊ အုန်းတိုင်စိုက် ရေကာတန်းတည်ဆောက်ရေး လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများအားလုံး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၈၅ ခုနှစ်က ညောင်တုန်းမြို့တစ်ဖက်ကမ်း ရန်ကင်းစံရာဘက်ကမ်းခြေတွင်သောင်ထွန်းပြီး ညောင်တုန်းဘက်အခြမ်းကျွန်းထိပ်ပိုင်း ကမ်းပြိုမှုကြောင့် ၁၉၈၆၊ ၁၉၈၇ ခုနှစ်တွင် မြစ်ဖြတ်ရေခေါ်တူးမြောင်း ဖောက်လုပ်ခဲ့ရာ ထိုစဉ်က တာဝန်ရှိသူများ၏စီစဉ်ဆောင်ရွက်မှု အားနည်းချက်ကြောင့် မြို့တည့်တည့်သို့ ရေကြောင်းထိုးပြီး ၁၉၈၈ ခုနှစ်မှစတင်၍ ညောင်တုန်းမြို့၌ မြစ်ကမ်းပြိုမှုအန္တရာယ်ကို ဆိုးဆိုးရွားရွား ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ညောင်တုန်းဘက်ကမ်းရှိ ကျယ်ဝန်းသော သောင်ခုံကြီးပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော လွတ်လပ်ရေးကျောက်တိုင်ကြီးနှင့် အဆောက်အအုံကြီးများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် လူနေအိမ်ခြေ ၈၀၀ ကျော်ကိုလည်း ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ ထိုအချိန်မှစ၍ ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်က နှစ်စဉ် ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



ဘိုးပိုင်အခြေပြုကျောက်စီနံရံ တည်ဆောက်ပြီးစီးပုံ

# မန္တလေးတိုင်း၌ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လအတွက် ငွေကျပ် ၉၉ သန်းသုံးစွဲမည်

**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်နိုင်သည့် တိုင်းဒေသကြီးအတွင်းမှ ကျေးရွာများအတွက် ရေဂါလန် တစ်သန်းကျော်ဖြန့်ဝေပေးနိုင်ရန် ငွေကျပ် ၁၅ ဒသမ ၂၉၉၅ သန်း သုံးစွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဟန်ထံမှ သိရသည်။

ဦးစီးဌာနအနေဖြင့် ယခင်နှစ် သောက်သုံးရေပြတ်လပ်နိုင်သည့် ကျေးရွာများစာရင်းကောက်ယူမှုကို အခြေခံ၍ ယခုနှစ်တွင် ကျေးရွာ ၄၉ ရွာ၌ ရေပြတ်လပ်နိုင်မည်ဟု ခန့်မှန်းထားပြီး ယင်းကျေးရွာများမှာ ကျောက်ဆည်ခရိုင်တွင် ရှစ်ရွာ၊ မိတ္ထီလာခရိုင်တွင် ၂၅ ရွာ၊ မြင်းခြံခရိုင်တွင် သုံးရွာ၊ ရမည်းသင်းခရိုင်တွင် ကိုးရွာနှင့် ညောင်ဦးခရိုင်တွင် လေးရွာတို့ဖြစ်ကြောင်း သိရသည်။

"ရေပြတ်လပ်မှုက နှစ်စဉ်တော့ လျော့လာတယ်၊ ဘာကြောင့်လဲဆိုရင် ဒီရွာတွေက ရေပြတ်မယ်ဆိုရင် လာမယ့်ဘတ်ဂျက်ထဲမှာ ထည့်ပြီး လျာထားပေးတယ်၊ ဒီနှစ်က ဘတ်ဂျက်က နှစ်မျိုးဆိုတော့ နှစ်မျိုးစလုံးမှာ ရသလောက် လျာထားပေးတယ်၊ ရေပြတ်လပ်တယ်ဆိုတာ မရှိဘဲ ရေသုံးစွဲဖို့ မလောက်တာဘဲရှိတယ်၊ ဘာကြောင့် မလောက်တာလဲဆိုရင် လူဦးရေတိုးပွားလာတာတွေ၊ ရာသီဥတုပူပြင်းတာတွေနဲ့ ရေမျက်နှာပြင်နိမ့်ကျလာတာတွေကြောင့်ဖြစ်တယ်၊ ဒီအချက်အလက်တွေအပေါ် အခြေခံပြီး ရေပြတ်လပ်နိုင်တဲ့ ကျေးရွာတွေကို စာရင်းကောက်ယူပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အဆိုပါဌာနအနေဖြင့် မတ်လအတွင်းက သောက်သုံးရေလိုအပ်သည့် တံတားဦးမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ အိမ်ခြေ ၃၀၅ အိမ်၊ လူဦးရေ ၁၃၂၂ ဦးတို့အတွက် ရေဂါလန်ပေါင်း ၆၉၀၀ ကိုလည်းကောင်း၊ ဧပြီလအတွင်းက မြစ်သား၊ မိတ္ထီလာ၊ မလှိုင်၊ ပျော်ဘွယ်နှင့် နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ အိမ်ခြေ ၈၉၈ အိမ်၊ လူဦးရေ ၄၆၂၉ ဦးတို့အတွက် ရေဂါလန်ပေါင်း ၁၂၅၂၀၀ ကိုလည်းကောင်း၊ မေ ၁၁ ရက်အထိ မြစ်သား၊မိတ္ထီလာနှင့်ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာမှ အိမ်ခြေ ၁၀၄၁ အိမ်၊ လူဦးရေ ၄၅၀၄ ဦးတို့အတွက် ရေဂါလန်ပေါင်း ၁၅၄၀၀ ကိုလည်းကောင်း ဖြန့်ဝေပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။



တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လတာဘတ်ဂျက်တွင် ငွေကျပ် ၉၉ သန်းကျော်သုံးစွဲ၍ လုပ်ငန်း ၂၂ ခုကိုလည်းကောင်း၊ မွမ်းမံရန်ပုံငွေ ၅၆ သန်းကျော်ဖြင့် လုပ်ငန်း ရှစ်ခုကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး Unicef နှင့် JICA တို့နှင့်လည်း ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# နေပြည်တော်တွင် မှိုစိုက်ပျိုးမှုများပြားလာ

**နေပြည်တော် မေ ၁၆**

နေပြည်တော်တွင် စနစ်တကျ စိုက်ပျိုးထုတ်လုပ်သည့် မှိုများကို ဟင်းလျာအဖြစ် စားသုံးမှုမှာ ပိုမိုများပြားလာကြောင်းနှင့် ထိုသို့ စားသုံးသူများလာသောကြောင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း ဈေးကွက်ခိုင်မာမှုရရှိကာ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

စိုက်ပျိုးရေးဦးစီးဌာနက သင်ကြားပို့ချပေးသည့် မှိုစိုက်ပျိုးရေးနည်းနှင့်ပတ်သက်သည့် သင်တန်းသို့ စနစ်တကျတက်ရောက်ပြီးနောက် လက်ရှိ မှိုစိုက်ပျိုးထုတ်လုပ်သူ ပျဉ်းမနားမြို့နယ် သစ်လေးလုံးရွာမှ ကိုညွန့်က "လက်ရှိအခြေအနေမှာ ဈေးကွက်ရှိတော့ အဆင်ပြေပါတယ်၊ ကောက်ရိုးမှို တစ်ပိဿာကို ဖောက်သည်ဈေး ၄၀၀၀ ကျပ်ကနေ ၄၅၀၀ ကျပ်ထိရတယ်၊ ငွေနှင်းမှို တစ်ပိဿာကို ၃၀၀၀ ကျပ်ကနေ ၄၀၀၀ ကျပ်ထိရတယ်၊ ကြွက်နားရွက်မှိုက(အခြောက်) ဈေး ၈၅၀၀ ကျပ်ရတယ်၊ နေပြည်တော်မှာက ဈေးကြီး သုံးဈေးရှိတယ်လေ၊ အာဟာရသုခ၊ သပြေကုန်း၊ မြို့မဈေး အဲ့ဒီဈေးကြီး သုံးဈေးထဲကမှ ဖြန့်အားအကောင်းဆုံးကတော့ သပြေကုန်းဈေးနဲ့ မြို့မဈေးပေါ့၊ သပြေကုန်းဈေးကို တစ်နေ့ ပိဿာ ၃၀ ကနေ ၄၀ ထိ ပို့ရတယ်၊ မြို့မဈေးအတွက် ပိဿာ ၃၀ ခန့် ပို့ရပါတယ်၊ ဒီဈေးနှစ်ဈေးကနေ ဝန်ထမ်းရပ်ကွက်ဈေးတွေကို တစ်ဆင့်ပြန်သွင်းကြတယ်၊ အဓိကကျတဲ့ ဈေးနှစ်ဈေးဖြစ်ပါတယ်"ဟု ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မှိုစိုက်ပျိုးရေးပညာရှင် လက်ထောက်ဦးစီးမှူး ဦးအေးမင်းဇော်က "စနစ်တကျစိုက်ပျိုးထားတဲ့မှိုတွေမှာ လူတွေကိုအကျိုးပြုတဲ့ အာဟာရဓာတ်တွေ အများကြီးပါတယ်၊ ဥပမာ Fibre လိုမျိုး အစာချေလမ်းကြောင်းမှာရှိတဲ့ အဆီတို့၊ အညစ်အကြေးတို့ ရှင်းလင်းပေးတဲ့အလုပ်ကို လုပ်ဆောင်ပေးတယ်၊ ငွေနှင်းမှိုမှာပါတဲ့ အသားဓာတ်ကတော့ ပဲမျိုးစုံမှာပါတဲ့ အသားဓာတ်ထက် ရာခိုင်နှုန်းပိုတယ်၊ နောက်တစ်ခါ အသားဓာတ်ချင်းတူပေမယ့် တိရစ္ဆာန်ရဲ့အသားမှာပါတဲ့ အသားဓာတ်က စားသုံးမှုပုံစံအပေါ်မူတည်ပြီးတော့ ကင်ဆာဖြစ်စေတဲ့အထိ Effect ရှိတယ်၊ မှိုမှာပါတဲ့ အသားဓာတ်ကျတော့ အဲဒီလို Effect မရှိဘူး၊ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးလိုက်စားတဲ့ နိုင်ငံတွေမှာ တိရစ္ဆာန်အသားအစား မှိုကို အစားထိုးစားသုံးကြပါတယ်၊ အဲဒါအပြင် မှိုမှာ ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်တွေ အမြောက်အမြားပါဝင်တယ်၊ ဒါတွေကို စားသုံးသူများသိရှိအောင် အစိုးရကဏ္ဍ၊ ပညာရှင်ကဏ္ဍ၊ စိုက်ပျိုးသူကဏ္ဍအနေအားဖြင့် အသိပညာပေး ဖြန့်ဝေသွားမယ်ဆိုရင် စားသုံးသူဦးရေ ပိုမိုများပြားလာပြီး ဈေးကွက်လည်းပိုမိုကျယ်ပြန့်လာကာ နိုင်ငံစီးပွားရေးကို အထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်"ဟု အကြံပြုပြောကြားသည်။

နေပြည်တော်တွင် ၂၀၁၇ နှစ်ကုန်ပိုင်းလောက်မှ စတင်၍ မှိုစားသုံးသူ ပိုမိုများပြားလာခဲ့ပြီး နေပြည်တော်၌ မှိုစိုက်ပျိုးထုတ်လုပ်သူဦးရေမှာလည်း ၄၀ မှ ၅၀ ခန့်အထိ ရှိလာကြောင်း ဒေသခံ မှိုစိုက်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# MPT လက်လီအရောင်းဆိုင်များ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုသစ်များပြုလုပ်

**ရန်ကုန် မေ ၁၆**

မြန်မာ့ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သော MPT သည် နိုင်ငံ၏ ထိပ်တန်းလက်လီအရောင်းဆိုင်များ၊ ဝန်ဆောင်မှုများနှင့် ပူးပေါင်း၍ MPT Club အမည် ဆန်းသစ်တီထွင်ထားသည့် အစီအစဉ်သစ်ကို မေ ၁၅ ရက်က မိတ်ဆက်ပေးလိုက်ပြီး ထိုမှတစ်ဆင့် သန်းနှင့်ချီသောသုံးစွဲသူများက အသင်းဝင်ဖြစ်လာနိုင်မည့်အခွင့်အရေးနှင့်အတူ စိတ်လှုပ်ရှားဖွယ်ရာဆုလက်ဆောင်များနှင့် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်သည်။

ယနေ့စတင်မိတ်ဆက်လိုက်သော MPT Club အတွက် မိတ်ဖက်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ သုံးစွဲသူများကို ပိုမိုဖြည့်စွမ်းပေးရန်ဖြစ်ပြီး သုံးစွဲသူများအနေဖြင့် ငွေဖြည့်သည့်အခါတိုင်းနှင့် မိတ်ဖက်လုပ်ငန်းများ၏ ဆိုင်များတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုအသုံးပြုခြင်းတို့အတွက် ပွိုင့်များရရှိနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ ရရှိလာသည့် ပွိုင့်များကို MPT ၏ ငွေဖြည့်လက်ဆောင်များ၊ ဒေတာများဖြင့် လဲလှယ်နိုင်မည့်အပြင် မိတ်ဖက်ဆိုင်များတွင် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများဖြင့်လည်းလဲလှယ်နိုင်မည် ဖြစ်သည်။ လက်ရှိတွင် MPT အနေဖြင့် abc Convenience Stores, City Mart, ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်၊ Marrybrown၊ Pro1 Home Center ၊ SHWE LAR SHABU SHABU ဟော့ပေါ့၊ ShweTaung Real Estate နှင့် Wai Yan Electronic ဆိုင်များနှင့်ပူးပေါင်းဆောင်ရွက်နေပြီး မကြာမီထပ်မံပူးပေါင်းပါဝင်ဦးမည့် မိတ်ဖက်ဆိုင်များမှတစ်ဆင့်လည်း သုံးစွဲသူများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

MPT-KSGM Joint Operations ၏ CEO က "စားသောက်ကုန်တွေ၊ ၂၄ နာရီဖွင့်တဲ့ စတိုးဆိုင်တွေ၊ ရှော့ပင်းစင်တာနဲ့ လက်လီအရောင်းဆိုင်တွေ ၊ နေ့စဉ်အသုံးဆောင်ပစ္စည်းတွေ၊ ကျန်းမာရေးနဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေ အပါအဝင် များပြားလှတဲ့ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကိုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးMPT Club အနေနဲ့ မိတ်ဆက်ပေးခွင့်ရလို့ အလွန်ပဲဝမ်းမြောက်မိပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုပူးပေါင်းဆောင်ရွက်မှုက အကြီးမားဆုံး ဖြစ်လာမှာဖြစ်တဲ့အပြင် သုံးစွဲသူ ၂၅ သန်း ကျော်က MPT Club အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ပြီးငွေဖြည့်ဆုတွေ ရယူရင်းနဲ့ နေ့စဉ်ဘဝထဲကို ပျော်ရွှင်မှုတွေ ရောက်လာဖို့ ရည်ရွယ်ထားပါတယ်၊ MPT Club က MPT တစ်ဦးတည်း ဆောင်ရွက်တာမဟုတ်ဘဲအားလုံးသော မိတ်ဖက်အဖွဲ့အစည်းတွေ ပူးပေါင်းထားတာဖြစ်သလို ကျွန်တော်တို့ရဲ့ကြီးမားတဲ့ အောင်မြင်မှုတစ်ခုအဖြစ် ပြသနိုင်တဲ့၊ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တဲ့ သုံးစွဲသူတွေအတွက် ကျေးဇူးတုံ့ပြန်တဲ့ အစီအစဉ်တစ်ခုလည်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

MPT Club အဖွဲ့ဝင်ဖြစ်လာစေရန်အတွက် သုံးစွဲသူများအနေဖြင့် *345# ကိုခေါ်ဆို၍ ကုန်ကျစရိတ်မရှိဘဲ အဖွဲ့ဝင်နိုင်မည်ဖြစ်ပြီး အမှတ်များစတင်ရယူနိုင်မည် ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် MPT Club ကို မှတ်ပုံတင်စဉ် ပွိုင့် ၅၀ ရရှိမည်ဖြစ်ပြီး ကြိုတင်ငွေဖြည့်တိုင်းသို့မဟုတ် Post-paid ပေးဆောင်တိုင်းတွင် အမှတ်များ စတင်ရရှိမည်ဖြစ်ကာ ပွိုင့် ၅၀ ကို တစ်ပွိုင့်အဖြစ် ပွိုင့်တစ်ပွိုင့်လျှင် ငွေကျပ် ၂၀၀ ရရှိမည်ဖြစ်သည်။ (ဥပမာ ငွေဖြည့်ကတ် တစ်သောင်းလျှင် ပွိုင့် ၅၀ ရရှိမည်ဖြစ်သည်) ယခုကဲ့သို့ စတင်မိတ်ဆက်ခြင်းအတွက် အထူးအစီအစဉ်အဖြစ် MPT Club အဖွဲ့ဝင်များသည် ပရိုမိုးရှင်းကာလဖြစ်သော ၂၀၁၈ ဇွန်လကုန်အထိ ငွေဖြည့်တိုင်းတွင် ပွိုင့် နှစ်ဆခံစားခွင့်ရမည်ဖြစ်သည်။

ထို့အပြင် လစဉ် ၅ ရက်၊ ၁၅ ရက်၊ ၂၅ ရက်တိုင်းတွင် ကျင်းပမည့် Lucky 5 ပရိုမိုးရှင်းလည်းရှိပြီး MPT Club အဖွဲ့ဝင်တိုင်းအနေနှင့် မိတ်ဖက်အဖွဲ့အစည်းများထံမှ အထူးဈေးနှုန်းနှင့် လျှော့ဈေးများ ရယူခံစားနိုင်ဦးမည်ဖြစ်ကာ ယခုအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Hot Line နံပါတ် ၁၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်သလို www.facebook.com/mptofficialpage တွင်လည်း ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**မင်းခေတ်**

# လာရောက်ဖူးမြော်သူများဖြင့် စည်ကားလာသော ကျောက်ကြီးမြို့နယ်မှ ရှင်သီဝလိခြေတော်ရာတောင်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ခြောက်မြို့နယ်တွင် ပါဝင်သော ကျောက်ကြီးမြို့နယ်ရှိ ရှင်သီဝလိခြေတော်ရာအစစ်ဟု လူသိများထင်ရှားသော စေတီသို့ နေ့စဉ်လာရောက်ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်သည် ကရင်ပြည်နယ်နှင့် ထိစပ်လျက်ရှိသော ဒေသဖြစ်ပြီး ရှေးယခင်က ဒေသတွင်းငြိမ်းချမ်းမှုမရှိသည့်အတွက် ခရီးသွားလာမှု အလွန်နည်းပါးသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာလည်း များစွာ နောက်ကျခဲ့ရသည်။ ယခုအခါတွင်မူ နယ်မြေငြိမ်းချမ်းသာယာမှုရှိလာပြီဖြစ်သည့်အားလျော်စွာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာကာ လမ်းပန်းဆက်သွယ်မှုမှာလည်း များစွာကောင်းမွန်ခဲ့ပြီဖြစ်သည်။ ထို့အတူ ဒေသတွင်းရှိ ထင်ရှားကျော်ကြားသော နေရာဒေသများသို့လည်း လာရောက်လည်ပတ်သူများဖြင့် စည်ကားလာ၍ ဒေသခံတို့အနေဖြင့် များစွာဂုဏ်ယူလျက်ရှိကြပြီဖြစ်သည်။

ကျောက်ကြီးမြို့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများအနေဖြင့် စပ်လဲရေတံခွန်နှင့် ရှင်သီဝလိခြေတော်ရာဘုရားတို့ကို အဓိက သွားရောက်လည်ပတ်ကြပြီး ကျောက်ကြီးမြို့မြောက်ဘက် တစ်မိုင်ခန့်အကွာ၊ မေတ္တာရပ်ကွက်ရှိ ရှင်သီဝလိခြေတော်ရာမှာ လွန်ခဲ့သော နှစ်နှစ်ခန့်မှစတင်၍ လာရောက်ဖူးမြော်သူ သိသိသာသာ များပြားလာကြောင်း ရှင်သီဝလိကျောင်းတိုက်ဆရာတော် အရှင်ပညာဒီပက မိန့်ကြားသည်။

"မြတ်စွာဘုရားရှင် ဝါတော် ၂၀ ရောက်ရှိချိန်မှာ အတိုင်းတိုင်းအပြည်ပြည်ကို ဒေသစာရီကြွချီတယ်၊ ကြွချီတဲ့အခါမှာ သုဝဏ္ဏဘူမိဆိုတဲ့ သထုံဘက်ကနေပြီး အထက်ဘက်ကို ဆက်လက်ကြွချီခဲ့ပြီး ကျောက်ကြီးဒေသက အခု သမိုင်းဝင်ကျောက်တုံးကြီးပေါ်ကို ရောက်ရှိခဲ့တယ်လို့ဆိုပါတယ်၊ ဒီဒေသမှာရှိကြတဲ့ဝေနေယျသတ္တဝါအပေါင်း ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာနိုင်ဖို့ရာအတွက် ခြေတော်ရာချမယ်ဆိုပြီး စိတ်ကူးပေါ်လာတဲ့အခါ အနားမှာရှိတဲ့ ရှင်အာနန္ဒာနဲ့ ရှင်သီဝလိတို့ဟာ ရှေးယခင် ဥဒေါင်းမင်းဘဝက ဒီနေရာမှာ ကျင်လည်ကျက်စားခဲ့တာဖြစ်ကြောင်း သိမြင်တော်မူတဲ့အတွက် ရှင်သီဝလိကိုယ်တော်က ဘုရားရှင်ရဲ့ဆန္ဒနဲ့အညီ ခြေတော်ရာချခဲ့တာဖြစ်ကြောင်း သမိုင်းစာတွေမှာ မှတ်တမ်းတင်ထားပါတယ်"ဟု ဆရာတော် အရှင်ပညာဒီပက ဆက်လက်မိန့်ကြားသည်။

ရှင်သီဝလိခြေတော်ရာနှင့်အတူ ပေ ၈၀ အထက်မြင့်မားသည့် ကျောက်တုံးကြီးပေါ်၌ ခြေဆေးကန်စေတီတော်တစ်ဆူရှိပြီး အနီးရှိ ခြေဆေးကန်သည် ဘုရားရှင်ဒေသစာရီကြွချီတော်မူစဉ် ခြေတော်ဆေးခဲ့သော ကန်ဖြစ်ကာ အဆိုပါရေကန်မှထွက်ရှိသောရေသည် ရှေးနှစ်ပေါင်းထောင်ချီ ကတည်းက ယခုထက်ထိတိုင်အောင် ခန်းခြောက်ခြင်းမရှိကြောင်း မြို့ခံ ဦးတင်ဌေးက ပြောကြားသည်။ ရှင်သီဝလိခြေတော်ရာတောင်နှင့် ခြေဆေးကန်စေတီသို့ အနယ်နယ် အရပ်ရပ်မှလာရောက်လည်ပတ်သူများ၏ စေတနာထက်သန်စွာ လှူဒါန်းမှုများကြောင့် သာသနိကအဆောက်အအုံများ တည်ဆောက်နိုင်သလို ဘုရားဖူးများ နားနေနိုင်သော နေရာများစွာလည်း ပြုလုပ်ပေးထားသည်။ ခြေတော်ရာတောင်ပေါ်၌ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ ရောက်တိုင်း ညလုံးပေါက် ဘုရားမီးပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကာ ခြေတော်ရာတောင်နှင့်ကပ်လျက်ရှိသည့် တောင်တော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ငါးထပ်ကြီးဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရားများကိုလည်း ဖူးမြော်နိုင်မည်ဖြစ်သည်။



ကျောက်ကြီးမြို့နယ်သည် ရှေးယခင်က အမည်းရောင်နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရသည့်ဒေသဖြစ်ပြီး ဒေသတွင်းတိုက်ပွဲများကြောင့် ကျောက်ကြီးမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများအဖို့မှာ မဲဇာအပို့ခံရသည်ဟု ပြောစမှတ်ဖြစ်ခဲ့ဖူးသည်။ ယနေ့တွင်မူ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့်အတူ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် လွန်ခဲ့သော သုံးနှစ်ကာလမှစတင်၍ ခရီးသွားများ လာရောက်လည်ပတ်မှုမှာ သိသိသာသာ များပြားလာနေပြီဖြစ်သည်။

ကျောက်ကြီးမြို့နယ် ခြေတော်ရာတောင်သို့ လာရောက်ဖူးမြော်လိုသူများအနေဖြင့် ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်းမြို့မှတစ်ဆင့် အရှေ့ဘက်သို့ ကားဖြင့် ၁၇ မိုင်ခန့်ခရီးအတိုင်း သွားရောက်နိုင်သလို ဖြူး-အုတ်ဖြတ်လမ်းပိုင်းနှင့် တောင်ငူ-ထန်းတပင် ကားလမ်းတို့မှလည်း လာရောက်နိုင်မည် ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ပုပ္ပားတောင်ကလပ်တွင် ဈေးသည်များစုပေါင်း၍ ရက်ခြားသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပုပ္ပားတောင်ကလပ်ကို အမှိုက်ကင်းစင်သည့် နယ်မြေ ဖြစ်လာစေရန်အတွက် ဒေသခံဈေးသည်များ စုပေါင်း၍ တောင်ကလပ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ရက်ခြားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာယီဂေါပကအဖွဲ့ဝင် ဦးဝင်းလှိုင်က "ကျွန်တော်တို့ ဒီလိုစုပေါင်းပြီး သန့်ရှင်းရေးလုပ်လာတာ အခုဆို ခြောက်ကြိမ်ရှိသွားပါပြီ၊ တစ်ရက်ခြား ပုံမှန်လုပ်ပေးသွားမှာပါ၊ ဘာလို့လဲဆိုတော့ ဒီဒေသက ပြည်တွင်းပြည်ပ ခရီးသွားတွေ နေ့စဉ်ဝင်ထွက်သွားလာနေတဲ့ နေရာတစ်ခုဖြစ်တဲ့အတွက် သန့်ရှင်းရေးက အဓိကလိုအပ်ပါတယ်၊ နောက်ပြီး ကျွန်တော်တို့ဒေသခံဈေးသည်တွေလည်း သန့်ရှင်းရေးကို ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်နေရတော့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုအလေ့အထကို ထိန်းသိမ်းပြီးသားဖြစ်အောင်လို့ပါ၊ သီးခြားပညာပေးစရာ မလိုတာပေါ့ဗျာ၊ ဒါပေမယ့် အမှိုက်သယ်ကားမရှိတော့ အခုလောလောဆယ် အမှိုက်ကားတစ်ခါက်ကို နှစ်သောင်းကျပ်ပေးငှားပြီး သုံးနေရတာပါ၊ တောင်ကလပ်ဂေါပက ရန်ပုံငွေနဲ့ ဘက်စုံသုံးယာဉ်တစ်စီး ဝယ်ယူဖို့တော့ စီစဉ်ထားပါတယ်၊ အဲသလိုဝယ်ပြီးရင်တော့ ရွာထဲကိုပါ အပတ်စဉ် အမှိုက်သိမ်းစနစ်နဲ့ ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်"ဟု ပြောသည်။



မေ ၁၆ ရက်ကလည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တောင်ကလပ်ယာယီဂေါပကအဖွဲ့ဝင် ဦးဝင်းလှိုင် ဦးဆောင်သည့် ဂေါပကအဖွဲ့ဝင်များနှင့် ပန်းသည်၊ ကန်တော့ပွဲသည်နှင့် မျှောက်စာသည် အစရှိသည့် ဒေသခံဈေးသည်များ စုစုပေါင်းအင်အား ၈၀ ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ တောင်ကလပ်စောင်းတန်းဝဲယာနှင့် တောင်ကလပ်-ပုပ္ပား ကားလမ်းဘေး ဝဲယာရှိ အမှိုက်များ၊ ပလတ်စတစ်များကို လိုက်လံသိမ်းဆည်းခြင်း၊ မီးရှို့ခြင်းနှင့် အမှိုက်ကားများဖြင့်တင်၍ စွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပုပ္ပားတောင်ကလပ်သည် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးခရီးသွားများ၊ နိုင်ငံရပ်ခြားမှဧည့်သည်များ နေ့စဉ် ဝင်ထွက်သွားလာနေသည့် နေရာတစ်ခုဖြစ်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးပေး ဆောင်ရွက်သင့်သည့်အတွက် တာဝန်ရှိသူများအပြင် ဒေသခံပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာ သန့်ရှင်းသာယာသည့်နေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တောင်ကလပ်ကို အမှီပြုပြီး စီးပွားရှာနေကြသည့် ဒေသခံဈေးသည်များဖြစ်သော ပန်းသည်များ၊ မျှောက်စာသည်များ၊ ကန်တော့ပွဲဈေးသည်များက အဓိကပါဝင်ဆောင်ရွက်ကြပြီး ယာယီဂေါပကအဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများက လိုအပ်သည်များကိုပံ့ပိုးခြင်း၊ အလှူရှင်များက အချိုရည်များ လှူဒါန်းခြင်းဖြင့် ကူညီခဲ့ကြသည်။ ယခုကဲ့သို့ စုပေါင်းသန့်ရှင်းရေးကို နှစ်ရက်ခြားတစ်ကြိမ် နံနက်ပိုင်းတွင် နှစ်နာရီခန့် အချိန်ယူ၍ ပုံမှန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**

# ကျိုက်ဒုံမြို့တွင် ထိုင်းနိုင်ငံမှပြန်လာသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ကျိုက်ဒုံ မေ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နေရပ်ပြန် မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများကို ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ကျိုက်ဒုံရှေ့တန်းရုံးတာဝန်ခံ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ မေ ၁၅ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေရပ်သို့ပြန်လာသည့် အိမ်ထောင်စု လေးစုမှ လူဦးရေ ၁၀ ဦး နေထိုင်သည့် ထီးဝါးကလူးကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ရာ လူဦးရေ ၁၀ ဦးအနက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူ ခြောက်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျိုက်ဒုံ (မြန်/ဆက်)**

# ဒီမော့ဆိုမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

**ဒီမော့ဆို မေ ၁၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ မေ ၁၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အန္တရာယ်များနှင့် လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲမှု မပြုလုပ်ကြရန် အရေးကြီးကြောင်း ဟောပြောသည်။

ထို့အပြင် လူငယ်များအနေဖြင့် အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင်များကို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ပြီး အင်တာနက်သုံးစွဲနိုင်ရန်အတွက် WiFi လည်း အခမဲ့ထုတ်လွှင့်ပေးလျက်ရှိကြောင်း ဦးစီးမှူးက အသိပေး ပြောကြားသည်။

**မြို့နယ်(မြန်/ဆက်)**

# ညောင်ဦးမြို့၌ ခွေးရူးကာကွယ်ဆေးများ ဒုတိယအကြိမ် မြို့နယ်လုံးကျွတ်ထိုးနှံပေးနေ

**ညောင်ဦး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မြို့နယ်လုံးကျွတ် ခွေးရူးရောဂါ ကင်းစင်ပပျောက်စေရေးအတွက် ခွေးရူးရောဂါကာကွယ်ဆေးများ ဒုတိယအကြိမ်မြောက် ကွင်းဆင်းထိုးနှံပေးခြင်းလုပ်ငန်းများကို ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ Four Paws International animal charity နှင့် မင်္ဂလာမြန်မာ ခွေးရူးရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့တို့ ပူးပေါင်း၍ ဧပြီ ၂၆ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိရာ ယခု မေလလယ်တွင် ညောင်ဦးတစ်မြို့နယ်လုံးမှ ခွေးနှင့် ကြောင် အကောင်ရေ နှစ်သောင်းခန့်ကို ကာကွယ်ဆေးများ ထိုးနှံပြီးစီးသွားပြီဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းခန့်ကို ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာသန်းထွန်းစိန်က "ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ညောင်ဦးမြို့နယ်လုံးကျွတ် ခွေးရူးရောဂါကင်းစင်ပပျောက်စေရန် ရည်ရွယ်ပြီးတော့ ဒုတိယအကြိမ်မြောက် ခွေးရူးရောဂါကာကွယ်ဆေးတွေကို မြို့ပေါ်ရပ်ကွက်တွေနဲ့ မြို့နယ်အတွင်းရှိ ကျေးရွာတွေကို ကွင်းဆင်းထိုးနှံပေးနေပါတယ်၊ အခု ဒုတိယအကြိမ်မြောက် ခွေးရူးကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းမှာ အိမ်မွေးကြောင်တွေကိုလည်း ထိုးနှံပေးတာဖြစ်ပြီး မြို့နယ်လုံးကျွတ်အနေနဲ့ဆိုရင် ခွေး၊ ကြောင် အကောင်ရေ ၂၃၀၀၀ ခန့် ထိုးနှံပြီးစီးဖို့ လျာထားဆောင်ရွက်နေပါတယ်၊ လက်ရှိ ထိုးနှံပြီးစီးသွားတဲ့ ခွေး၊ ကြောင် အကောင်ရေ ၂၀၀၀၀ ခန့် ထိုးနှံပြီးစီးသွားပြီဖြစ်လို့ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းခန့် ထိုးနှံပြီးစီးပြီဖြစ်ပါတယ်"ဟု ပြောသည်။

မြို့နယ်လုံးကျွတ် ခွေးရူးရောဂါ ကာကွယ်ဆေးထိုးပေးရန် လျာထားချက်ဖြစ်သည့် ခွေးနှင့် ကြောင် အကောင်ရေ ၂၃၀၀၀ ထိုးနှံပြီးစီးရေးအတွက် ကျန်ရှိသည့် ကျေးရွာများသို့လည်း ကွင်းဆင်း၍ ကာကွယ်ဆေးများ ထိုးပေးလျက်ရှိကာ ယခု မေလတတိယပတ်အကုန်ခန့်တွင် ညောင်ဦးမြို့နယ်လုံးကျွတ် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများ ပြီးစီးနိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

# မြန်မာ-ကိုရီးယား ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်

◆ နုနုယဉ်(ပြည်ထောင်စုရှေ့နေချုပ်ရုံး) ◆

**ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ နည်းပညာအသစ်အဆန်း တွေဟာ စဉ်ဆက်မပြတ်ဆိုသလို လူသားတွေရဲ့နေ့စဉ်ဘဝထဲကို တိုးဝင်ပတ်သက်လျက်ရှိပါတယ်။ ကမ္ဘာ့တစ်နေရာမှ စက်ရုံကြီးများကို မိမိအိမ်ထဲက စောင့်ကြည့်နိုင်သလို စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ဝင်ငွေထွက်ငွေ၊ အကျိုးအမြတ်စတဲ့ ကိန်းဂဏန်းတွေကိုလည်း လက်တစ်ဝါးစာ ဖုန်သားပြင်ကို တို့ထိရုံဖြင့် သိရှိဆောင်ရွက်နိုင်ပါတယ်။ နည်းပညာထွန်းကားမှုကြောင့် ကမ္ဘာတစ်ခြမ်းမှာ ဖြစ်ပျက်နေတာကို အခြားကမ္ဘာတစ်ခြမ်းက အချိန်နဲ့တစ်ပြေးညီ တွေ့မြင်သိရှိနိုင်ပါတယ်။ ဒီနည်းပညာတွေကို အသုံးချနိုင်မယ်ဆိုရင် ကျွန်ုပ်တို့ရဲ့လုပ်ငန်းတွေလွယ်ကူလျင်မြန်မှုနဲ့အတူ တိုးတက်ဖွံ့ဖြိုးနေမှာဖြစ်ပါတယ်။ ထွန်းကားလာနေတဲ့ နည်းပညာတွေနဲ့အညီ လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်ရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာကလည်း နောက်ကျကျန်ရစ်နေမှာပဲ ဖြစ်ပါတယ်**

### လစ်ဟာနေတဲ့ကွက်လပ်

ကျွန်ုပ်တို့ဟာ နည်းပညာထွန်းကားမှုကို ရင်ပေါင်တန်းမလိုက်နိုင်သေးတာကြောင့် လုပ်ငန်းဆောင်ရွက်တာတွေကို သမားရိုးကျစနစ်နဲ့ သွားနေရဆဲဖြစ်ပါတယ်။ ပုံမှန်လုပ်ငန်းတွေလုပ်တဲ့အခါ paper work ကို အားထားနေရဆဲပါ။ ရည်ညွှန်းကိုးကားရမယ့် အထောက်အထားတွေဟာ တစ်စုတစ်စည်းတည်းမရှိရင် ရှာဖွေနေတာနဲ့တင် အချိန်ကုန်လူပင်ပန်းဖြစ်ရပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးကဏ္ဍတွေမှာ တာဝန်ရှိတဲ့အစိုးရရဲ့ဝန်ထမ်းတွေဟာ ဥပဒေရေးရာကိစ္စတွေဆောင်ရွက်တဲ့အခါ ပြဋ္ဌာန်းဥပဒေ၊ ပြင်ဆင်ဥပဒေ အဲ့ဒီဥပဒေနဲ့ဆိုင်တဲ့ နည်းဥပဒေ၊ စည်းမျဉ်း ၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကို ကိုးကားဆောင်ရွက်ကြရပါတယ်။ အများပြည်သူကလည်း ဒါတွေကို လိုက်နာဆောင်ရွက်ကြရပါတယ်။ အဲဒီလို လိုက်နာဆောင်ရွက်ကြတဲ့အခါမှာ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ အမိန့်ညွှန်ကြားချက်တွေကို လက်လှမ်းမီဖို့ ခက်ခဲပါတယ်။ စာအုပ်စာတမ်းရှားပါးမှု၊ တစုတစည်းတည်း ထိန်းသိမ်းထားခြင်းမရှိမှုတို့ကြောင့် အများပြည်သူသာမက အစိုးရဌာနအဖွဲ့အစည်းတွေတောင် အခက်အခဲနဲ့ကြုံတွေ့ကြရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ဥပဒေဟာ ခိုင်မာမှု၊ ရှင်းလင်းတိကျမှု၊ မျှတမှု၊ အများပြည်သူအကျိုးဖြစ်ထွန်းစေမှု၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှု စတဲ့အခြေခံအချက်တွေနဲ့ ပြည့်စုံပြီး ပြည်သူတွေက အဲဒီဥပဒေတွေကို အလွယ်တကူလက်လှမ်းမီသိရှိနိုင်မယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ ဥပဒေတွေကို အလွယ်တကူ သိရှိလေ့လာနိုင်ခြင်းကြောင့် ဆောင်ရန်ရှောင်ရန်တွေကို သိရှိပြီး ဥပဒေနဲ့အညီ ကျင့်ကြံလိုက်နာနေထိုင်ဆောင်ရွက်ကြတဲ့ ဝန်းကျင်ကောင်းတစ်ရပ်ပေါ်ပေါက်လာစေနိုင်ပါတယ်။တရားဥပဒေစိုးမိုးမှုလည်း ရှိလာမှာဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ တရားဥပဒေစိုးမိုးရေးဟာအရေးကြီးပါတယ်။ ဥပဒေနဲ့အညီနေထိုင်ဆောင်ရွက်တဲ့အလေ့အထတွေပေါ်ပေါက်လာမှ ၊တရားဥပဒေစိုးမိုးမှုရှိမှ ဒီမိုကရေစီဟာ ရှင်သန်ကြီးထွားနိုင်မှာဖြစ်ပါတယ်။

### မြန်မာဥပဒေသတင်းအချက်အလက်စနစ်ရဲ့အစ

ဒီလိုလစ်ဟာနေတဲ့ကွက်လပ်ကို ဖြည့်ဆည်းနိုင်ဖို့ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ ၂၀၁၂ ခုနှစ်မှာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နဲ့ဆွေးနွေးပြီး နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးခဲ့ပါတယ်။ ဒါဟာ မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System - MLIS)ထူထောင်ဖို့အစပျိုးခဲ့တာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ KOICA ရဲ့ Chief Representative မစ္စတာ ကင်ယောင်နမ်နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ဆွေးနွေးမှုမှတ်တမ်း (ROD)ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ထူထောင်ရန် KOICA ရဲ့အထောက်အပံ့နဲ့ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာန (Ministry of Legislation- MOLEG)က နည်းပညာအကူအညီပေးဖို့ သဘောတူညီခဲ့ကြပါတယ်။

### လုပ်ငန်းစဉ်နှင့်လိုအပ်ချက်

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ထူထောင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ထူထောင်ရေးအတွက် အဓိကလုပ်ငန်းစဉ်သုံးရပ်ရှိရာ Master Plan ရေးဆွဲခြင်းဟာ ပထမလုပ်ငန်းစဉ်ဖြစ်ပါတယ်။ Master Plan ကို ကိုရီးယားနဲ့မြန်မာပညာရှင်များပူးပေါင်းရေးဆွဲခဲ့ပြီး အဲဒီ Plan နဲ့အညီ ၂၀၁၆ ခုနှစ်မှာ လုပ်ငန်းတွေစတင်ခဲ့ပါတယ်။ဒုတိယအဆင့်က မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS)ထူထောင်ခြင်းဖြစ်ပြီး တတိယအဆင့်က မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကိုထိန်းကျောင်းမယ့် အော်ပရေတာတွေနဲ့ စီမံခန့်ခွဲသူတွေကို သင်တန်းပေးခြင်းဖြစ်ပါတယ်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံရဲ့ပြဋ္ဌာန်းဥပဒေတွေကို လွှတ်တော်၊ ဝန်ကြီးဌာနအချို့နဲ့ အဖွဲ့အစည်းအချို့က ၎င်းတို့ရဲ့ဝက်ဘ်ဆိုက်တွေမှာ လွှင့်တင်ထားတာရှိပါတယ်။ ဥပဒေသုတေသီအချို့နဲ့ ဝါသနာရှင်အချို့ကလည်း အင်တာနက်ကနေ တတ်နိုင်သလောက် ဥပဒေပညာဖြန့်ဖြူးပေးနေတာတွေ့ရပါတယ်။ သို့ရာတွင် တည်ဆဲ ဥပဒေအချို့ကိုသာ လွှင့်တင်နိုင်ခြင်းကြောင့် လိုအပ်ချက်များ၊ မပြည့်စုံမှုများရှိနေပါတယ်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကတော့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအားလုံးကို ဝက်ဘ်ဆိုက်မှာ လွှင့်တင်ပေးမှာဖြစ်တာကြောင့် တည်ဆဲဥပဒေရော၊ ရုပ်သိမ်းပြီးဖြစ်တဲ့ ဥပဒေတွေရော အားလုံးကိုတစ်နေရာတည်းမှာ အပြည့်အစုံကြည့်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ ဥပဒေထုတ်ပြန်ခဲ့တဲ့ တစ်ဆင့်ခံဥပဒေတွေဖြစ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း တစုတစည်းလွှင့်တင်ပေးမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြဋ္ဌာန်းတဲ့ဥပဒေတွေနဲ့ တစ်ဆင့်ခံ ဥပဒေတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) က ဝန်ဆောင်မှုပေးတဲ့အခါ ကျွန်ုပ်တို့နိုင်ငံကပြဋ္ဌာန်းပြီး ဖြစ်တဲ့ဥပဒေတွေနဲ့ တစ်ဆင့်ခံဥပဒေတွေအားလုံးကို ပြည့်ပြည့်စုံစုံဖော်ပြနိုင်အောင်ကြိုးပမ်းနေပါတယ်။ပြည့်စုံမှန်ကန်ပြီး အချိန်နဲ့တစ်ပြေးညီ ဥပဒေသတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးမှာဖြစ်တာကြောင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကလည်း မိမိတို့စီမံခန့်ခွဲတဲ့ ဥပဒေအရ ထုတ်ပြန်ထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းစတာတွေကို ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှသာ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)အောင်မြင်ပြီး နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းတဲ့ ဥပဒေသတင်းအချက်အလက်စနစ် ဖြစ်တည်နိုင်မှာ ဖြစ်ပါတယ်။

### MLIS ထူထောင်မှု

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)အတွက် လိုအပ်တဲ့ ဥပဒေဆိုင်ရာ သတင်းအချက်အလက်တွေရရှိဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေထံ ညှိနှိုင်းတောင်းခံခဲ့ရာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေကလည်း ယင်းတို့စီမံခန့်ခွဲနေတဲ့ ဥပဒေတွေနဲ့ တစ်ဆင့်ခံဥပဒေတွေ ပေးပို့ခဲ့ကြပါတယ်။ သို့သော်လည်း လိုအပ်ချက်တွေရှိနေတာကြောင့် မြန်မာနိုင်ငံပြန်တမ်းမှာ ရှာဖွေမှုတွေလည်း ပြုလုပ်ရပါတယ်။ ရရှိတဲ့အချက်အလက်တွေကို မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)မှာ ထည့်သွင်းနိုင်ဖို့ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနက တာဝန်ယူပြီး Data Input လုပ်နေပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေး ဝန်ကြီးဌာနက ကိုရီးယားနည်းပညာကုမ္ပဏီတစ်ခုနဲ့ ဝင်းပြည်သစ်ကုမ္ပဏီတို့ကို ငှားရမ်းဆောင်ရွက်နေပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက သတင်းအချက်အလက်မှန်ကန်မှုကို စစ်ဆေးအတည်ပြုတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မေလကုန်မှာ အပြီးသတ်လွှင့်တင်မှာဖြစ်ပြီး ကြားကာလကုန်မှာ လိုအပ်ချက်တွေ၊ အဆင်မပြေမှုတွေကို ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်မှာဖြစ်ပါတယ်။

### MLIS ရဲ့အကျိုးကျေးဇူး

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)က ဘယ်လောက်အသုံးတည့်သလဲဆိုတာ စိတ်ဝင်စားစရာပါ။ အလွန်အကျိုးရှိမှာပါလို့ ပြောရုံနဲ့ လုံလောက်မှာမဟုတ်ပါ။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)မှာ ဥပဒေဆိုင်ရာသတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးတဲ့အခါ တည်ဆဲဥပဒေများသာမက ရုပ်သိမ်းပြီးဖြစ်တဲ့ ဥပဒေတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ အဖွဲ့အစည်းအလိုက်သာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပို့ဆောင်ရေး စတဲ့ကဏ္ဍအလိုက်လည်း ခွဲခြားပြီး ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။ ဥပဒေတစ်ခုချင်းအလိုက် မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်တဲ့အကြိမ်ရေ၊ ပြင်ဆင်တဲ့ခုနှစ်၊ ပြင်ဆင်တဲ့အကြောင်းအရာ စတာတွေကို သမိုင်းကြောင်းနဲ့တကွ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီလက်ထက်မှ ယနေ့ကာလအထိ စီရင်ထုံးပြုထားတဲ့ မြန်မာနိုင်ငံတရားစီရင်ထုံးတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ထို့အတူ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီဖြစ်အောင် ဖြည့်စွက်ဖော်ပြပေးမှာဖြစ်ပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပြီး အတည်ပြုလက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ (Conventions)တွေကိုလည်း အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြပေးမှာဖြစ်ပါတယ်။

ဥပဒေသတင်းအချက်အလက်တွေကို ဌာနအဖွဲ့အစည်းအလိုက် ဖော်ပြထားသလို ကဏ္ဍအလိုက်လည်း ခွဲခြားဖော်ပြထားတာကြောင့် မိမိသိလိုသော အချက်အလက်မှာ ဘယ်ကဏ္ဍနဲ့ဆိုင်တယ်၊ ဘယ်ဌာနနဲ့ ဆိုင်တယ်ဆိုတာသိရုံနဲ့ အလွယ်တကူ ရှာနိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် မိမိသိလိုတဲ့အကြောင်းအရာကို ရိုက်ထည့်ရှာဖွေရင်လည်းရမှာဖြစ်တာကြောင့် မည်မျှလျင်မြန်စွာ ရှာဖွေကြည့်ရှုနိုင်မည်ကို ခန့်မှန်းကြည့်နိုင်ပါတယ်။ ဥပဒေသတင်းအချက်အလက်တွေကိုရယူအသုံးပြုခြင်းအတွက် အခကြေးငွေကောက်ခံခြင်းမပြုဘဲ ပြည်သူတွေ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ဥပဒေဆိုတာက အစဉ်အတည်မြဲနေသော အရာမဟုတ်ပါ။ ခေတ်ကာလနဲ့မညီရင်ဖြစ်စေ၊ စနစ်နဲ့မညီရင်ဖြစ်စေ၊ အစိုးရရဲ့ မူဝါဒနဲ့ မကိုက်ရင်ဖြစ်စေ၊ တိုင်းသူပြည်သားတို့ရဲ့လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ရင်ဖြစ်စေ၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ ပြုရသည်ဖြစ်ရာ ပြင်ဆင်ပြောင်းလဲနေမှုကို အချိန်နဲ့တစ်ပြေးညီ သိနိုင်မှသာလျှင် အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ဟာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေရဲ့ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးမှာဖြစ်တာကြောင့် ဥပဒေနယ်ပယ်မှာ ပုဂ္ဂိုလ်တွေသာမက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွေ အပါအဝင် ပြည်သူအားလုံး Update ဖြစ်တဲ့ သတင်းအချက်အလက်တွေ ရရှိမှာဖြစ်ပါတယ်။ ဥပဒေသုတေသီတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဥပဒေရေးဆွဲသူ၊ ဥပဒေပြုသူတွေအတွက်လည်း အထောက်အကူများစွာ ဖြစ်စေမှာဖြစ်ပါတယ်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ရဲ့ဝန်ဆောင်မှုကို ကွန်ပျူတာနဲ့သာမက စမတ်ဖုန်းတွေနဲ့လည်း ရယူအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနက်ကနေ (MLIS) ရဲ့ဝက်ဘ်ဆိုက်ကို ဝင်လိုက်တာနဲ့ မိမိရှေ့ကို ဥပဒေစာကြည့်တိုက်သဖွယ် ရောက်လာပြီး လိုရာဥပဒေကို အလွယ်တကူ ရှာဖွေအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီလိုအသုံးပြုနိုင်တာကြောင့် စာအုပ်ထူထူကြီးတွေကို လှန်လှောရှာဖွေရတဲ့ဒုက္ခ၊ လိုအပ်တဲ့စာအုပ်မရှိတဲ့အခက်အခဲစတဲ့ အဆင်မပြေမှုတွေကိုလည်း ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ကွန်ပျူတာတစ်လုံး၊ စမတ်ဖုန်းတစ်လုံးသာရှိမယ်ဆိုရင် ဥပဒေစာကြည့်တိုက်တစ်ခု မိမိနဲ့အမြဲအတူရှိနေမယ့်သဘောဖြစ်ပါတယ်။ နည်းပညာက ကျွန်ုပ်တို့ရဲ့နေ့စဉ်ဘဝတွေ သက်သာလွယ်ကူအောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေလည်း ဥပဒေနဲ့ ပိုမိုနီးကပ်လာပြီး ဥပဒေဆိုင်ရာအသိပညာ၊ ဗဟုသုတတွေ တိုးပွားလာမှာဖြစ်ပါတယ်။ ဒါဟာ အဖိုးမဖြတ်နိုင်တဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)အောင်မြင်စွာ ထူထောင်လည်ပတ်နိုင်ပါက ယင်းစနစ်ကို အရှေ့တောင်အာရှမှာ ပထမဆုံးတည်ထောင်နိုင်တဲ့ နိုင်ငံဖြစ်လို့ ဂုဏ်ယူစရာဖြစ်ပါတယ်။ ဒီစနစ်အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေရင် ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေကလည်း မိမိတို့နိုင်ငံရဲ့ဥပဒေတွေကို အလွယ်တကူလေ့လာနိုင်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်စေဖို့ အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ နိုင်ငံသားတွေအနေနဲ့လည်း ဥပဒေသတင်းအချက်အလက်တွေကို အခက်အခဲမရှိ ရယူနိုင်ပြီး မိမိတို့ရဲ့စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိခြင်းကြောင့် ဥပဒေနဲ့အညီ ပြုမူကျင့်ကြံနေထိုင်တဲ့ အချက်အလက်တွေကို အခက်အခဲမရှိ ရယူနိုင်ပြီး မိမိတို့ရဲ့စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိခြင်းကြောင့် ဥပဒေနဲ့အညီ ပြုမူကျင့်ကြံနေထိုင်တဲ့ အလေ့အထကောင်းတွေ ပေါ်ပေါက်လာပြီး တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်မှုကို အထောက်အကူဖြစ်စေမှာလည်း ဖြစ်ပါတယ်။

### ရေရှည်တည်တံ့စေဖို့

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကို KOICA ရဲ့အကူအညီနဲ့ ထူထောင်သော်လည်း အောင်မြင်ပြီး ရေရှည်တည်တံ့နိုင်ဖို့အတွက် ကျွန်ုပ်တို့ဆက်လက် ကြိုးစားရမှာဖြစ်ပါတယ်။ အချိန်နဲ့တစ်ပြေးညီဖြစ်တဲ့ Update ဖြစ်တဲ့ သတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးမှာဖြစ်တာကြောင့် ဆိုက်ဘာလုံခြုံရေးအတွက် အမြဲတမ်းစောင့်ကြည့်နေရမှာ ဖြစ်သလို နေ့စဉ် စိစစ် တည်းဖြတ်ဖြည့်စွက်တာတွေလည်း လုပ်နေရမှာဖြစ်ပါတယ်။ ဒါ့အပြင် အချိန်ကာလကြာမြင့်လာတာနဲ့အမျှ နည်းဥပဒေအရ ခေတ်မမီတော့တဲ့ ပစ္စည်းကိရိယာတွေကိုလည်း အစားထိုးလဲလှယ်တာ၊ ပြုပြင်ထိန်းသိမ်းတာတွေ လုပ်နိုင်ဖို့ ရန်ပုံငွေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ KOICA တို့ ပူးပေါင်းအကောင်အထည်ဖော်နေတဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ဟာ မိမိတို့နိုင်ငံရဲ့ဥပဒေသတင်းအချက်အလက်ဆိုင်ရာ ကွက်လပ်ကို ဖြည့်ဆည်းပေးမယ့် လွန်စွာအရေးပါတဲ့ စနစ်ဖြစ်တာကြောင့် အောင်မြင်စွာ တည်ထောင်နိုင်ပါစေကြောင်းနဲ့ ရေရှည်တည်တံ့နိုင်စေဖို့ အစိုးရဌာန အဖွဲ့အစည်းတွေက၊ မိမိတို့ဌာနအဖွဲ့အစည်းက စီမံခန့်ခွဲတဲ့၊ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အချိန်နဲ့တစ်ပြေးညီ ပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းအပ်ပါတယ်။ နည်းပညာနဲ့ ကိုရီးယားသမ္မတ နိုင်ငံအစိုးရ၊ KOICA ၊ ဥပဒေပြုရေးဝန်ကြီးတို့ရဲ့ နည်းဥပဒေ၊ ငွေကြေးအကူအညီနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု အရ ဥပဒေ၊ နည်းဥပဒေစတဲ့ ဥပဒေရေးရာတွေကို အများပြည်သူတို့ လွယ်လင့်တကူ ရယူသိရှိနိုင်စေမယ့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ဟာ မကြာမီပေါ်ထွက်လာတော့မှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ ။

> **မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကတော့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ အားလုံးကို ဝက်ဘ်ဆိုက်မှာ လွှင့်တင်ပေးမှာဖြစ်တာကြောင့် တည်ဆဲဥပဒေရော၊ ရုပ်သိမ်းပြီးဖြစ်တဲ့ ဥပဒေတွေရော အားလုံးကိုတစ်နေရာတည်းမှာ အပြည့်အစုံကြည့်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ ဥပဒေထုတ်ပြန်ခဲ့တဲ့ တစ်ဆင့်ခံဥပဒေတွေဖြစ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း တစုတစည်းလွှင့်တင်ပေးမှာဖြစ်**

# ရွှေစက်တော်ဘုရားမှ မိုးခိုဈေးသည်များ ဈေးရောင်းချခွင့်ရရန် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အသနားခံ

**မင်းဘူး မေ ၁၆**

မန်းရွှေစက်တော်ဘုရားပွဲတော်ကာလအပြီးတွင် ဈေးသည်များသည် ဘုရား၌ပင် မိုးတွင်းကာလ ခိုအောင်း၍ ရောင်းချလျက်ရှိသည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်ကာ ယခုနှစ်တွင်မူ မိုးခိုဈေးသည်များအား စည်းကမ်းပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် မေလဒုတိယပတ်တွင် အပြီးဖယ်ရှားပေးရန် ရွှေစက်တော်ဂေါပကအဖွဲ့က အမိန့်ကြေညာချက် ထုတ်ပြန်လိုက်ပြီးနောက်ပိုင်းတွင် ဈေးသည်များက ဘုရားအရိပ်အာဝါသခို၍ ရောင်းချခွင့်ပြုရန်အတွက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုထံ အသနားခံစာ တင်ပြထားကြောင်း သိရသည်။

"ပွဲတော်ကာလပြီးတိုင်း စားဝတ်နေရေးအရ ဘုရားအရိပ်ခိုရင်း ဈေးရောင်းလာတာ ၁၀ နှစ်လောက်ရှိပါပြီ၊ ဘယ်သူမှလည်း ထူးပြီး ချမ်းသာလာတဲ့သူ မရှိပါဘူး၊ စားဖြစ် နေဖြစ်ရုံလေးပါ၊ အခု ဂေါပက က နှင်နေပါပြီ၊ သတ်မှတ်တဲ့စည်းကမ်းတွေလည်း လိုက်နာပါ့မယ်၊ အခွန်လည်း တတ်စွမ်းသရွေ့ ဆောင်ပါ့မယ်၊ ဘုရားနားက နမ္မဒါစာသင်ကျောင်းမှာ ဈေးသည်တွေရဲ့ ကလေးတွေ ကျောင်းတက်နေကြတာလည်း အများကြီးပါ၊ ခက်ခဲကုန်ကြပါပြီ၊ ပြည်သူတင်တဲ့ဝန်ကြီးချုပ်ဆီ အသနားခံဖို့ နားလည်တဲ့ဈေးသည်တွေက ဦးဆောင်စီစဉ်နေပါတယ်" ဟု မိုးခိုဈေးသည်တစ်ဦးက ပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပနေစဉ် ပွဲတော်ကာလတစ်ဝက်ခန့်ကတည်းကပင် ယခုနှစ်တွင် မိုးခိုဈေးသည်များထားတော့မည်မဟုတ်ကြောင်း အသိပေးထားပြီးဖြစ်ကာ ပွဲတော်မပြီးခင် နှစ်ပတ်၊ သုံးပတ်အလိုကလည်း အသံချဲ့စက်ဖြင့် အသိပေးကြေညာထားခဲ့ပြီးဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းလှိုင်က ဈေးသည်များ ဖယ်ရှားရခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ "ပြီးခဲ့တဲ့နှစ်က ဒီတစ်နှစ်တော့ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကျွန်တော်တာဝန်ခံပါတယ်ဆိုပြီးထားခဲ့တာ ဆိုင် ၄၀ ကျော်လောက် ရှိပါတယ်၊ သူတို့က မျှစ်တွေချိုးတယ်၊ မျှစ်တွေကို ရင်ပြင်တော်ပေါ်အထိ လှန်းတယ်၊ (၈)မိုင်လမ်းဘက်က လာတဲ့အခါကျတော့လည်း မျောတိုင်တွေ ခုတ်သယ်နေတာတွေ၊ မီးသွေးဖုတ်နေတာတွေ တွေ့ကြရတယ်၊ သူတို့ စည်းကမ်းလိုက်နာမှုအားနည်းတော့ ဘုရားကြီးရဲ့သန့်ရှင်းသပ်ရပ်မှုကိုလည်း ထိခိုက်စေတာကြောင့် ဖယ်ရှားခိုင်းရခြင်းဖြစ်ပါတယ်"ဟု မီဒီယာများနှင့်တွေ့ဆုံစဉ် ရှင်းပြသည်။

မန်းရွှေစက်တော်ဘုရား၌ ၂၀၀၈ ခုနှစ် ဂေါပကဥက္ကဋ္ဌ ဦးမြင့်သူရ လက်ထက်ကလည်း မိုးခိုဈေးသည်များအား နှင်ခဲ့ဖူးပြီး ပြန်ဖို့အိမ်မရှိဟု ဆိုကြ၍ ဘုရားရွာတွင် အိမ်ဝိုင်းနေရာ ၃၇ ကွက် ချပေးခဲ့ကြောင်း၊ တစ်နှစ်၊ နှစ်နှစ်ခန့်သာ ရှင်းလင်းသွားခဲ့ပြီး ချပေးထားသည့် ဝိုင်းကွက်များကို ရောင်းစားကာ မိုးခိုဈေးသည်များအဖြစ် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ယခင်က ဖြစ်ပျက်ဖူးသည့်အခြေအနေတစ်ခုကိုလည်း ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ဆက်လက်ပြောပြသည်။

ဘုရားဖူးပြည်သူများ အဆင်ပြေစွာ တည်းခိုစားသောက်နိုင်ရေးအတွက် မန်းရွှေစက်တော်ဘုရားတွင် အဆင့်မီ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ တည်းခိုဆောင်များကို တင်ဒါခေါ်ယူ ချထားပေးသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရပြီး မိုးခိုဈေးသည်များကလည်း ၎င်းတို့၏ အသနားခံမှုအပေါ် ဝန်ကြီးချုပ်က မည်သို့မှတ်ချက်ပြု ဖြေရှင်းပေးမည်ကို အားကိုးတကြီး မျှော်လင့်နေမိကြောင်း မီဒီယာများထံသို့ ပြောကြားထားသည်။

**ဇေယျတု(မကွေး)**





**သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင် ဦးဆောင်သော မူခင်းအသိပညာပေးယာဉ်သည် မေ ၁၆ ရက်တွင် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေး ကြိုတင်ကာကွယ်မှုများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် မူခင်းကျဆင်းရေးပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် အသိပညာပေးခြင်းကို သိမ်ဆိပ်စခန်းမှူး ရဲအုပ်သိန်းနိုင်နှင့်အဖွဲ့က ဆောင်ရွက်စဉ်။**

နန္ဒကျော်စွာ

## ပုဗ္ဗသီရိမြို့နယ်၌ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပြည်သူများ မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေး၊ မှုခင်းအသိပညာ ဗဟုသုတများရရှိစေရန် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ညွှန်ကြားမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက ကြီးကြပ်ကာ မြို့နယ်အလိုက် မှုခင်းအသိပညာပေးဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မေလဒုတိယပတ်က ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဋ္ဌေးအောင်၏ ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ်၊ ထုံးဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်က သပြေစမ်းကျေးရွာ ဓမ္မာရုံ၌ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် ဒေသခံများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# မန္တလေးမြို့မီးပွိုင့်နေရာများတွင် CCTV အလုံး ၁၀၀ ကျော် ထပ်တိုးတပ်ဆင်

**မန္တလေး မေ ၁၆**



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို အထောက်အကူဖြစ်စေရန်အတွက် မန္တလေးမြို့ရှိ SC-ATS စနစ်သုံး မီးပွိုင့်နေရာအားလုံးတွင် CCTV ပုံရိပ်ဖမ်းကင်မရာများ အပါအဝင် ယာဉ်နံပါတ်ကိုမှတ်၍ ခြေရာခံနိုင်သည့်ကင်မရာ အလုံး ၁၀၀ ကျော်ကို ထပ်တိုး၍တပ်ဆင်နေကြောင်း သိရသည်။

မြို့တော်ဧရိယာအတွင်း SCATS စနစ်သုံးမီးပွိုင့် ၃၂ ပွိုင့်ရှိကာ ယင်းမီးပွိုင့်တိုင်းတွင် မီတာ ၂၀ အထိ Zoom ဆွဲနိုင်၊ ၃၆၀ ဒီဂရီလှည့်ကြည့်နိုင်သည့် Dome ကင်မရာတစ်လုံးစီကို မူလကတပ်ဆင်ထားပြီး လမ်းကြောင်းအားလုံးကို Cover ဖြစ်စေရန်အတွက် အဆိုပါ CCTV များကို ထပ်မံတိုးချဲ့တပ်ဆင်ခြင်း ဖြစ်သည်။

" SCATS မီးပွိုင့်အားလုံးရဲ့ ဝန်းကျင်မှာ တိုင်ထောင်ပြီးထပ်တပ်မှာ၊ မြေပြင်မှာတော့ အကုန်တပ်ပြီးပါပြီ၊ ဖိုင်ဘာကြိုးလိုင်း ဆက်သွယ်ပြီး Server room ထိုင်ဖို့ပဲ ကျန်တော့တာ" ဟု အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ဌာနစုမှူးက ပြောသည်။

SCATS မီးပွိုင့်များအနီးတွင် သီးသန့်တိုင်ထောင်၍ CCTV အလုံးပေါင်း ၁၃၀ ကျော်ကို လမ်းကြောတိုင်းမှတ်တမ်းယူနိုင်ရန် တပ်ဆင်ပြီးစီးနေပြီး ယင်းတွင် Speed Dome ကင်မရာ ၁၁ လုံး၊ Run the red Light ၂၁ လုံး၊ License Plate Recognition ၁၁၇ လုံးစသည်ဖြင့် ပါဝင်သည်။

"Dome CCTV တွေက ဖမ်းတဲ့ပုံတွေအပြင် အခုတပ်မယ့် ကင်မရာတွေက လေးဘက်လေးတန်မြင်နိုင်မယ်၊ ကားနံပါတ်ပြားကို မှတ်ထားနိုင်တဲ့အတွက် ယာဉ်တွေရဲ့ မှတ်တမ်းကို နေ့အလိုက်ပြန်ရှာပြီး ကားရှိတဲ့နေရာကို ရှာနိုင်တယ်" ဟုလည်း ၎င်းကပြောသည်။

ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကိုလည်း မှတ်တမ်းယူ၍ သက်ဆိုင်ရာကို ဆက်သွယ်ပေးပို့နိုင်ကြောင်း၊ မှုခင်းနှင့် မတော်တဆ ထိခိုက်မှုဖြစ်စဉ်များအတွက် အချက်အလက်များကို အချိန်မီပို့နိုင်ကြောင်းလည်း သိရသည်။

မြို့တော်စည်ပင်က ဆောင်ရွက်ထားသည့် SCATS (Sydney Coordinated Adaptive Traffic System) မီးပွိုင့်ဆိုသည်မှာ ယာဉ်ကြောတွင် မော်တော်ယာဉ်ရှိ မရှိကို ကတ္တရာလမ်းတွင် ဖောက်ထွင်းတပ်ဆင်ထားသည့် Inductive Loop Sensor များမှ အာရုံခံကာ ယာဉ်ကြောရှင်းသည့်ဘက်တွင် အချိန်လျှော့၍ ကျပ်သည့်ဘက်တွင် အချိန်ပိုပေးခြင်းကို အလိုအလျောက် ဆောင်ရွက်ပေးသည်။

လျှပ်စစ်မီးပြတ်တောက်ပါက ၂၄ နာရီအသုံးပြုနိုင်သည့် UPS စနစ်ပါဝင်ပြီး မီးပွိုင့်များတွင် CCTV ကင်မရာများ တပ်ဆင်၍ ဗဟိုထိန်းချုပ်ခန်းမှ ယာဉ်ကြောအခြေအနေများ စီမံခန့်ခွဲနိုင်သည်။ အရေအသွေးဖြင့် full HD ပုံရိပ်များကို တစ်လအထိ သိမ်းထားနိုင်သည့် စနစ်ဖြစ်သည်။ ယင်းစနစ်မှ ကင်မရာများသည် ယာဉ်ကြောအားလုံးအတွက် Cover ဖြစ်စေရန် လုံလောက်မှုမရှိသေးသည့်အတွက် ထပ်မံတိုးချဲ့သည့်အနေဖြင့် အဆင့်မြင့်ကင်မရာများကို တပ်ဆင်ခြင်းဖြစ်ကြောင်း၊ ယင်းတို့အား ဇွန်လနှောင်းပိုင်းတွင် စတင်လည်ပတ်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## မှုခင်းသတင်းများ

### တရားမဝင်ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများဖမ်းမိ

**ကောလင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ရွာသစ်ကျေးရွာအနီးတောအတွင်းမှ တရားမဝင်ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများတင်ဆောင်လာသော ယာဉ်တစ်စီးဖမ်းမိခဲ့ကြောင်း သိရသည်။

ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးနိုင် ဦးစီးသော သစ်တောဝန်ထမ်းများသည် မေ ၁၄ ရက်က ကောလင်းမြို့နယ် ရွာသစ်ကျေးရွာအနီးတောအတွင်း သတင်းအရ ဝင်ရောက် ရှာဖွေရာ ရပ်ထားသော ယာဉ်အမှတ် 3B/---- ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်လုံး နှစ်လုံး ၀ ဒသမ ၁၃၆ တန်၊ တရားမဝင်ကျွန်းခွဲသား ၃၅၃ ချောင်း ၃ ဒသမ ၉၀၉၈ တန်ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်ပိုင်ရှင်နှင့် သစ်ပိုင်ရှင်အား အမြန်ဖမ်းမိရေးအတွက် ဒေသခံများဖြင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း ဦးစီးအရာရှိ ဦးမျိုးနိုင်က ပြောသည်။

**လူအောင် (ကသာ)**

### ဆင်သတ်ရာတွင် အသုံးပြုသော လက်နက်များတွေ့ရှိ

**ငပုတော မေ ၁၆**

ငပုတောမြို့နယ် ဝက်ကော်ဘိနယ်ရုံးတွင် အခြေပြုနေသော သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တိုင်းတာဝန်ခံ ဒုရဲမှူး ထွန်းထွန်းဝင်းဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အခြားပူးပေါင်းပါဝင်ဆောက်ရွက်သောအဖွဲ့များသည် တောဆင်ရိုင်းများ သတ်ဖြတ်မှုမခံရစေရေးနှင့် ဆင်ပစ်မုဆိုးများ ဖမ်းဆီးရမိရေးအတွက် မေ ၁၃ ရက်က နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ငရုတ်ကောင်းတောင်၊ မြစ်တစ်ရာသစ်တောကြိုးဝိုင်းသစ်ကွက်အမှတ် ၁၉၇၊သစ်ပုတ်ချောင်းဖျားအနီးတွင် ဆင်ပစ်မုဆိုးများ စခန်းချသွားသည်ဟု ယူဆရသောနေရာဟောင်းတစ်ခုကို တွေ့ရှိပြီး ရှင်းလင်းဆောင်ရွက်စဉ် ပလတ်စတစ်ဖြင့် ဖုံးအုပ်ကာ ပျဉ်ချပ်များနှင့်ဖိ၍ ဝှက်သိမ်းထားသော တူမီးသေနတ် သုံးလက်နှင့်အတူ ဆင်ပစ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့တွေ့ရှိခဲ့သည်။

ပိုင်ရှင်မဲ့တွေ့ရှိသည့် တူမီးသေနတ်သုံးလက်နှင့် ဆင်ပစ်သတ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ငရုတ်ကောင်းနယ်မြေရဲစခန်းတွင် ထိန်းသိမ်းထားပြီး ဆင်ပစ်မုဆိုးများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ် (ပြန်/ဆက်)**

## စစ်တွေမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ အနုပညာစုံညီပွဲတော် ပထမအကြိမ် ကျင်းပမည်

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ်အစိုးရ ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့က ကြီးမှူး၍ ပထမအကြိမ် တိုင်းရင်းသား လူမျိုးစုများ၏ အနုပညာ စုံညီပွဲတော်ကို စစ်တွေမြို့၌ မေ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသားလူမျိုးစုများရဲ့ အနုပညာစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်တွေကတော့ တိုင်းရင်းသား လူမျိုးစုများရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်ရေးနဲ့ ဒီမိုကရေစီပြည်ထောင်စု ဖြစ်ပေါ်လာစေရန်အတွက် ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုတို့၏ အနုပညာစုံညီပွဲတော် ကျင်းပဖို့ မေ ၁၄ ရက်က ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနမှာ ရခိုင်၊ သက်၊ မရမာကြီး၊ သက္ကမ (ဒိုင်းနက်)၊ ခမီ၊ မြို၊ ချင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို အစည်းအဝေးဖိတ်ခေါ်ပြီး တွေ့ဆုံညှိနှိုင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ပြောသည်။

အဆိုပါ အနုပညာ စုံညီပွဲတော်ကို ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများမှ တိုင်းရင်းသားလူငယ် ကိုယ်စားလှယ်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ စုပေါင်းအင်အားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးစုများ၏ အနုပညာစုံညီပွဲတော်တွင် အစီအစဉ်များအနေဖြင့် ရခိုင်ပြည်နယ်ရှိ ရခိုင်၊ သက်၊ မရမာကြီး၊ သက္ကမ (ဒိုင်းနက်)၊ ခမီ၊ မြို၊ စမ်းတူချင်း၊ ခမောချင်း၊ စိုင်းဘောင်ချင်း၊ မြို (ခမိ) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအကပဒေသာများ၊ တေးဂီတဖျော်ဖြေပွဲများ ဖြင့် ဖျော်ဖြေသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**

## ချင်းတွင်းမြစ်တွင်းသွားရေယာဉ်များ ဘေးကင်းစွာသွားလာနိုင်ရေး ပညာပေးဟောပြော

**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် အထက်အောက် စုန်ဆန်သွားလာ ခုတ်မောင်းလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်စည်တင်ရေယာဉ်များအနေဖြင့် မိုးရာသီတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲတစ်ရပ်ကို မေ ၁၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

"ချင်းတွင်းမြစ်ကြောင်းမှာ ရေကြောင်းဘေးအန္တရာယ်က အရင်က နှစ်တိုင်းလိုလိုရှိနေတယ်၊ ဒါကြောင့် ၂၀၁၆ ခုနှစ်ကစပြီးတော့ ရေကြောင်းအန္တရာယ် ကင်းရှင်းရေးအတွက် ဝန်ကြီးဌာနကနေ ဟောပြောပွဲတွေ လုပ်လာတာပါ၊ ချင်းတွင်းမြစ်နဲ့ပတ်သက်ပြီးတော့ ရေကြောင်းအန္တရာယ်နဲ့ပတ်သက်လို့ လုပ်စရာတွေက အများကြီးပါ၊ ရေယာဉ်တွေတည်ဆောက်တဲ့အပိုင်းကနေ စပြီးတော့ လုပ်ရမှာပါ၊ ချင်းတွင်းမြစ်မှာ သွားလာနေတဲ့ ခရီးသည်တင်ရေယာဉ်တွေ စံချိန်စံညွှန်းတွေ အားနည်းတဲ့အတွက် ကြံ့ခိုင်ရေးအပိုင်းမှာ၊ တည်ငြိမ်မှုအပိုင်းမှာ အားနည်းကြတယ်၊ စည်းကမ်းထိန်းသိမ်းမှုတွေ အားနည်းခဲ့တယ်၊ အဲဒီအတွက် ရေယာဉ်တွေက သတ်မှတ်တဲ့ ခရီးသည်ဦးရေထက် ပိုပြီးတင်ဆောင်ကြတယ်၊ ဒါကြောင့် ဖြစ်ပြီဆိုတာနဲ့ အသက်ဆုံးရှုံးမှုတွေ များတာပါ၊ အဲဒီလို မဖြစ်အောင်လို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလလောက်မှာစပြီးတော့ ခရီးသည်အရေအတွက် ပြန်လည်သတ်မှတ် တင်ဆောင်စေခဲ့တယ်၊ ရေယာဉ်အသစ် တည်ဆောက်တဲ့အခါမှာလည်း စံချိန်စံညွှန်း ပြန်လည်စိစစ်မှုတွေ အရင်ကထက်ပိုပြီး လုပ်ဆောင်ပါတယ်၊ ခရီးသည်တွေ၊ ရေယာဉ်မောင်းနှင်သူတွေ၊ ရေယာဉ်လုပ်သားတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကို ချပြရှင်းလင်းပေးမှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်ပေးနေပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးဖုန်းမိုက ပြောသည်။



တိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ရေယာဉ်များနှင့် ကုန်စည်တင်ရေယာဉ်များတွင် သတ်မှတ်လူဦးရေ၊ ကုန်စည်အလေးချိန် တင်ဆောင်မှု မှန်ကန်မှုရှိစေရေးအတွက် မုံရွာမြို့မှ မထွက်ခွာမီ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးကြပ်မတ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်အသင်း ၁၀ သင်း၌ ရေယာဉ်အစင်းရေ ၁၄၃ စင်းနှင့် ကုန်စည်တင် ရေယာဉ်အသင်း ၁၉ သင်း၌ အစင်းရေ ၃၀၇ စင်းတို့ ပြေးဆွဲလျက်ရှိကြောင်းလည်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တောင်ငူခရိုင် မျိုးစေ့ဘဏ်တည်ထောင်ရေးအတွက် တောင်သူများအား မျိုးသန့်မျိုးစေ့များပေးအပ်

**တောင်ငူ မေ ၁၆**

၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးရာသီတွင် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ပံ့ပိုးမှုဖြင့် တောင်ငူခရိုင်၌ မျိုးစေ့ဘဏ်တည်ထောင်ရေးအတွက် စုပေါင်းလယ်ယာ (Collected Farm) စိုက်ပျိုးနေသည့် တောင်သူများအား မျိုးသန့်မျိုးပွား မျိုးစေ့များ ပေးအပ်ပွဲကို တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁၄ ရက်က ကျင်းပခဲ့သည်။

ယခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ဘဏ်တည်ထောင်ရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၃ မြို့နယ်ရှိ စုပေါင်းလယ်ယာ ၂၃ ခု ဧကပေါင်း ၁၃၅၈ ဧက၌ မျိုးသန့်မျိုးပွားမျိုးစေ့မှ စီးပွားဖြစ် မျိုးသန့်စပါးအဖြစ် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကာ ၂၀၁၈-၂၀၁၉ မိုးရာသီတွင် တောင်ငူခရိုင်အတွင်းရှိ စုပေါင်းလယ်ယာ ငါးခု၌ တောင်သူ ၈၂ ဦးက ဧက ၂၅၀ ကို စီးပွားဖြစ်မျိုးသန့်အဖြစ် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက "ကျွန်တော်တို့ တောင်ငူခရိုင်မှာ ဧက ၂၅၀ ကို ဒီနှစ်အတွက် လာမယ့်မိုးရာသီမှာ မျိုးစေ့ဘဏ်တည်ထောင်ဖို့ လုပ်သွားမှာပါ၊ စပါးမျိုးတွေအနေနဲ့ ဆင်းသုခ၊ မျိုးသန့်မျိုးပွားမျိုးစေ့ ဖြစ်ပါတယ်၊ စီးပွားဖြစ်ထုတ်လုပ်မှာပါ၊ စိုက်ပျိုးရေးအဖွဲ့အနေနဲ့ကတော့ (RSCS) လို့ ခေါ်ပါတယ်၊ ဒီဆင်းသုခစပါးမျိုးဟာ တောင်သူတွေ အများဆုံးစိုက်တဲ့မျိုးလို့ ပြောလို့ရတယ်၊ ပထမအချက်က အထွက်နှုန်းကောင်းတယ်၊ ပတ်ဝန်းကျင်နဲ့လည်း ဆီလျော်တယ်၊ ပိုးမွှားရောဂါဒဏ်ခံနိုင်တယ်၊ ဒါကြောင့်မို့ ဒီမျိုးစေ့ကို ဖြန့်ဖြူးရခြင်းဖြစ်ပါတယ်၊ ဒီ ပတ်ဝန်းကျင်မှာဆိုရင် တင်း၁၄၀-၁၅၀ ဝန်းကျင်ခန့် ထွက်ပါတယ်"ဟု ပြောကြားသည်။

မျိုးစေ့များ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးယဉ်ထွန်း၊ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်တို့က တောင်ငူခရိုင် မြို့နယ်များမှ တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့သည်။

**သူရ(တောင်ငူ)**

## ညောင်ရွှေပြည်သူ့ဆေးရုံ ဝင်းအတွင်း၌ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဆောက်အအုံဖွင့်လှစ်

**ညောင်ရွှေ မေ ၁၆**

သက်ကြီးရွယ်အို ဘိုးဘွားများ သက်သောင့်သက်သာဖြင့် ဆေးကုသမှုခံယူနိုင်ရန်၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန်၊ မကူးစက်နိုင်သော ရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချိုစသည့် ရောဂါဝေဒနာများကို ကာကွယ်ရန်နှင့် တတ်နိုင်သမျှ အခမဲ့ပြုစုကုသမှုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်ရေး အဆောက်အအုံကို ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မေ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်က သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်ရေး အဆောက်အအုံ ဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆေးရုံသို့လာရောက် စစ်ဆေးကုသမှုခံယူနေသည့် သက်ကြီးရွယ်အို ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါအဆောက်အအုံသည် ယခင်က ပြင်ပလူနာဆောင်နှင့် ခွဲစိတ်ဆောင်အဖြစ် အသုံးပြုခဲ့သည့် အဆောက်အအုံဖြစ်ပြီး ၁၉၁၅ ခုနှစ်က တည်ဆောက်ခဲ့သော နှစ်(၁၀၀) ကျော်သက်တမ်းရှိအဆောက်အအုံဖြစ်ကာ အဆောက်အအုံဟောင်းကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ပြုပြင်မွမ်းမံပြီး သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်ရေး အဆောက်အအုံအဖြစ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ မူခင်းပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ရေတာရှည် မေ ၁၆**

မြန်မာနိုင်ငံအတွင်း နေ့စဉ်ဖြစ်ပွားလျက်ရှိသော မူခင်းကြီးငယ်များ ကျဆင်းစေရန်နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့များက မူခင်းအသိပညာပေးယာဉ်များဖြင့် လှည့်လည်၍ဟောပြောလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မူခင်းအသိပညာပေးယာဉ်သည် မေ ၁၆ ရက်က ရေတာရှည်မြို့သို့ ရောက်ရှိလာပြီး ရန်ကုန်-မန္တလေး ကားလမ်းနှင့် ကရင်ချောင်း-လိပ်သို လမ်းဆုံနေရာများ၌ ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးက မူခင်းများကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေးကိုလည်းကောင်း၊ ခေတ်သစ် ကျေးကျွန်ပြုခြင်းလုပ်ငန်းဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တောင်ငူ)မှ ဒုရဲအုပ် ခွန်ကောင်းမြတ်ကလည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိစံကလည်းကောင်း ဟောပြောခဲ့သည်။ အဆိုပါ မူခင်းအသိပညာပေး ပြခန်းယာဉ်သည် ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များသို့ ဆက်လက်သွားရောက်၍ ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မိုင်းရယ်မြို့အတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ ဖူလုံစေမည့် နမ့်ယိုင်ရေလွှဲဆည်



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နားဖျိုင်းကျေးရွာအုပ်စု ကွန်ညောင်ရွာနှင့် မိုင်းရယ်မြို့ရှိ အမှတ်(၅၂၀)အမြောက်တပ်တို့မှ ဒေသခံပြည်သူများမှာ နွေရာသီတွင် သောက်သုံးရေ၊ စိုက်ပျိုးရေ မလုံလောက်ခြင်းကြောင့် နမ့်ယိုင်ချောင်းအတွင်း ကိုယ့်အားကိုယ်ကိုး လက်ရိုက်ဆည်များကို နှစ်စဉ် သစ်၊ မျော၊ ဝါးများဖြင့် ပြုလုပ်၍ သုံးစွဲနေကြရပြီး ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်လာသည့်အခါ ဒေသခံပြည်သူများမှာ စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အခက်အခဲများ ပို၍ကြုံတွေ့လာရသည်။

ထို့ကြောင့် ဒေသခံများ၏ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများ ပြေလည်စေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နမ့်ယိုင်ချောင်းကိုပိတ်၍ နမ့်ယိုင်ရေလွှဲဆည်ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မိုင်းရယ်မြို့နယ် နမ့်ယိုင်ရေလွှဲဆည်ကိုဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူကာ စက်ယန္တရားကြီးများ၊ လူအင်အားများဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နမ့်ယိုင်ရေလွှဲဆည် တည်ဆောက်ရာတွင် ဒေသခံပြည်သူများ ပြုလုပ်အသုံးပြုနေသော ကိုယ့်အားကိုယ်ကိုး လက်ရိုက်ဆည်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အလျား ၁၅၈ ပေ၊ အနံ ပေ ၁၉၀ ၊ အမြင့် ၆ ပေ ဒီဇိုင်းဖြင့် တည်ဆောက်ပေးခဲ့ကြောင်း၊ ရေထုစီးနှုန်း ၅၂၀၀ ကျူးဆက်ရှိကြောင်း၊ မိုင်းရယ်မြို့နယ် နားဖျိုင်းကျေးရွာအုပ်စု မန်ပိုင်ကွင်းနှင့် ကွန်ညောင်ကျေးရွာ ကွန်ညောင်ကွင်းတို့ရှိ လယ်မြေဧရိယာ ပေါင်း ၃၂၀ ဧကခန့်အတွက် နွေစပါး၊မိုးစပါးနှင့် ဆောင်းသီနှံများ ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေပေးဝေရန်အတွက် သာမက နယ်မြေခံတပ်အတွက် သောက်ရေသုံး ရေလုံလောက်စေရန် အမြန်ဆုံးနှင့် အကောင်းဆုံး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်ယိုင်ရေလွှဲဆည် တည်ဆောက်ပေးသဖြင့် ဒေသခံပြည်သူများ နှစ်စဉ် လက်ရိုက်ဆည် ဆောက်လုပ်ရမှုကြောင့် သစ်၊ မျော၊ ဝါးများ ပြုန်းတီးနေမှုကို ကာကွယ်နိုင်ခြင်း၊ စိုက်ပျိုးရေသာမက ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်ရေအတွက်ပါ ရေလုံလောက်စွာ ရရှိစေခြင်း၊ မိုးရာသီအတွင်း လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခြင်း ၊ ရာသီမရွေးသီးထပ် ၊ သီးညှပ် စိုက်ပျိုးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေ၍ ဒေသဝမ်းစာ ဖူလုံစေခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိခံစားစေခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာခြင်းစသည့် အကျိုးကျေးဇူးများကိုပါ ရရှိစေကြောင်းလည်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဆရာမကြီး ဒေါ်သန်းရွှေ (မြို့မ)
ကျောက်တန်း
အသက်(၈၃)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၆၃၅နေ (ဦးမောင်ခင်-ဒေါ်နှင်းမေ)တို့၏သမီး၊ (ဦးဘခင်-ဒေါ်လှရွှေ)တို့၏သမီးချွေးမ၊ ဆရာကြီး ဦးစိုးဝင်း(မြို့နယ်သတင်းထောက်)၏ဇနီး၊ ဦးမျိုးကြွယ်(ဦးစီးအရာရှိငြိမ်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-(ဒေါ်ခင်စန်းစန်း)၊ ဦးအောင်သန်း(ကမ္ဘာ့ရတနာဘဏ်၊ သုံးခွ)-ဒေါ်ခင်ဝင်းရွှေ(အထက-၁၊ သန်လျင်)၊ ဦးဌေးအောင် Project Manager (T.N-21 Company Ltd)-ဒေါ်နီလာအောင်(T.N-21မန္တလေးရုံး၊ ငွေစာရင်း)၊ (ဦးအောင်ကျော်စိုး)-ဒေါ်အေးအေးပြုံး၊ ဒေါ်မြင့်မြင့်မော်(ခေတ္တ-မလေးရှား)၊ ဦးဝင်းမော်(CB ဘဏ်)-ဒေါ်သစ်သစ်လွင်တို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၅-၂၀၁၈ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးမူ (မြိတ်)
အသင်းဝင်အမှတ်(၁၁၀၇)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် Hight Way Complex၊ ယုဇနလမ်း၊ တိုက် B၊အခန်း ၁၀၄နေ ဦးဝင်းဟို၏ဇနီးသည် ၁၆-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်ခင်ကြည်
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
စာရင်းစစ်ချုပ်ရုံး
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ် ၇၆၊ သုံးလွှာနေ ဦးသန့်ဇင်၏ဇနီး၊ ကိုအောင်ဖြိုးမောင် မောင်၏မိခင်သည် ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သိန်းမြင့် (ပဲခူး)
အသက်(၆၆)နှစ်

ပဲခူးမြို့၊ ညောင်ဝိုင်းရပ်ကွက်၊ ၁၆ လမ်း၊ အမှတ် ၄၉နေ (ဦးအိပ်ချိန်း-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဒေါ်ခင်မြင့်ကြီး၊ ဒေါ်ခင်ဝင်းရီတို့၏ညီမ၊ ဒေါ်ခင်ဝင်းချို၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်မိုးလှိုင်တို့၏အစ်မ၊ ဦးဇော်မင်းသူ၏အဒေါ်၊ မမြတ်နိုးသက်ပိုင်၊ မဆုမြတ်အိမ်စည်တို့၏အဘွားသည်၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) ည ၉း၂၀နာရီတွင် ဂရင်းဟဲသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့)တွင် အထက်ပါ ပဲခူးမြို့၊ ညောင်ဝိုင်းရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းဗိုဗိုဟိန်း ၁၀/ခဆန(နိုင်)၁၁၆၄၀၉ ၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မသဲပွင့်ဖြူ ၁၀/ခဆန(နိုင်)၁၃၀၅၃၂ ၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၅၃၆၅ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်နိုင် ၁၀/မလမ(နိုင်)၁၄၁၂၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဆရာမကြီး ဒေါ်သန်းရွှေ (မြို့မ)
ကျောက်တန်း
အသက်(၈၃)နှစ်

ကျောက်တန်းမြို့နယ် အသင်းနာယက ဆရာကြီး ဦးစိုးဝင်း၏ဇနီး ကျောက်တန်းမြို့နယ် အသင်းကန်တော့ခံ ဆရာမကြီး ဒေါ်သန်းရွှေသည် ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ကျောက်တန်းမြို့နယ်အသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

Max Myanmar Holding Co., Ltd. မှ ဦးမြတ်စံ(G.M)-ဒေါ်နီနီတို့၏မိခင်ကြီး ဒေါ်ခင်ပြုံးရီ အသက်(၉၁)နှစ်သည် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဝန်ထမ်းများ**
**Max Myanmar Holding Co.,Ltd.**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမူ(ခ)ဒေါ်မူ (မြိတ်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ Hiway Complex၊ တိုက် B၊ အခန်း ၁၀၄နေ ဦးဝင်းဟို၏ချစ်လှစွာသောဇနီး၊ မြိတ်မြို့နေ (ဦးစွမ်-ဒေါ်ဘုတ်)တို့၏သမီး၊ (ဦးရှိန်-ဒေါ်သိန်းရှီ)တို့၏သမီးချွေးမ၊ (ဦးကျင်တိတ်)-ဒေါ်ဟုန်ကြည်၊ ဦးအင်ပို-(ဒေါ်ရှင်ဝေ)၊ဦးပုကြည်-ဒေါ်သန်းနုတို့၏ညီမ၊ ဦးဝင်းမြင့်(Director, Yuzana Co.,Ltd.)-ဒေါ်ကြူကြူ၊ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (Founder, Grand Hantha International Hospital, Chairman, Yuzana Co.,Ltd.)-ဒေါ်အေးအေးမော်၊ (ဦးလေးမြင့်)-ဒေါ်ရတနာဟန်၊ ဦးကျင်တိုး (Director, Yuzana Co.,Ltd.)-ဒေါ်သန်းသန်းယု၊ ဦးစိုးဝင်း-ဒေါ်ယုရှင်တို့၏ အစ်မသည် ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမူ(ခ)ဒေါ်မူ (မြိတ်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ Hiway Complex၊ တိုက် B၊ အခန်း ၁၀၄နေ ဦးဝင်းဟို၏ချစ်လှစွာသောဇနီး၊ မြိတ်မြို့နေ (ဦးစွမ်-ဒေါ်ဘုတ်)တို့၏သမီး၊ (ဦးရှိန်-ဒေါ်သိန်းရှီ)တို့၏သမီးချွေးမ၊ ဒေါက်တာဖြိုးမြတ်ခိုင်(CEO, Grand Hantha International Hospital)၊ ကိုဆန်းလင်း(Business Development Manager, Telenor Myanmar Ltd.)၊ မနွယ်နီဖြိုးလှိုင်(General Manager, Yuzana Edible Oil Group)တို့၏ ချစ်လှစွာသောမိခင်သည် ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမူ(ခ)ဒေါ်မူ (မြိတ်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ Hiway Complex၊ တိုက်(B)၊ အခန်း ၁၀၄နေ ဦးဝင်းဟို၏ချစ်လှစွာသောဇနီး၊ Dr.ဖြိုးမြတ်ခိုင်(CEO, Grand Hantha International Hospital)၊ ကိုဆန်းလင်း(Business Development Manager,Telenor Myanmar Ltd.)၊မနွယ်နီဖြိုးလှိုင်(General Manager, Yuzana Edible Oil Group)တို့၏ ချစ်လှစွာသောမိခင်သည် ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board Of Director များနှင့် ကုမ္ပဏီဝန်ထမ်းမိသားစုများ**
**Yuzana Group**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြဟန်
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၃နေ (ဦးထွန်းညွှန့်)၏ဇနီး၊ (ဦးသောင်း)-ဒေါ်ခင်မြဝင်း၊ (ဦးသောင်းညွှန့်)-ဒေါ်သန်းသန်းမြင့်ဦး၊ ဦးခင်ညွှန့်-ဒေါ်လှလှဌေး၊ ဦးသိန်းအောင်-ဒေါ်ခင်အေးအေးဝင်း၊ ဦးစိုးပိုင်အောင်-ဒေါ်ကြည်ကြည်ထွေးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၂ယောက်၊ တီ တစ်ယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့)ည ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅- ၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယိကာမကြီး
## ဒေါ်တင်စိန် (ဒေးဒရဲ)
41-43 (B-ရုံ) တော်ဝင်စိန်၊ စိန်ရတနာအထည်ဆိုင်၊ သိမ်ကြီးဈေး
အသက်(၈၈)နှစ်

သူငယ်ချင်း ဦးအောင်မင်းခိုင်(Managing Director-Yangon Airways Ltd)-ဒေါက်တာဒေါ်မြတ်သက်တို့၏မိခင် ဒေါ်တင်စိန်(ဒေးဒရဲ) အသက်(၈၈)နှစ်သည် ၁၅-၅-၂၀၁၈ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စိတ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)**
**မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဒေါ်ရင်မေ(ခ)မတွတ်နီ (ဟင်္သာတ)
အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း(၂၀)၊ အမှတ် ၄၂၄/ခနေ (ဦးကြိုင်-ဒေါ်ညွှန့်)တို့၏သမီး၊ [ဦးလှမြင့် (ကစလ-ငြိမ်း)]၏ဇနီး၊ ဦးကျော်ဇောအောင်-ဒေါ်အေးအေးခိုင်(အထက-၃၊တ/ဥက္ကလာ)၊ ဦးစန်းအောင်-ဒေါ်ရင်ရင်မြတို့၏မိခင်၊ မောင်ကျော်ဇင်လင်း BE (Civil) (Maxi Triumph Co., Ltd.)၊ မောင်ကျော်စိုးဟန်၊ မမဟေသီခင်တို့၏အဘွားသည် ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက် နံနက် ၆နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်အန်ထော်နီမာ
အသက်(၆၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဆရာစံရပ်ကွက်၊ အနောက်မဟာဗောဂလမ်း၊ အမှတ် ၃နေ (ဆွာရီမူတူး ဦးမောင်လှ-ဒေါ်ထရေစမွားလ်)တို့၏သမီး၊ ဦးမာရီယရှိ့ချ်-ဒေါ်စန္ဒီမာ(ဘီးလင်း)၊ (ဒေါ်ရှိ့စ်မေရီ)-ဦးရာဂျူး(သန်လျင်)၊ ဘုန်းတော်ကြီး ဖာသာရ်ဆူးဆေး(မော်လမြိုင်)၊ (ဆရာ ဦးမောင်မောင်လွင်)-ဒေါ်အေးမိုးလှိုင်(ဘီးလင်း)တို့၏ညီမ၊ ဘုန်းတော်ကြီး ဖာသာရ်ဂျိုးဇက်မောင်ဝင်း(စိန်မေရီကာသီဒြယ်-ရန်ကုန်)၊ ဒေါက်တာဦးကျော်-ဒေါ်စန်းမြင့်ကြည် (တိုက်ကြီး)၊ ဒေါက်တာဒေါ်လှမြင့်(MLA-ရန်ကုန်)၊ ဆရာမဒေါ်ဌေးမြင့်-ဦးမောင်မောင် (ဘီးလင်း)၊ ဒေါက်တာဒေါ်ရီရီတင် (ဆေးဝါးတက္ကသိုလ်၊ မြောက်ဥက္ကလာပ)၊ ဒေါ်မေရီ(စာရင်းစစ်ဦးစီးဌာန၊ နေပြည်တော်)၊ ဆရာဦးနေထွန်း(ဘီးလင်း)၊ ဒေါ်မိုးမိုး-ဝ္ဂျန်ဘော်စကို(ဘီးလင်း)တို့၏အစ်မ၊ တူ/တူမ ၂၀တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၈ရက် ညနေ ၆း၂၀နာရီတွင် ဘီးလင်းမြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ဘီးလင်းမြို့ စိန့်ထရေးဇားကက်သလစ်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဘီးလင်းမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမောင်(ခ)ဦးဖိုးထောင် (မိုးကုတ်)
အသက်(၆၈)နှစ်

မန္တလေးမြို့၊ အမှတ် ၂၂၊ စီလမ်း၊ ပုလဲငွေရောင်ရပ်နေ (ဦးအောင်မြ-ဒေါ်ချို)တို့၏သား၊ (ဦးအောင်မြင့်)-ဒေါ်ညွှန့်ရီတို့၏သမက်၊ ဒေါ်တူးမာ၏ချစ်လှစွာသောခင်ပွန်း၊ ကိုမောင်မောင်လွင်-မခင်မိုးအေး၊ မသူဇာ၊ ကိုကျော်သောင်း-မအေးသီတာဝင်း၊ မဇာခြည်ဝင်း၊ ကိုအောင်အောင်-မသီရိ၊ မောင်နောင်နောင်၊ မောင်ဘိုဘိုတို့၏ဖခင်သည် ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ (ခ/၃၆၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မြတ်မီမီအောင်
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ မြေနီကုန်းဈေးလမ်း၊ အမှတ် ၁၃ (ငါးလွှာ) (A)နေ ဦးတင်အောင်-ဒေါ်ဝင်းမြင့်တို့၏ ချစ်လှစွာသောသမီးကြီး၊ မကွေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အမှတ် ၈၅/၈၇၊ ၁၁လမ်းနေ (ဦးစံမောင်)-ဒေါ်ကျင်စိန်တို့၏သမီးချွေးမ၊ အမှတ် ၂၂-B၊ ရတနာမွန် ၃လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးဝင်းကို(ဝင်းစံပြပွဲရုံ)၏ ချစ်လှစွာသောဇနီး၊ မောင်ခန့်ဝင်းသူ၊မောင်ပြည့်ဘုန်းမြတ်တို့၏ချစ်လှစွာသောမိခင်၊ ဦးမြင့်ကို၊ ဦးစောလှထွန်း-ဒေါ်ဆွေဆွေဝင်းတို့၏ချစ်လှစွာသောညီမ၊ ဦးသန့်ဇင်အောင်-ဒေါ်အေးစုယဉ်၊ ဦးဇော်သိန်းထိုက်-ဒေါ်မြတ်သန္တာအောင်တို့၏ ချစ်လှစွာသောအစ်မသည် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရတနာမွန်(၃)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညိန္ဒာဘိဝံသ
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ၊ စေတီယင်္ဂဏဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာဌာနချုပ်ကြီး၏ မဟာနာယက၊ ဝေဠုနိဝန်ကာယဂိုဏ်းကြီး၏ မဟာနာယက ဘဒ္ဒန္တပညိန္ဒာဘိဝံသသည် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၂ရက်) ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနသဘင်ကို (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၈ရက်) ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် စံကျောင်းတော်ချ၍ မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။

စျာပနကော်မတီအဖွဲ့
လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာကျောင်း
မြန်အောင်မြို့

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးတေဇနိယ(ခ)ဦးတင်ရီ
တွံတေး-တက်သစ်
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၂၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ် ၄၂နေ (ဦးအောင်ဖြိုး-ဒေါ်ကျင်မေ)တို့၏သား၊ ဒေါ်မြမူ၏ခင်ပွန်း၊ ဦးအောင်အောင်၊ ဦးညီညီဟန်-ဒေါ်အိအိမိုး၊ ဦးဝင်းမင်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လှိုင်သာယာမြို့နယ်)-မမော်(ခ)ဒေါ်ခင်မော်မြင့်၊ ဒေါ်ဝေဝေသွင်တို့၏ဖခင်၊ မောင်ဟိန်းမင်းဒွေး(ခ)မောင်သီလ၊မယမင်းအိ၊မောင်ကိုဇေယျတို့၏အဘိုး ဦးတေဇနိယ(ခ)ဦးတင်ရီသည် ၁၆-၅-၂၀၁၈ရက်(နယုန်လဆန်း ၂ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း(ခ)ဦးတာကြီး (သာယာဝတီ)
ရုံးအုပ်စာရေးကြီး၊ တရားရေးဌာန(ငြိမ်း)
အသက်(၈၅)နှစ်

သာယာဝတီမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅)နေ (ဦးသိမ်းမောင်-ဒေါ်လေးရှင်)တို့၏သား၊ (ဦးမောင်မှင်-ဒေါ်ပန်းသင်)တို့၏သားသမက်၊ (ဦးမျိုးသန့်)-ဒေါ်ခင်ဝင်းဝင်း၊ (ဦးထင်ကျော်)-ဒေါ်သန်းသန်းဝင်းတို့၏အစ်ကို၊ ဒေါ်လှဟန်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာနေဝင်းနိုင်)-ဒေါ်သန်းသန်းနွယ်၊ ဒေါ်မြမြခင်တို့၏ဖခင်၊ ဦးနိုင်သောင်းထိုက်(VUC)၊ ဒေါ်ဆွေနွယ်လတ်(VUC)၊ ဒေါ်မျိုးမျိုးသက်၊ ဦးမျိုးသွင်၊ ဦးသူနိုင်(VUC)၊ မအိအိသိန်း၊ မဝတီတာတို့၏အဘိုး၊ မြစ် ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၅-၅-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်အုန်း (မင်းပြား)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၈လမ်း(အထက်)၊ အမှတ် ၁၇၁/၁၈၁၊ အခန်း ၃၃ (တတိယထပ်)နှင့် ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈လမ်း(လယ်)၊ အမှတ် ၁၈၁(မြေညီ)ထပ်နေ (ဦးလှကျော်-ဒေါ်ဝင်းခင်)တို့၏သမီး၊ ဦးမျိုးလှ-(ဒေါ်သီတာလှိုင်)၊ဦးမျိုးနောင်-ဒေါ်အိအိခိုင်၊ ဒေါ်တင်တင်စု(အထက-၄၊ မင်္ဂလာတောင်ညွှန့်)၊ ဦးမျိုးထွန်း၊ ဒေါ်တင်တင်ဝင်း၊ ကိုမျိုးအောင်၊ ကိုမျိုးနိုင်-မအေးအေးမိုး(ခေတ္တ-USA)၊ ကိုမျိုးကျော်(ခေတ္တ-Japan)တို့၏အစ်မ၊ မောင်မျိုးမင်းတာ-မဆုစန္ဒာမောင်(ရွှေလမ်းညွှန်အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးသွားပို့ဆောင်)၊ မခိုင်မျိုးတာ၊ မပုံ့၊ မောင်သက်နောင်၊ မမေဘယ်လ်မိုးနိုင်တို့၏အဒေါ်၊ မောင်ဝေယံမျိုးမင်း၊ မောင်နန္ဒမျိုးမင်းတို့၏ဘွားဘွားကြီးသည် ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၄၀နာရီတွင် ၂၈လမ်း(အထက်)နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (၂၈လမ်း-အထက် နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ယဉ်မြတ်ဖြူ၏ဖခင် ဦးစောမြတ်သန်းဝင်း(ခ) ဦးပူသူးသည် ၈-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ ကြေကွဲရပါသည်။

**အိခင်ခင်၊ ခင်သင်းနွယ်၊ သင်းရနံ့ဖြူ၊ ခင်ဖုန်းဆက်ဆက်**

---

## ဦးကျော်ဇောထွန်း အသက်(၅၇)နှစ်
**B.Sc (Geology-83), M.A (German/UFL)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၄၄(သုံးလွှာ)နေ(ဦးစန်းထွန်း)-ဒေါ်သန်းသန်းလှတို့၏သား၊ (ဦးခင်မောင်မြင့်-ဒေါက်တာဒေါ်သိန်းဟန်)တို့၏သားသမက်၊ ဒေါ်ချယ်ရီမြင့်(မျက်ကပ်မှန်)၏ခင်ပွန်း၊ မောင်ဝေယံထွန်း(အလုပ်သင်ဆရာဝန်၊ သွား/ဆေး)၏ဖခင်၊ ဒေါ်ဇော်ပြီ အေးအေးမြင့် (လ/ထ စက်ရုံးမှူး၊ BPI)၏မောင်၊ ဦးအောင်သိန်းထွန်း (TA Resources Myanmar)-ဒေါ်စန္ဒာလေးကို(MFTB)၊ ဦးသူရထွန်း-ဒေါ်လင်းလင်းတို့၏အစ်ကို၊ မယွန်းဝတီအောင်(အထက-၂၊ ကမာရွတ်)၊ မောင်သူရလင်းထွန်း(အမက-၆၊ ကျောက်တံတား)၊ မောင်သူရမင်းထွန်းတို့၏ဘကြီးသည် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သိမ်းဆည်းခံမြေယာများ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

# တောင်သူ ၅၂၈ ဦးထံ စိုက်ပျိုးမြေ ၄၉၃၂ ဧက လွှဲပြောင်းပေးအပ်နိုင်ခဲ့

**ကလေး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သိမ်းဆည်းခံမြေယာများ မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး တောင်သူ ၅၂၈ ဦးထံ စိုက်ပျိုးမြေဧက ၄၉၃၂ ဧက လွှဲပြောင်းပေးအပ်နိုင်ခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒုတိယအများဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားရာတွင် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊

*စာမျက်နှာ ၅ ကော်လံ ၁* ❄



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန့်ဘလူမြို့၌ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
သတင်းစဉ်

# ရန်ကုန်အသင်း အနိုင်ရသော်လည်း ဗိုလ်လုပွဲနှင့်လွဲချော်



ရန်ကုန်အသင်းမှ ကြည်လင်း၏ ထိုးဖောက်မှုကို ဆီရက်စ်နောက်ခံလူ ဖျက်ထုတ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မေ ၁၆**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် အိမ်ကွင်း၌ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ပထမအကျော့ အဝေးကွင်းပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးထားသောကြောင့် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် အရေးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ ယခုပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး အဝါ၊ အနီကတ်များဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ လူငယ်နည်းပြ

*စာမျက်နှာ ၁၂ ကော်လံ ၃* ❐



မြန်မာအသင်းနှင့် လိဒ်ယူနိုက်တက်အသင်း ခြေစမ်းပွဲကစားစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာနှင့် တရုတ် လက်ရွေးစင်အသင်းများ မေ ၂၆ ရက်တွင် ခြေစမ်းမည်

**ရန်ကုန် မေ ၁၆**

မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းတို့ မေ ၂၆ ရက်တွင် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် တရုတ်ဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၅* ●

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)
ယခုနှစ်မှ စ၍ နှစ်ဆတိုး ပညာရေးမြှင့်တင်ချက် အထူးအစီအစဉ်
ကျောင်းသားရော မိဘပါ အလွန် နှစ်ခြိုက် အားတက်နေကြသည်။
ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
■ နံနက် ၇း၃၀ နာရီ မှ ၁၂း၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂း၁၅ မှ ၁း၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁း၀၀ နာရီ မှ ၅း၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ(၆)ဦးနှင့် GUIDE အချိန်။
■ ညနေ ၆း၀၀ နာရီ မှ ၇း၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး၊ တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈း၃၀ မှ ၁၀း၃၀ နာရီအထိ စာ အရကျက်ချိန်။
(၃.၅.၁၈) မှ စတင်၍ အရှိန်အဟုန်နှင့် စတင်နေပြီဖြစ်ကြောင်း လက်တွေ့ လာရောက် လေ့လာပြီးမှ အပ်နှံပါ။
ပညာရေး အဆင့်မြင့် ခန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ဝေဇယန္တာလမ်းမကြီး၊ ဓာတ်ဆီတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final) ကိုယ်တိုင် ကြီးကြပ်သည်။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာ နေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ဂုဏ်ထူးများရှုံ၊ ရမှတ်များရှုံသာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
ဇွန် (၁) ရက်နေ့ တန်းခွဲသစ် တစ်ခွဲ ထပ်ဖွင့်မည်။